
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး (ဆေးတက္ကသိုလ်)

## ပုံပြင်တစ်ပုဒ်ရဲ့သက်သေ

စာမူခွင့်ပြုချက်အမှတ် - ၇၉၇/၂၀၀၃ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၉၆/၂၀၀၃ (၁၃)

၂၀၀၄ ခုနှစ်၊ ဇန္နဝါရီလ၊
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာတော့ရွာ၊ ပုလဲမြို့(၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၇) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ ပျောက်ပျက်မသွားအောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







(နိဒါန်း)

မွေးရာပါ ပါရမီ ခေါ်မလား ...။ ဗီဇခေါ်မလား၊ တချို့ တချို့သော လူတွေ ခေါ်တွင်အမည်တပ်ကြသလို့ အတိတ်ဘဝကံရဲ့ ပဋ္ဌာန်းဆက်ကြောင့် ဆိုရမလား။

ဘယ်ရယ်လို့ မယ်မယ်ရရ မသိနိုင်စွာပင် သူမ၌ သမားရိုးကျ မရှိသော ပညာရပ်တစ်ခုကို ပိုင်ဆိုင်လာပါသည်။

အသက် ရှစ်နှစ် ကိုးနှစ် အရွယ်ကတည်းက တစ်ခုခု ကောင်းခြင်း၊ ဆိုးခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့ရတော့မည်ဆိုလျှင် စိတ်တစ်နေရာရာက အလိုလို အချက်ပေးလိုက်သလိုလို၊ သတိပေးနေသလိုလို ခံစားလာရပြီး လူကြီးမိဘတွေကို ထုတ်ပြောတတ် ...။



www.burmeseclassic.com

www.burmeseclassic.com



အခါများစွာတိုင်းမှာ သူမ ကြိုတင်ပြောထားသလို လိုလိုဟာ ဖြစ်ပျက်ကြုံတွေ့ရတတ်။

အဲဒီလို တိုက်ဆိုင်မှုများစွာ ...။ သူမကိုယ်ကိုယ်တိုင် အတွက်ဖြစ်စေ ...။ သူမနှင့် သက်ဆိုင်သော မိဘအသိုင်းအဝိုင်း မိသားစုအတွက် ဖြစ်စေပေါ့ ...။

ကြိမ်ဖန်များစွာ ဖြတ်သန်းလာဖန်များသောအခါ သူမ ဆိုသော မိန်းကလေးတစ်ယောက်ရဲ့ မွေးရာပါ ပညာရပ် (သို့မဟုတ်)စိတ်စွမ်းအင် ပညာရပ်ကို သူမနဲ့ ပတ်သက်သော အသိုင်းအဝိုင်းကြား၌ ပြောစမှတ် ပြုလာသည်။

သူမတွင် တစ်မူထူးခြားသော ပညာတစ်ခုကို အင် လို ပိုင်ဆိုင်နေသည်ဟု အားလုံးက သိမြင်သတ်မှတ်စ ပြုလာသည်။

အရွယ်ရောက်စ ဆယ်လေးငါးနှစ်အရွယ် မိန်းက လေး တစ်ယောက် အရွယ်မှာကျတော့ သာမန်မိန်းကလေးတွေ ကဲ့သို့ အလှအပနှင့် အဝတ်အစားမင်ခြင်း ...။ အပေါင်းအသင်း မင်ခြင်းလည်း သိပ်မရှိလှ။

အထူးသဖြင့် သာမန်မိန်းမငယ်လေးတွေက မဂ္ဂဇင်း ဝတ္ထုဖတ်ကြတာမျိုး ... ဝါသနာပါကြတာ များပေမဲ့ သူမကျတော့ စာအုပ်ဖတ်ခြင်းမှာတော့ ဝါသနာကြီးပါရဲ့။





သို့သော် ...။

သူမဖတ်သော စာအုပ်အမျိုးအစားတွေကား တိပိဋက အောင် ဆရာတော်ကြီးများ ရေးသားသော စာများ ...။

ဘုရားဟော တရားတော်များကို ရေးသားပြုစုသော စာအုပ်များ၊ ကျမ်းများ။

ဗေဒင် လက္ခဏာနှင့် ပတ်သက်သော စာအုပ်များ။ ကျမ်းများ။

စိတ်နယ်လွန် ဖြစ်ရပ်များကိုသာ ရေးသားပြုစုသော စာအုပ်များ။

စသဖြင့် တို့ကိုသာ ရွေးချယ်ရှာဖွေ ဖတ်ရှုတတ် လာသော မိန်းကလေးတစ်ယောက် ဖြစ်လာသည်။

သူမ၏ တစ်နေ့တာ အချိန်များတွင် တရားထိုင်၊ ပုတီးစိပ်၊ ကျောင်းသွား၊ ကျောင်းစာနှင့် ပတ်သက်သော သင်ခန်း စာ လုပ်စရာရှိတာလုပ်။

ပြီးလျှင် အဲဒီလို စာအုပ်ကြီးတွေကြားမှာ စားဖို့ အိပ်ဖို့ပင် မေ့လျော့တဲ့အထိ အချိန်ဖြုန်းနေတတ်သူတဲ့သည်။

ထိုသို့ စာအုပ်ထူကြီးတွေ ဖတ်နေသော အချိန်များ ခြင်းကြောင့်ထင့်။ သူမ အသက်ဆယ့်ရှစ်နှစ်ရောက်တော့ ဒီဂရီ ပါသော စာကြည့်မျက်မှန်ကလေးကို တပ်ထားနေရလေပြီ။

www.burmeseclassic.com



"ဆယ်တန်းအောင်ပြီးရင် ကျောင်းကို အချိန်ပြည့် မတက်တော့ဘူး။ အဝေးသင်ပဲ တက်တော့မယ်လို့ ဆုံးဖြတ်ထားတယ်"

ဟု ဆယ်တန်းဖြေပြီးစဉ်မှာ အိမ်က မိဘတွေကို အသိပေးလေသည်။

"ဘာဖြစ်လို့လဲ သမီးရဲ့။ တက္ကသိုလ်တက်ရတဲ့ အရသာဟာ ဘာနဲ့မှ မလဲနိုင်ဘူး။ တက်လိုက်ပါကွယ် ... သမီးမှာ ဘာမှ လုပ်စရာမှလဲ မရှိတာ"

"မဟုတ်ဘူး မေမေ ... ခင့်မှာ လုပ်စရာရှိတယ် ... ခင် အချိန်ပြည့်နီးပါး သင်ရမဲ့ ပညာတစ်ခုကို ခင် သွားသင်ရဖို့ရှိတယ် ... ဒါကြောင့်"

"ဟဲ့ ... ခင်ခင် ... ဘာပညာလဲ"

"ခင် ဗေဒင်လက္ခဏာပညာကို သင်ဖို့ ဆရာမကြီး တစ်ယောက်နဲ့ တွေ့ပြီးပြီ"

"သမီးရယ် ... ဘယ်က ဘယ်လို တွေ့လာရတာလဲ"

"သိလရှင် ဆရာမကြီးပါ ... တစ်နေ့တုန်းက ခင် စာမေးပွဲမဖြေခင် တစ်ရက်ပေါ့ ... ရွှေတိဂုံဘုရားတက်ပြီး မွေးနံထောင့်မှာ တရားသွားထိုင်တာ ...





ခင့်ဘေးမှာ အဲဒီသီလရှင်ကြီးကလည်း လာထိုင်ရင်း ပုတီးစိပ်တယ် ... ခင် တရားထိုင်လို့ ပြီးသွားတဲ့အချိန်မှာ ဆရာမကြီးကပါ ပုတီးစိပ်ပြီးသွားတယ် ...

ခင်က သဒ္ဓါပေါက်တာနဲ့ ဝတ္ထုတွေကပ်ရင်း ကန်တော့လိုက်တော့ ... အဲဒီသီလရှင်ကြီးက ခင့်ကို သေသေချာချာ စိုက်ကြည့်ရင်းပေါ့ ... တကာမလေး လက်ဖဝါးကို ခဏကြည့်ခွင့် ပေးမလားလို့ မေးလာတယ် ... ခင်လည်း လက်ဖဝါးနှစ်ဖက်လုံး ဖြန့်ပြလိုက်မိတယ် ...

အဲဒါ ... သီလရှင်ကြီးက တစ်ချက်ပဲကြည့်ပြီး ... ခင့်ကို ပြောတယ် ...

မွေးရာပါ စိတ်တန်ခိုး တော်တော်အားကောင်းတဲ့ မိန်းကလေးပဲတဲ့ ... ပြီးတော့ ... သူနဲ့ခင်က ပဋ္ဌာန်းဆက်ပါတယ်တဲ့ ...။ အကယ်၍ ခင်သာ စိတ်ဝင်စားမယ်ဆိုရင် သူ့ဆီ ဗေဒင်လက္ခဏာပညာကို သုံးနှစ်သုံးမိုး အချိန်ပြည့်နီးပါး တပည့်ခံခဲ့ရင် ခင်ဟာ အဲဒီပညာရပ်မှာ သိပ်ကို ထူးချွန်ပေါက်မြောက်လိမ့်မယ်လို့ ဟောတယ် ဖေဖေနဲ့ မေမေ ...

ခင် အချိန်မဆိုင်းမိဘူး ... ချက်ချင်းပဲ ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်မိတယ် ... ဖေဖေနဲ့မေမေကိုလည်း ခွင့်မတောင်းမိဘဲ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်လိုက်မိပါတယ် ...

အဲဒါ ... ခင် အဲဒီကတိတစ်ခုကြောင့်ပေါ့ ... အထူးသဖြင့် ခင်ကိုယ်တိုင်လည်း ဝါသနာပါလို့ပေါ့ ... ဒီပညာရပ်ကို သင်ဖို့ တက္ကသိုလ်ကို သွားတက်မနေတော့ဘူးလို့ ပြောပြတာပါ”

ခင်ခင်၏ မိဘမောင်နှမ သားချင်းများကား ... ဤမိန်းကလေး၏ ထူးခြားမှုကို သိပြီးနှင့်ခဲ့ပြီဖြစ်ရာ ဒီအကြောင်းအရာကို မည်သူကမှလည်း သဘောတူသည်လည်း မဟုတ် ကန့်ကွက်သည်လည်း မဟုတ်။

ခင်ခင် ပညာသွားသင်သော သီလရှင်ဆရာမကြီးသီတင်းသုံးရာ ကျောင်းတိုက်နေရာ၊ စသည်တွေကိုလည်း အစီအကျ လိုက်လံကြည့်ရှု စုံစမ်းထားကြပြီးသောအခါ ခင်ခင်ဆိုသော မိန်းကလေးဟာ နေ့စဉ်နဲ့အမျှ အဲဒီသီလရှင်ကျောင်းကို သွားသွားနေခြင်း အကြောင်းအရာကို သူတို့အားလုံး စိတ်ချယုံကြည်ထားကြလေပြီ။

အမည်နာမ ရိုးရိုးကလေးဖြစ်သော ခင်ခင် ဟူသည့် ရှေးကျကျ အမည်ကို ပိုင်ဆိုင်သော ထိုမိန်းကလေးသည် အသား





ညိုဝင်းဝင်းမှာ ကျောလယ်မရောက်တရောက် ဆံပင်ပျော့ မထူမပါး အရှေ့အနောက် တစ်ညီတည်းကို အမြဲတစေ ခပ်ရိုးရိုးဆံညှပ်ကလစ်တစ်ခု ညှပ်ရင်ညှပ်၊ မညှပ်ရင် ဘီးကြော့ပတ်ပတ်လိုပတ်။ မြန်မာအင်္ကျီရင်ဖုံး၊ ရင်ဖုံ လက်ရှည်တွေကိုသာ အဝတ်များလျက် ထဘီဆိုလည်း မည်သည့်အခါမှ ခြေမျက်စိပေါ်သည်မရှိ ဝတ်ကာ၊ ဝတ်သော အဝတ်အစားတို့၏ အရောင်အဆင်းမှာ ဘယ်တော့မှ တောက်ပသည်မရှိ။

မျက်နှာပြင်တွင် သနပ်ခါးရေကျဲသာ တင်တာများလျက် ... အမြဲတစေ စာအုပ်တစ်အုပ် ဖတ်ရင်း လောကကြီးကို မေ့နေတတ်ပြန်သေးသည်။


ခင်ခင် အသက်နှစ်ဆယ့်သုံးနှစ် ကျော်သောအခါ ဟိုလူပြော ဒီလူပြောနဲ့ လူပြောများလာကာ မရည်ရွယ်ထားပါပဲနှင့် အိမ်မှာပင် ဗေဒင်ဟောခန်း ဖွင့်ရသူတစ်ဦး ဖြစ်မှန်းမသိ ဖြစ်လာခဲ့တော့သည်တည်း ...။



www.burmeseclassic.com


www.burmeseclassic.com












# အပိုင်း(၁)



www.burmeseclassic.com

www.burmeseclassic.com









## ၁

ခင်ခင်၏ အိပ်ရာထချိန်သည် အမြဲတစေပင် နံနက်လေးနာရီခွဲ ဖြစ်လေသည်။

နေ့စဉ် ဘုရားအမှူးထားသော သံဃာတော်များကို အရက်ဆွမ်းကပ်လှူရှိရာ ခင်ခင်သည် နိုးနိုးချင်း ဆန်ချင်ခွက်နဲ့ ချင်ထည့်ပြီး ထမင်းပေါင်းအိုးထဲ ရေဖြည့်၊ ထမင်းအိုးခလုတ်ဖွင့်။

ပြီးတာနဲ့ ရေနွေးအိုးထဲ ရေဖြည့် ... ရေနွေးအိုးတည်ရှိန် ခလုတ်ဖွင့် ...။

အဲဒါတွေ လုပ်ထားခဲ့ပြီးလျှင် ခင်ခင် ကိုယ်လက်သန့်စင်ရင်း ရေပါ တစ်ခါတည်း ချိုးလေသည်။ မှုသောရာသီဖြစ်ဖြစ်၊ အေးသောရာသီဖြစ်ဖြစ် ခင်ခင်က မနက်အစောကြီး ရေချိုးကျင့်ရှိနေသူပင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သနပ်ခါးရေကျဲကို မပြစ်စလောက်သွေးကာ သင့်တော်ရုံ ပွတ်လိုက်သည်။ ဆံပင်ရှင်းပြီးလျှင် သပ်ရပ်စွာ ပင် ဘီးတစ်ချောင်း ထိုးထည့်ပြီး ဘီးကြော့ပတ် ပတ်လိုက်သည်။

ဝတ်နေကျ အဝတ်အစားတွေထဲက သင့်တော်ရာ ယူဝတ်လိုက်ရုံဖြင့် ခင်ခင်၏ ရေမိုးချိုး အဝတ်လဲခြင်း ကိစ္စက ပြီးလေသည်။

ထိုအချိန်တွင် ထမင်းအိုးလည်း ကျက်နေပြီဖြစ်ရာ ခင်ခင်က အသီးအနှံများ ယိုမျိုးစုံများ စသည်တို့ကို ပြင်ဆင် ... ရေနွေးလည်း ဆူပြီဖြစ်ရာ ကော်ဖီတစ်ချိုင့်ဖျော် ဆွမ်းတော်ပွဲများ ပြင်ဆင်၊ ကော်ဖီခွက်ယော်များ ပြင်ဆင်ပြီးလျှင် ခင်ခင်ဟာ ဆွမ်းတော်ဗန်း အကြီးကြီးဖြင့် အရုဏ်ဆွမ်း ကပ်လေပြီ။

ခင်ခင်သည် မနက်အစောကြီးမှာတော့ ဘုရားရှိခိုး၊ တရားထိုင်၊ ပုတီးစိပ် မေတ္တာပို့၊ အမျှဝေခြင်းတို့ကို နစ်နာရီကြာမျှ အချိန်ပေးပါသည်။

နေ့လယ်နေ့ခင်းတွေမှာတော့ အနည်းဆုံး နာရီဝက်တော့ ရအောင် တရားထိုင်ရပါသည်။

ကိုယ်က ဒီအလုပ်ကို မရည်ရွယ်ပါဘဲ လုပ်လိုက်ရပြီးမှ ကိုယ့်ကို အားကိုးတကြီး လာရောက်မေးမြန်းကြသော လူ





ချိုလိတ်တို့ကို အနီးစပ်ဆုံး မှန်ကန်အောင် ဟောပြောနိုင်ဖို့က အဓိကမှာ စိတ်တည်ငြိမ်မှုရှိကာ စိတ်စွမ်းအင်အားကြီးမှလည်း ဖြစ်မည်။

ထို့ကြောင့် စိတ်တည်ငြိမ်မှုရအောင် အခုဆို အချိန်လျှင် ရသလို တရားထိုင်ပေးနေရသေးသည်။

မနက်ကိုးနာရီမှ အလုပ်ကိုစမည် ဆိုပေမဲ့ ဖေဖေ၊ အမေတို့ရဲ့ အိမ်ခြံဝန်း မကျဉ်းမကျယ်လေးထဲမှာတော့ ဗေဒင်လာနေကြမဲ့ ကားတွေက စောစောစီးစီး ရောက်နှင့်နေကြတာများသည်။

အစကတော့ အလှည့်နဲ့ ဟောပေမဲ့ နောက်ပိုင်း သိပ်များလာတော့ ခင်ခင် အတော်ကြီးကို ပင်ပန်းလာလျှင် အမေနဲ့ မေမေကပင် ...

"ဒီလိုကြီး ... ဟိုလူ့အားနာ ဒီလူ့အားနာနဲ့ ဟောပေးနေလို့ ဘယ်ဖြစ်မလဲ။ ကိုယ်က စီးပွားဖြစ် လုပ်တာလည်း မဟုတ်ဘူး ...

ကိုယ့်ရဲ့ ပါရမီအခံက ပါလာလို့ ဒီလို ဖြစ်လာတာ။ သမီး ရည်ရွယ်ချက်ကလည်း ဗေဒင်ဟောလို့ ရလာတဲ့ငွေကို သုံးပုံ ပုံမယ် ... တစ်ပုံကို မိဘအတွက် ကျွေးမွေးပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ပေးမယ် ... တစ်ပုံကို ဘုရားတည်မယ် သာသနာ ပြုမယ်၊ ကျန်တဲ့တစ်ပုံကို မရှိဆင်းရဲတဲ့လူကိုလှူဒါန်းမယ်လို့ ရည်ရွယ်ထားတာပဲ ...

ဒီတော့ ကိုယ်တတ်နိုင်သလောက်ပဲ အလုပ်လုပ် ပါ ...

တစ်နေ့ကို လူဘယ်နှယောက်ပဲ လက်ခံမယ်ဆို သတ်မှတ်ထားလိုက် အဲဒီလူအရေအတွက်ကျော်ရင် ... မယောနဲ့တော့ လက်မခံနဲ့တော့ပေါ့ ဒီကိစ္စကို သမီး ... စဉ်နဲ့ ဖေဖေနဲ့ မေမေပဲ ကြည့်စီစဉ်လိုက်မယ်”

ခင်ခင်၏ မိဘမောင်နှမတွေရဲ့ ဆုံးဖြတ်တိုင်ပင် နဲ့ပင် ခင်ခင်၏ ဗေဒင်ခန်း၌ နံပါတ်ယူ၊ တိုကင်ပေးသောစနစ် ဖြစ်လာသည်။

တစ်နေ့ကို လူအစိတ်သာ လက်ခံမည်။ တစ်ဦး ဆယ့်ငါးမိနစ်ထက် မပိုဟူသော သတ်မှတ်ချက်တွေ ထား သည်။

တစ်ပတ်တွင် ဥပုသ်နေ့ တစ်ရက်သည် ခင်ခင် နားရက်ဖြစ်လာသည်။ ထိုနေ့ကို ခင်ခင်၏ ဗေဒင်ခန်းပိတ်ရ အဖြစ် သတ်မှတ်လေသည်။





ခင်ခင်သည် ထိုနားရက်လိုမျိုးမှာ သူကိုယ်တိုင် ကားကလေးမောင်းကာ ရွှေတိဂုံဘုရား သွားသည်။

ဘုရားစောင်းတန်းက ဆိုင်တွေမှာ စိတ်ဝင်စား‚စရာ တရားစာအုပ်တွေ ရှာတတ်သည်။

ဘစ်ခါတလေ ဝါသနပါလှသည် မဟုတ်ပါဘဲ အရောင်းကုန်တိုက် တချို့ကိုတော့ ရောက်တတ်ပြန်သည်။

သို့ပေမဲ့ ခင်ခင့်လို မိန်းကလေးက အဝတ်အစား၊ အလှအပ အသုံးအဆောင်များ စိတ်ဝင်စားခြင်း နည်းလေရာ ... အရောင်းကုန်တိုက်တွေကို စိတ်အနားပေးသည့် အနေနှင့်သာ လျှောက်ကြည့်ရတာ ... သိပ်တော့လည်း စိတ်ဝင်စား ပျော်ပိုက်လှသည် မရှိ။

ဘုရားဆွမ်းတော်ကပ်ဖို့ သစ်သီးများ၊ မုန့်များ ဝယ်ရုံအပြင် ဘာမှ အထွေအထူး ဝယ်စရာ မရှိတတ်ပါပေ။ ထို့အတွက်ကြောင့် အရောင်းကုန်တိုက်တွေကတော့ သုံးလေးပတ် နေမှ တစ်ခါသာ ရောက်တတ်သော နေရာမျိုးဖြစ်နေခဲ့လေသည်။

နံနက်ကိုးနာရီ မထိုးခင်မှာ ခင်ခင့် အတွက် သီးသန့်ပေးထားသော အခန်းထဲကို ခင်ခင် ဝင်နှင့်သည်။

အပြင်မှာတော့ ခင်ခင့်အတွက် အကူငှားပေးထား



www.burmeseclassic.com

www.burmeseclassic.com



သော မိန်းကလေးက တိုကင်နံပါတ် အလှည့်ကျသူကို ကိုးနာရီ ထိုးတာနဲ့ စတင်ခေါ်ပေးကာ ခင်ခင့် အခန်းထဲအထိ ပို့ပေးပါသည်။

ထိုမိန်းကလေး၏ အမည်က မဝင်းမေ ဖြစ်ပြီး ရုပ်ရည်သန့်ပြန့်ကာ ခင်ခင်နဲ့ အသက်မတိမ်းမယိမ်း ရှိသော မိန်းကလေး ဖြစ်သည်။

"ကုမ္ပဏီကြီးတွေမှာ လခပေးတစ်သောင်းလောက်ရအောင် အချိန်တွေ အများကြီးပေးပြီး အလုပ်လုပ်ရတယ် ...

များရင် အဆူအငေါက်လည်း ခံရသေးတယ် မခင်ခင်ရယ် ...

ဒီတော့ ... မခင်ခင်ဆီမှာ အချိန်ပိုင်းတလေး လုပ်ရပြီး ... သက်သက်သာသာလည်း နေခွင့်ရတယ် ... လခလည်း ကောင်းမှတော့ ကျွန်မအတွက် ထီဆုကြီး ပေါက်တာနဲ့ အတူတူပဲပါ"

"ခင်နဲ့ မဝင်းမေက အမြဲတမ်း အလုပ်အတူတူ တွဲလုပ်ရမဲ့ဗာတာရှင်တွေပါ ... စိတ်မပူပါနဲ့ ... မဝင်းမေ ဘယ်တော့မှ ခင့်ဆီကနေ အလုပ်မထွက်ရပါဘူး ... ခင် ဒီအလုပ်ကို လုပ်နေသေးသရွေ့ပေါ့"





"မခင်ခင်က တစ်နေ့နေ့ကျရင် ဒီအလုပ်ကို မလုပ်တော့ဖို့များ စိတ်ကူးရှိလို့လား"

မဝင်းမေက ခင်ခင် မျက်နှာပြင်မှ အရိပ်ကို သိဟန်ဖြင့် ခပ်တိုးတိုး ပြန်မေးခဲ့သည်။

ထိုအခါ ခင်ခင်က လျှို့ဝှက်စွာ ပြုံးလိုက်ရင်း ညင်သာစွာ ဖြေခဲ့ပါသည်။

"တစ်နေ့ကျရင် ခင် လုပ်ကို မလုပ်ဖြစ်တော့ပါဘူး ...

ဘာကြောင့်လဲ ... ဘယ်တစ်နေ့လဲ ဆိုတာ ခင်ဘာသာပဲ သိထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ခင့်ရှေ့မှာရှိသော စားပွဲကျယ်၏ ခင်နှင့် မျက်နှာချင်းဆိုင် တစ်ဖက်တွင် ထိုင်လျက်ရှိသော အမျိုးသမီးကြီးက ခင့်ကို အသေအချာပင် ငေးမောလေ့လာနေသည်။

ပြီးမှ …

"ဒေါ်ခင်ခင် ဆိုလို့ အသက်ခပ်ကြီးကြီးထဲက ထင်ထားတာလေ"

ဟု စကားအဆက်အစပ်မဲ့စွာ စတင်ပြောလိုက်ပါသည်။

ခင်သည် အေးဆေးစွာ နှုတ်ခမ်းစေ့ပြုံးရင်း …

"အန်တီ ဘာမေးချင်လို့ ဒီကို ရောက်လာတာလဲရှင်"

"ဪ … ဒီလိုပါ … အန်တီ့ကား … အဲ … အန်တီ့ကား ဆိုပေမဲ့ အန်တီ့သားကို ဝယ်ပေးထားတဲ့ ကားပေါ့ … အဲဒါ … ဒီနေ့ မနက်ပဲ အခိုးခံရတယ် … ဘယ်ရောက်လို့





ရောက်မှန်း မသိဘဲ ဟိုတိုင် ဒီတိုင်နဲ့ လိုက်နေရတယ် ကွယ် … အဲဒါ ပြန်ရနိုင်၊ မရနိုင် သိချင်လို့ပါ …"

"ဟုတ်ပြီ"

ခင်က သူ့မှရှေ့မှာရှိသော တဲရော့(Tarrot)ဖဲချပ်များ အထပ်ကို လက်လှမ်းလိုက်သည်။

"အရင်ဆုံး ကံကြမ္မာက ကိုယ့်ဘက်ရှိ၊မရှိသိရအောင် … ဒီ တဲရော့ဖဲချပ်လေးတွေ ချိုးကြည့်လိုက်ပါဦး"

ခင်သည် တဲရော့ဖဲချပ်များကို သမအောင် အထပ်ထပ်ချိုးပြီးမှ အမျိုးသမီးကြီးရှေ့ ချပေးလိုက်သည်။

"အန်တီ ဖဲကို ချိုးလိုက်ပါ"

" … … …"

"ဒါ အန်တီ ချိုးလိုက်တဲ့ အပုံပါနော် … အဲဒီအပုံထဲက အပေါ်ဆုံးချပ်ကို ကျွန်မ လှန်လိုက်မယ် … ဘာပုံထွက်သလဲပေါ်မှာ မူတည်ပြီး ကြည့်ရတာပေါ့"

" … … …"

"အင်း … ဒီမှာပေါ်နေတဲ့ ပုံအရ ပြောရရင် အန်တီတို့ဘက်က ကံသိပ်ကောင်းနေပါတယ် … ဘာမှတော့ စိုးရိမ်စရာ မရှိပါဘူး … ပြန်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ဘယ်တော့လောက် ပြန်ရမလဲ ... ဘယ်နေရာမျိုးကို ရောက်နေသလဲ သိချင်တယ်ကွယ် ... သားက စိတ်အေးပေမဲ့ အန်တီ့မှာ စားမဝင် အိပ်မပျော် ဖြစ်နေတာမို့ပါ ... ကူညီပြီး ကြည့်ပေးလို့ရရင် ကြည့်ပေးပါ"

"ဒါဆိုရင် အန်တီ့မွေးရက်နေ့နဲ့ ပြောပါ ... ဪ ... ဒါနဲ့ အဲဒါမပြောခင် မေးပါရစေ ... ကားက ဘယ်သူ့နာမည်လဲ"

"သားနာမည်နဲ့ ..."

"အင်း ... အဲဒါဆို အန်တီ့မွေးနေ့နဲ့ တွက်ချက်လို့ မရပါဘူး ... အန်တီ့သား မွေးနေ့ပဲ ပြောပါ"

ခင်သည် ခင့်ရှေ့မှာရှိသော စာရွက်ထပ်တွင် ရေးမှတ်တွက်ချက်ရန် ဘောလ်ပင်နှင့်ကို ကောက်ကိုင်ထားလိုက်သည်။

"မွေးနေ့က (၁၉၇၁)ခု တနင်္လာသား၊ ဧပြီလ(-)ရက်နေ့ပါ ... သားနာမည်က 'ကို'တစ်လုံးတည်းပါပဲ ... မောင်ကိုပေါ့"

ခင်သည် အမျိုးသမီးကြီး ပြောသည်တို့ကို ယခင့်ယခင်တွေထဲက ခင်သိထားနှင့်နေသည်ဟာ ... တစ်ချက်မျှ ခံစားလိုက်ရလျှင် အနည်းငယ် တုန်လှုပ်သွား၏။





ခင် တစ်ခါမှ မသိထားပါဘဲ ထိုသို့ ထူးခြားစွာ ခံစားလိုက်ရလျှင် ခင့်၌ သတိပေးသံတွေ ဗုံတင်ထပ်မျှ ကြားလာရလေသည်။

"ကားက Mark II grande (မာ့ခ်တူး ဂရမ်ဒီ)ပါ ... (၂၈/----)ပါ ... အရောင်က မီးခိုးရောင်ဖျော့ဖျော့"

"ဘယ်နားမှာ အခိုးခံရတာလဲ"

"သားနဲ့ သူ့သူငယ်ချင်းတွေ (---) club ကို သွားတော့ အပြင်က ကားပါကင်မှာ ရပ်ထားခဲ့တာ။ ဘယ်အချိန်ထဲက ခိုးသွားမှန်းတော့ မသိပါဘူး ... သူတို့ ပြန်ထွက်လာတဲ့ အချိန် မနက်နှစ်နာရီကျော်မှာကျမှ ကားမရှိတော့ဘူးဆိုတာ သိကြတာမို့ အန်တီက ဒီနေ့မနက်မှာ အခိုးခံရတယ်လို့ အစက ပြောလိုက်တာပါ ... အချိန်တော့ အတိအကျ မပြောနိုင်ပါဘူးကွယ်"

"ရပါတယ် ... ခဏလေး ... ကျွန်မ အာရုံခံပြီး တွက်ကြည့်ပေးမယ်နော် ... အနီးစပ်ဆုံးတော့ ကျွန်မ ပြောပါ့မယ်"

ခင်ခင်သည် သူမ ကိုယ်တိုင်ပင် တဲရော့ကတ်ရွေ ပြန်ချိုးကာ တစ်ချပ်ပြီးတစ်ချပ် သုံးချပ်မျှ လှန်လိုက်သည် ...။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးက အသက်ပင် ပြင်းပြင်းမရှူ။ ခင့်ကိုသာ တိတ်ဆိတ်ငြိမ်သက်စွာ ငေးမောနေလေသည်။

"တီတီ ... တီတီ ... တီတီ"

ဟု Hand Phone(ဟန်းဖုန်း)မြည်သံတစ်ခုက ကြားဖြတ်ဝင်လာလျှင် ...

"ဟယ် ... ဆောရီး ... ဆောရီး ... မေ့လို့ ဆရာမလေးရယ် ... အန်တီ ဖုန်းကိုပိတ်မထားမိလိုက်ဘူး ... အနှောင့်အယှက် ပေးလိုက်သလိုဖြစ်နေပြီ။ အားနာလိုက်တာ ..."

အမျိုးသမီးကြီးသည် ပျာပျာသလဲ တောင်းပန်ကာ သူမ၏ ဟန်းဘက်ခ်အိတ်ကြီးအတွင်းမှ ဆယ်လူလာဖုန်းကို ထုတ်လိုက်လေသည်။

အမှန်တကယ်ပင် ခင် စုစည်းထားရသမျှ အာရုံများလည်း ကစဉ့်ကလျား ပျက်ပြားရလေပြီ။ ခင့်ကို တစ်ခုခုက လှုပ်နှိုးလိုက်သလိုမို့ ခင်သည် အိပ်ရာက နိုးစလူလိုပင် ဘာအာရုံမှ မယ်မယ်ရရ ပြန်၍စုစည်းမရတော့ပြီ။

ကိစ္စမရှိ။ ခင့်ကို ဆက်မေးလျှင် ခင်က ပြောတော့မည်မဟုတ်။ ထိုအမျိုးသမီးကြီးအတွက်ပေးသော အချိန်ဆယ့်ငါးမိနစ်က ပြည့်နေပြီဖြစ်ရာ ခင်က စည်းကမ်းအတိုင်းပင် သူမကို ဆက်၍ ဟောတော့မည် မဟုတ်ပါ။





"သားဆီက ..."

အမျိုးသမီးကြီးသည် ဖုန်းထဲမှာ ပေါ်လာသော နံပါတ်ကို ကြည့်ရင်း ခင့်ကို လှမ်းပြောလိုက်သည်။

ခင်ကား မိမိနှင့် မသက်ဆိုင်သည်ဖြစ်ရာ ဖဲချပ်များကို နေရာတကျ ပြန်စီရင်း နောက်မှီပါသော ဆုံလည်ဆိုဖာထိုင်ခုံတွင် သက်သောင့်သက်သာပင် မှီထိုင်နေလိုက်တော့သည်။

"ပြော ... ပြော သား ... မေမေ နားထောင်နေတယ် ... ဟေ ... ဘာလဲ ... တွေ့ပြီ ဟုတ်လား ... ညောင်တုန်းနားမှာ ... ဩော် ... တော်ပါသေးရဲ့ ...

အင်း ... အင်း ... ပစ္စည်းတွေတော့ တော်တော်များများ ဖြုတ်ပြီးနေပြီ ဆိုပေမဲ့ ပြန်တွေ့တာ တော်သေးတာပေါ့ သားရယ် ... ဘာရယ် ... သိန်းခုနစ်ဆယ်လောက်တော့ ရှုံးသွားပြီ ဟုတ်လား ... အေးလေ ... ဘာတတ်နိုင်မလဲ ...

ဩော် ... မေမေလား။ အခု မေမေ ဗေဒင် လာမေးနေတာ ... ပြီးပါပြီ ... ပြီးရင် အိမ်ပြန်ပြီး ဆေးသောက်အိပ်တော့မယ် ... သား'ကို'ရေ ... အေး ... ဒါပဲ ... ဒါပဲ ... သား။ စိတ်အေးအေးထားပြီး ညှိနှိုင်းနော်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးသည် မုန်းပြောပြီးပြီးချင်းပင် ချက်ချင်း ထရပ်လိုက်တော့၏။

"တွေ့ပြီတဲ့ ... ကားပြန်တွေ့ပြီ ... ဆရာမလေးရေ ... ဆရာမလေး ပြောသလိုပါပဲ ... မုန်လိုက်တာနော် ... ကျေးဇူးတင်ပါတယ် ...

အန်တီလည်း ဘာမှ မေးစရာ မလိုတော့ပါဘူး ... သွားခွင့်ပြုပါဦး ...

ဪ ... ဒါနဲ့ ဉာဏ်ပူဇော်ခကို ဘယ်မှာ ရှင်းရမှာလဲကွယ် ... အန်တီ မသိလို့ပါ"

"တိုကင် ဝေပေးတဲ့ မဝင်းမေ ဆီမှာ ပေးခဲ့ပါ"

"ဟုတ်ပြီ ... ဟုတ်ပြီ"

ခင်သည် စိန့်ရောင်များ ပြိုးပြက်လင်းလက်လှသော ခန့်ခန့်ထည်ထည် အမျိုးသမီးကြီး ထွက်သွားသောအခါ သူမနဲ့ စတင်တွေ့ဆုံမှုမှာ ဘာမှ ရင်ပူစရာ၊ ရင်လေးစရာ မပါလှပါဘဲ ... ခင့် ရင်ထဲမှာ ပူပင်လေးလံသလို ခံစားချက်တစ်မျိုးဖြင့် ကျန်ရစ်ရလေသည်။

✦✦✦





ဒီတစ်ခါတော့ ခင်သည် သူမ၏ အားလပ်ရက်ဖြစ်သော ဥပုသ်နေ့တွင် မနက်စောစောမှာ တရားထိုင်ပြီးတာနှင့် အပြင်ထွက်၍ စိတ်အပန်းဖြေဖို့ ... စိတ်ကူးမရှိပေ။

ခင်သည် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သူလည်းဖြစ် [illegible]းရာ ခင်ရဲ့ အပြင်ထွက်ချိန်တွေဟာ များသောအားဖြင့်လည်း နေ့ပိုင်းများ ဖြစ်မနေတတ်ပေ။ ဘာကြောင့်လဲဆိုသော် ဥပုသ်စောင့်သူတစ်ဦးအနေနှင့် အမြင်ထွက်လျှင် အပြင်လောကနှင့် တွေ့ဆက်ဆံရလျှင် မိမိနဲ့ စိတ်အခန့်မသင့်ရာ အကြောင်းတစ်ချို့ ကြုံလာသောအခါ ကိုယ်ယူထားသော ဥပုသ်လည်း ကျိုးပေါက်မှာ စိုးရိမ်သေး၍ပင်။

ဒီတစ်ရက်မှာတော့ ခင်သည် မနက်ပိုင်းမှာလည်း အပြင်ထွက်မနေတော့ဘဲ တရားထိုင်ပြီးတာနဲ့ သူမသည် တဲရော တိုများနှင့် အချိန်ဖြုန်းနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ မေးတဲ့ ကံကြမ္မာဟာ ကျွန်မ အတွက်ပါ"

လို့ နှုတ်မှ တိုးတိုးလေး တစ်ချက်ရွတ်ရင်း တဲ့ရှေ့ ဖဲချပ်ဟွေအား တစ်ချပ်ပြီးတစ်ချပ် လှန်ချနေလေသည်။

ပြီးတော့ အစပထမလှန်သော ဖဲချပ်မှ နောက်ဆုံး ဖဲချပ်အထိပေါ်သော ပုံကားများကို တစ်ချပ်ချင်း သေချာစွာစူးစိုက် ကြည့်နေခဲ့ပါသည်။

"ဪ ..."

ဟု နှုတ်ဖျားမှ ညည်းတွားလျက် ခေါင်းကိုညိတ် လိုက်၊ ခါလိုက် လုပ်နေလေသည်။

"လိုသေးတယ် ... ငါ အများကြီး ထပ်သိဖို့လိုသေးတယ် ဒီလောက် သိထားရုံနဲ့ မရသေးဘူး၊ ဒါတွေက နိမိတ်ပြ ပဲ ရှိသေးတာလေ"

ခင်သည် ဖဲချပ်တွေကို လက်ဖြင့်ထောက်ရင်း ထောက်ရင်း ... သူမဘာသာ ဆက်ပြောနေသည်။

"ဟဲ့ ... သမီး၊ အံမယ်လေးကွယ် ... ဒီနေ့ နားရှု နားနေမလား အောက်မေ့ပါတယ် ... ဘာတွေ အာရုံစိုက် တာလဲကွယ်"





အခန်းတံခါးက စေ့ရုံစေ့ထားသည်ဖြစ်ရာ မေမေက တံခါးဝလာရပ်၍ လှမ်းပြောလိုက်သံမှာ ခင့်အာရုံတွေကို လွတ်သွား စေတော့သည်။

အဲဒီ့ကျမှသာ ခင်လည်း ခရီးရှည်ကြီးမှ ပြန်ရောက် လာသော လူကဲ့သို့ သက်ပြင်းကြီးတစ်ချက် ချလိုက်ပြီး မျက်လုံး အစုံကို မှိတ်ထားရာမှ အသာအယာ ပြန်ဖွင့်လိုက်လေသည်။

"အခန်းအောင်းမနေနဲ့ ... အပြင်လေး ဘာလေး ထွက်ဦး"

"ဒီနေ့ အပြင်မထွက်ချင်ဘူး မေမေ"

"ဒါဖြင့်လည်း အခန်းပြင်တော့ ထွက်ပေါ့ ... သမီးက အေးအေးဆေးဆေး တရားမှတ်ချင်၊ စာအုပ်ဖတ်ချင်တာ တော့ ဟုတ်ပါရဲ့ ... အချိန်ပြည့်ကြီးတော့ အခန်းအောင်း မနေနဲ့ပေါ့ ... နည်းနည်းပါးပါး ခြံထဲလမ်းလျှောက်ရင် လျှောက်လိုက်ပါ သမီးရဲ့။ သမီးအသားအရေလည်း ဖျော့ တော့နေပြီ ... အလုပ်ဒဏ် စိတ်ပင်ပန်းမှုဒဏ် ပိနေတာ ... စားတော့လည်း ဟိုအသားရှောင်၊ ဒီအသားရှောင်ဆိုတော့ လူက မဖျော့တော့ဘဲ နေမလား"

"ခင်က တစ်သက်လုံး သက်သတ်လွတ် စားဖို့တောင်စဉ်း စားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်ရယ် ..."

"ခင် ဒီနှစ် ခင့်မွေးနေ့ရက်ကစပြီး တစ်သက်လုံး သက်သတ်လွတ်ပဲ စားတော့မယ်လို့ အဓိဋ္ဌာန်ပြုဖို့ ဆုံးဖြတ်ထားတယ် မေမေ"

"အေး ... အဲဒါကိုတော့ မတားလိုပါဘူး၊ ဒါပေမဲ့ ဘာပဲစားစား များများစားပါ သမီးရယ်။ တစ်ကြိမ်တည်း အများကြီး မစားနိုင်ရင်တောင် ခဏခဏ စားပေးပါ ... သမီး သိပ်ပိန်လာပြီနော် ... ကြာရင် ကျန်းမာရေးထိခိုက်လာမယ် ... သမီးလုပ်ချင်တဲ့ အလုပ်တွေ မလုပ်နိုင်တော့ဘဲ ဖြစ်လာမယ်"

"ခင် နားလည်ပါတယ် ... ခင် မေမေ့စကားကို နားထောင်ပါ့မယ်"

"ကောင်းပြီ ... ဒါဖြင့် အခု အပြင်ထွက်လာ ... မိုင်လိုနဲ့ ပေါင်မုန့်မီးကင် ထောပတ်သုတ်ဖြစ်ဖြစ် လာစား"

"ခင် မနက်စာပဲ တစ်ခါတည်းစားလိုက်မလားလို့"

"ဟော ပြောရင်းကိုက အမေ့စကားကို ဆန့်ကျင်နေပြီ။ မနက်ထကတည်းက ဘာမှ မစားမသောက် နေနေတာ ... အခုမှ ဘယ်အချိန်ရှိသေးလို့လဲ ... မနက် ဆယ်နာရီခွဲပဲ





ရှိသေးတယ် ... စားလိုက် ... ဥပုသ်လည်း ယူထားသေးတာ ... မနက်ထမင်းကိုတော့ ဆယ့်တစ်နာရီခွဲမှာ စားလိုရတယ်"

ခင်သည် မေမေ့ ဗျစ်တောက် ဗျစ်တောက် ပြောသံကိုပြုံးလျက် နားထောင်ရင်းမှ ထရပ်လိုက်ပါသည်။

အမှန်စင်စစ်တော့ ခင်ဟာ အသက်နှစ်ဆယ်ကျော်အရွယ် ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ယောက်သာ ဖြစ်ပြီး သူမက အသက်အရွယ်နဲ့ မမျှအောင် တည်ငြိမ်လွန်းနေခဲ့ပေမဲ့ တစ်ခါတစ်ရံတွေမှာ ခင်ဟာ ကလေးဆန်စွာပင် မိခင်၏ လက်မောင်းကို တွယ်ကပ်မှီနွဲလျက် ဆိုးနွဲ့တတ်နေသေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com









## ၂

ဒီအပတ်၏ ဥပုသ်ရက် တစ်ရက်နားသောအခါ ခင်သည် မနက်အစောကြီး ဘုရားတက်ကာ အိမ်ကိုတစ်ခေါက် ပြန် မနက်စာ ကော်ဖီ၊ မုန့်တို့ကို စားလိုက်သေးသည်။

ပြီးမှ အရောင်းကုန်တိုက်တစ်ခုသို့ ကိုယ်တိုင်ပင် ကားမောင်းပြီး ထွက်လာခဲ့သည်။

နောက်အပတ်ဟာ ခင့်မွေးနေ့ ဖြစ်သည်။ တိုက်ဆိုင်စွာပင် မွေးနေ့ကလည်း အလုပ်အားရက် ဥပုသ်နေ့မှာပင် ကျရောက်သဖြင့် ခင်သည် အရင်နှစ်တွေကလို မွေးနေ့အတွက် သီးသန့်အလုပ်ခန်းပိတ်စရာ မလို။



www.burmeseclassic.com

www.burmeseclassic.com



ထိုမွေးနေ့တွင် ခင်သည် နှစ်စဉ် လှူဒါန်းနေ အတိုင်း၊ မိဘမဲ့ကျောင်းကို ငွေလှူရမည်။ ဘုရားတစ်ဆူဆူမှ လည်း လှူဒါန်းရမည်။ နောက် ... အိမ်မှာလည်း ဘုန်းကြီးဆွမ်း ကျွေးရမည်။ စသဖြင့် အစီအစဉ်တွေက ရှိပြီးပြီဖြစ်ရာ ခင်သည် ဒီအပတ်ကိုတော့ ဆွမ်းကျွေးအလှူတွင် ဘုန်းကြီးအချို့ပွဲမှာ ထည့် ဖို့ သူမကိုယ်တိုင် စိတ်ကြိုက်ဝယ်လို၍ ဈေးဝယ်ထွက်ခဲ့တာဖြ လေသည်။

ခင်သည် အသက်ဆယ့်ရှစ်နှစ်အရွယ် ကတည်းက ကားမောင်းတတ်ခဲ့သည် ဖြစ်သလို သူမ အပြင်ထွက်တိုင်းလည် ကိုယ်တိုင်ကားမောင်းနေကျဖြစ်ရာ ယခုလိုရက်မှာ ကားမောင်းပြီ အပြင်ထွက်ရတာ သိပ်တော့ အခက်အခဲ မရှိလှပါ။

ခင်သည် ဈေးဝယ်ခဲ့သလို ဈေးဝယ်လျှင်လည် ဆစ်ရ၊ ပြိုရတာ သိပ်လည်းမကျွမ်းကျင်။ လုပ်လည်းမလုပ်လို မျှ ပျားသောအားဖြင့်တော့ တန်တန်၊ မတန်တန် သူမ ဝယ်လိုသော မုန့်များ၊ ယိုများ၊ အသီးအနှံများကို အရောင်းကုန်တိုက်များမှာသာ ဝယ်ခြမ်းလေ့ ရှိပါသည်။

ခင်သည် အရောင်းကုန်တိုက် တစ်ခုသို့ ရောက် ရောက်ချင်းပင် မည်သည့်ပစ္စည်းကိုမျှ ငေးမောမနေဘဲ အစာ အသောက်များ ရောင်းချရာ နေရာသို့သာ တန်း၍လာခဲ့သည်





ခင်သည် ဈေးဝယ်တွန်းလှည်းတစ်ခုကို ယူလိုက် သည်။

နိုင်ငံခြားဖြစ် အသီးအနှံဘူးများထားသော အတန်း တွင် ခင်က SPC တံဆိပ် အသီးဘူးများကို ရွေးချယ်ဝယ်ပါ သည်။

ခင်သည် တစ်ဘူးပြီးတစ်ဘူး တွန်းလှည်းထဲ ထည့် နေစဉ်တွင် ခင်နှင့် မျက်နှာချင်းဆိုင် လာနေသော တွန်းလှည်း တစ်ခုကို တွန်းလာသူကလည်း သစ်သီးဘူးကို လှမ်းယူလျှင် ဆင်မှတ်ပါဘဲ ဘူးတချို့က စီထားရာအတန်းမှ လိမ့်ထွက်ကာ အောက်ပြုတ်ကျလာသည်။

သစ်သီးဘူးများဟာ ခင့် ခြေရင်းနားအထိ လိမ့်လာ ပါသည်။

သစ်သီးဘူးများ ရောင်းချရာ အတန်းတွင် ဝန်ထမ်း သည်း ရှိမနေသလို ဈေးဝယ်သူလည်း ရှင်းနေရာ ခင်တို့ နှစ် ယောက်တည်း ဖြစ်နေသည်။

ခင်က သူမ၏ ခြေဖဝါးထိပ်သို့ လိမ့်လာသော သစ်သီးဘူးကို တစ်ချက်ငုံ့ကြည့်စဉ် မိုက်ခနဲလိုလို ဖြစ်သွားသည်။

ဘုရား ... ဘုရား ...။



www.burmeseclassic.com

www.burmeseclassic.com



ဘာများပါလိမ့်။ ဒါ နိမိတ်လား။ ငါ့ကို တစ်ခုခု သတိပေးလိုက်သလိုလိုပဲ ခံစားရတယ် ... တကယ်။

ခင်သည် သူမ၏ ကတ္တီပါအုပ်လုံးသိမ်း လက်မဝက် အထက်ရှိ အစိမ်းရင့်ရောင် ခြေညှပ်ဖိနပ်ထိပ်တွင် ထိနေသော သစ်သီးဘူးကို သတိလက်လွတ် ငုံ့ကြည့်နေမိသည်။

"ဆောရီး ... ဆောရီး၊ ကျွန်တော် ... လက်နဲ့တိုက်မိလို့ အကုန်ပြွတ်ကျကုန်တာဗျာ၊ ခြေထောက်ကို ထိသွားတာ နာများသွားသလား မသိဘူး"

ခင်သည် နံဘေးတွင် လာရပ်ပြောလိုက်သော အရိပ်ကို အလန့်တကြား မော့ကြည့်မိလိုက်လေသလား ... မိမိဘာသာ ပင် မသေချာပြန်။

"ဟို ... ခြေထောက်ထိသွားလား ခင်ဗျာ"

"မထိဘူး ... မထိပါဘူး"

"ဆောရီးနော်"

"ရပါတယ်"

ခင်သည် သူမ၏ ဖိနပ်ထိပ်တွင်ထိလျက် ရပ်နေသော သစ်သီးဘူးကို အသာအယာပင် ကုန်းကောက်လိုက်သည်။

သူ့ကို ငါ သိတယ် ...။





မဟုတ်ဘူး ... သိကို မသိဖူးဘူး။

ဟုတ်တယ် ... တစ်ခါမှ ...။

ဒါ ပထမဦးဆုံးအကြိမ် မြင်ဖူးတာပါ ... ဒါပေမဲ့ ငါ သိကို သိနေသလိုပါပဲ။ သူ့ကို အာရုံထဲမှာ ဖျတ်ခနဲလိုလို တွေ့ခဲ့တာ ... မသဲမကွဲမို့ ဘယ်လိုရုပ်ရည်ရယ်လို့ ထင်ရှားစွာ မပြောနိုင်ပေမဲ့ သူဟာ သူပါပဲရယ်လို့ ခင် သေချာစွာပင် မှတ် သားလိုက်မိသည်"

"ကျွန်မကို သွားခွင့်ပြုပါဦး"

"ဩော် ... ဟုတ်သားပဲ ... ဟုတ်သားပဲ မေ့လို့ ... ကျွန် တော်က လမ်းပိတ်ရပ်သလို ဖြစ်နေပြီ"

ခင်သည် သူ့ကို ကျောခိုင်းလိုက်ရပေမဲ့ သူ့မျက် လုံးတွေဟာ ခင့်ရဲ့ ကျောပြင်နောက်မှာ ပါလာခဲ့လိမ့်မည်ဆိုတာ အလိုအလျောက် ခံစားလို့ ရနေပြန်သည်။

ကိုသည် မျက်လုံးမျက်ဖန် တောက်ပလှပေမဲ့ မြင်ရတာ အင်မတန်မှ စိတ်အေးချမ်းစရာ ကောင်းလှသော မျက် ခုံးအကြည့်မျိုးကို ပိုင်ဆိုင်ထားသည့် မိန်းကလေးကို လည်ပြန် ရှိုက ကိုယ်ပါလှည့်၍ ငေးနေမိခဲ့သည်။

မတော်တဆ သူမသာ ပြန်လှည့်ကြည့်လျှင် ကို၏ ဓရိုဖရဲ လှည့်ကြည့်နေသော အသွင်သဏ္ဌာန်ကို မြင်ရမှာပင်။

www.burmeseclassic.com



သို့သော် ... မိန်းကလေးကား စိတ်ပြတ်လှ၏။ ကိုကို တစ်ချက်မှ လှည့်မကြည့်ဘဲ သူမဘာသာ အေးချမ်းစွာ တွန်းလှည်းကိုတွန်းပြီး ကျောခိုင်းထွက်သွားနေပါသည်။

ကိုသည် ဆုံးဖြတ်ချက် တစ်ခုကို ချက်ချင်းပင်ချ လိုက်ပြီး သူ၏ တွန်းလှည်းကို ဦးတည်ရာဘက် ပြောင်းလိုက်ပြီ တည်း။

မိန်းကလေးက သိပ်တော့ စိတ်ဝင်စားစရာ မကောင်း လှသော ရုပ်ရည်မျိုး၊ အပြင်အဆင်မျိုး၊ လှုပ်ရှားမှုမျိုး ဖြစ်နေပေမဲ့ ကိုသည် ဘာဖြစ်လို့ရယ်မသိ ဒီအမူအရာကိုပဲ စိတ်ဝင်စားစွာ လိုက်ငေးလို့လှတော့၏။

မိန်းကလေးသည် ပိတ်ဖောက်ဇာ ခပ်ထူထူအသား ကို ရင်စေ့လက်ရှည် မြန်မာအင်္ကျီပုံစံ ဝတ်ထားကာ လုံချည်ကတော့ ရောင်ပြေးပိုးသား မာမာတောင့်တောင့် ဖြစ်သည်။

အင်္ကျီက ပုံရိုးသလို လည်ပင်းကိုလည်း အတိအကျ ပိတ်ထားလိုက်တာ။ ပြီးတော့ ... လုံချည်ကလည်း ခြေမျက်စိပင် ဖုံးလို့ ... ထောက်မပါ ဇာနားမပါ ရိုးရိုးပုံစံနဲ့။ ပုံတော်ဖိနပ် အပါးနှင့်။ အဝတ်အစားက မီးခိုးရောင်နုနုပေမဲ့ ဘယ်လိုမှုန် မှုန်းမသိ မှုန်သော မီးခိုးရောင်မျိုး ဖြစ်နေသည်။





နောက် ... ဖိနပ်အရောင်ကလည်း ကြည့်ဦး။ အစိမ်း ရင့်ရောင်နဲ့ ...။ ဘယ်လိုမှ အဝတ်အစားအရောင်နဲ့ ဖိနပ်အရောင် ဟာ ဖက်ရှင်ကို မကျနလှပါ။

မျက်နှာသိုဝင်းဝင်းကလည်း သနပ်ခါးရေကျဲကို သွား တိုတဲ့နုနုနှင့် ခြစ်ထားရာ ကျိုးတိုးကျဲတဲ၊ သနပ်ခါးပျက်စနဲ့။ ဆံပင်ကလည်း ပိပြားစွာ ဖြီးသင်ထားပြီး ခပ်ရိုးရိုး၊ ဆံညှပ်ကလစ် တစ်ခုခုဖြင့် နောက်မှာ စည်းနှောင်ထားပြန်သည်။

နားတွင် စိန်ပွင့်သေးသေးလေးပါသည့် ပုံရိုးရိုးနား တပ်ကို ပန်ထားရဲ့၊ လက်ပတ်နာရီ ပတ်ထားရဲ့ကလွဲလျှင် သူမ၏ ကိုယ်ပေါ်မှာ ဘာလက်ဝတ်ရတနာမှလည်း ဆင်မြန်းထားတာမျိုး တွေ့ရ။ သို့သော် ... သူမ၏ ရုပ်ရည်မှာ အထူးတာလှည်ဟန် ဆောင်စရာ မလိုလှဘဲ အင်မတန်မှ ယဉ်ကျေးပြီး အဆင့်မြင့်သော (သို့သော်) မာနကင်းပြီး အေးဆေးတည်ငြိမ်လှသော ပုံစံကား ဆင်ရှားနေလေရာ ... အဲဒီအချက်ကပင်လျှင် သူမကို သတိပြုလို့ ရာဘဲ ဖြစ်နေစေတော့လေသည်။

ကိုသည် မိန်းကလေးနောက် လိုက်ခိုးကြည့်ရင်း သူ့အဖြစ်သူ ပြန်တွေးပြီး ပြုံးချင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



"ကို ဆိုတဲ့ကောင်က အကောင်းကြိုက်ကောင်ကွ။ ဘယ် နေရာမဆို ကောင်းပေ့ ညွန့်ပေ့ ဆိုတာမှ ရွေးကြိုက်တတ် တယ်နော် ... ကို စိတ်ဝင်စားတဲ့ မိန်းကလေးတွေကလည်း ချောလည်းချော၊ လှလည်းလှ၊ ပညာလည်း ညွန့်နေအောင် တတ် ... အဲဒါမျိုးတွေချည်းပဲ ကိုရာ ... မင်း တစ်နေ့ကျ ရင် လက်တွဲမဲ့ မိန်းကလေးဟာ ဘယ်လိုမျိုး ဖြစ်မလဲ ဆိုတာ သိချင်လိုက်တာ"

ကိုတို့ သူငယ်ချင်းများထဲတွင် ကိုနဲ့ အတွဲဆုံးဖြစ် သော သူငယ်ချင်း နေနိုင်က တခြားသူငယ်ချင်းတွေနဲ့ ဆုံကြတိုင်း ကို့အကြောင်း ပြောပြော ဖြစ်နေတတ်တာ။

ယခုတော့ နေနိုင်သာ ကိုနဲ့ပါလာလျှင် ကို့အဖြစ် ကို လက်ဖျားတစ်ခါခါ၊ ခေါင်းတစ်ခါခါ လုပ်နေမည်လားတော့ မသိ။

ဘာရယ်မဟုတ်ပါဘူး ... နေနိုင်ရယ်။ ငါ သူ့ကို လိုက်ကြည့်ရုံပါ။ ငါ သူ့ကို ဘယ်လိုစိတ်မျိုးနဲ့မှ ရွေးချယ်လာ စရာ အကြောင်းရှိလာမှာ မဟုတ်ဘူး။

ကိုဟာ အဲဒီမိန်းကလေး သူမ၏ ကားကလေးဖြင့် မောင်းထွက်သွားတော့မှပဲ သူ့အလုပ်တာဝန်တစ်ခု ပြီးစီးသွားသ





လိုပင် စိတ်ကျေနပ်သွားကာ အရောင်းကုန်တိုက်ကြီး၏ အောက် ဆုံးထပ်မှာ ဖွင့်လှစ်ထားသော J'DONUTS ဆိုင်ထဲ ဝင်လာခဲ့တော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်၏ ဗေဒင်ခန်း စတင်၍ဖွင့်ပြီး သိပ်မကြာ ... မနက်ဆယ်နာရီခွဲခန့်မှာ ခင့်ထံ ဗေဒင်အဟောခံရန် အလှည့်ကျသူကို မဝင်းမေက ဝင်ခွင့်ပြုလိုက်သည်။ ခင်သည် ဧည့်ရုံဧည့်ထား ပေးသော အခန်းတံခါးကို တွန်းဝင်လာသူ၊ ခင့်ရှေ့မှာ ချထားသော စားပွဲ၏ ခင်နှင့်မျက်နှာချင်းဆိုင် တစ်ဖက်မှာ ဝင်ထိုင်သူများကို ခင်၏ အမူအကျင့်အတိုင်းပင် တစ်ချက်မျှ မော့ကြည့်လေ့မရှိခဲ့ပါ။

ခင့်ကို ဗေဒင်လာမေးသူ၏ ပထမဦးဆုံး ရင်ဆိုင်ရမည့် မျက်ဝန်း အမူအရာများကို ခင် မည်သည့်အခါကမျှ ကြည့်လေ့မရှိတတ်ပေ။ ခင်က ဘာကိစ္စပဲဖြစ်ဖြစ် အလုပ်သဘောအရသာ ဆက်ဆံပြောဆိုတတ်သူတည်း။

"ဆရာမလေး ... အန်တီပါ"

ဝင်ထိုင်ပြီးသော သူထံမှ အသံထွက်လာလျှင် ခင် တစ်ချက်မျှ မော့ကြည့်လိုက်၏။





အို ... ဘုရားရေ။

ခင် အမျိုးသမီးကြီးကိုလည်း မှတ်မိသလို အမျိုးသမီးကြီးနံဘေးမှာ ထိုင်နေသော သူ့ကိုလည်း မှတ်မိနေပြန်သေးသတဲ့ ...။

သူ၏ မျက်ဝန်းအစုံမှာလည်း ခင့်ကို မှတ်မိစွာ (သို့သော်) အံ့ဩတကြီး ဖြစ်လျက် ငေးမော ...။

ခင်နဲ့ သူ့မျက်ဝန်းများ ဆုံစည်းခြင်း တစ်စက္ကန့်လေးလောက်မှာပင် ခင့် ဦးနှောက်အာရုံထဲတွင် ရိပ်ခနဲလိုလို နိမိတ်ပြပုံရိပ်များကား ရှုပ်ထွေးသွားလေသည်။

သူနဲ့ ရေစက်ကို ပါနေတာ ...။

"သားကိုပါ တမင်ခေါ်လာခဲ့တယ် ... ဟိုတစ်ခါ ... ကားခိုးခံရတဲ့ ကိစ္စတုန်းက အန်တီ လာမေးတော့လေ ... ဆရာမလေး ဟောတာတွေ အကုန်လုံးလိုလို မှန်နေလို့ အဲဒါ ... သားက ..."

"မေမေ မေးချင်တာ အရင်မေးလေ ... သားတို့စကားတွေ အများကြီး လျှောက်ပြောနေရင် သူများအလုပ်ချိန်လည်း ထိခိုက်နေလိမ့်မယ် ..."

သြော် ... သူ့ကြည့်ရတာ မယုံတတ်ဘူး ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငါက ပြောတာဟာ သူ တကယ်တွေ့ ကြုံရင်ဆိုင်ရတာနဲ့ ကိုက်ညီပါတယ်ဆိုတဲ့ အခြေအနေကို မယုံဘူး ထင်ပါရဲ့။

သူ့မျက်လုံးတွေထဲမှာ သူ့အမေဆက်မဲ့ စကားအကြောင်းအရာကို မပြောစေချင်ဟန်က ပေါ်လွင်လွန်းနေပြီ။ ဒါဟာ ငါနဲ့ ပတ်သက်လို့ သူ့ဆီမှာ ထင်မြင်ချက်တစ်ခု ရှိနေတာကို မပြောလိုက်စေချင်တာပဲလား။

ခင်က ဗေဒင်၊ လက္ခဏာပညာကို တတ်ကျွမ်းရုံမကပါဘူး။ နေ့စဉ်လူပေါင်းများစွာနဲ့ ဆက်ဆံစကားပြောနေသူမို့ လူကဲခတ်ပညာလည်း ကျွမ်းကျင်ပါရဲ့ရှင် ...။

ဗေဒင်ခန်းထဲ ဝင်လာသူဟာ ကိုယ့်ကို တကယ်ယုံကြည်လို့ ဝင်လာသလား ...။ ပညာစမ်းချင်လို့ဝင်လာသလား ...။ သတင်းအကြားနဲ့ လာပြီးစပ်စုတာမျိုးလား။

ကိုယ့်ကို မယုံကြည်ပေမဲ့ ဘာတွေများ ညာပြီး ပြောလေမလဲလို့ သိချင်စွာနဲ့ ဒီထဲ ဝင်လာသလား။

ဒါမှမဟုတ် ဗေဒင်လာမေးသူ တစ်ယောက်ရဲ့ စကားအသွားအလာကို လေ့လာပြီးတော့လည်း အကဲခတ်ရရင် ဒီလူတစ်ယောက်ဟာ ဝါသနာအရ ဗေဒင်ဆရာပေါင်းစုံ၊ စုံတကာစေ့ လိုက်လံမေးမြန်းလွန်းလို့ ဗေဒင်ဟောသူနီးပါး ဒီပညာရပ်ကို





...း ဒီခေါက်မိပြီးသားလား ... ဆိုတာမျိုးလည်း ခင်၏အတွေ့အကြုံများအရ လေ့လာတတ်လေသည်။

"အန်တီခင်ပွန်းအတွက်ပါ ... သူက ကျောက်ကပ်ရောဂါဖြစ်နေတာလေ ... အဲဒါ လာမဲ့အပတ်ထဲမှာ သူ့ကိုထပ်ပြီး ခွဲစိတ်ကုသခံဖို့ ဆရာဝန်ကပြောတယ် ...

အန်တီတို့က စီစဉ်ထားတာက သူ့ကို စင်ကာပူမှာ သွားခွဲမလားလို့ ကုန်ကျစရိတ်ကိုတော့ မပူပန်ပါဘူး ... အခုတစ်ခါ ခွဲတာက ဘယ်မှာပဲခွဲခွဲပေါ့ အောင်မြင်ပါ့မလား ...

သူ အသက်ဆက်ရှင်ဖို့အတွက် အချိန်ကြာကြာ ပိုနေနိုင်မဲ့ ခွဲစိတ်ကုသမှုလား သိချင်တာ"

ခင်သည် အမျိုးသမီးကြီးထံမှ စကားဆုံးသွားတော့မှပဲ ခေါင်းကို အသာအယာ ညိတ်လိုက်ပါသည်။

"အန်တီ့ ခင်ပွန်းဓာတ်ပုံ ပါလား"

"ပါတယ် ... ပါပါတယ်"

"ကျွန်မကို ကြည့်ခွင့်ပြုပါ"

"ရပါတယ် ... ကြည့်ပါ"

"သူ့ရဲ့မွေးရက်၊ မွေးနေ့ ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ခင်သည် သူမလက်ထဲ ရောက်လာသော ပို့စကတ် ဆိုက်အရွယ် ကိုယ်တစ်ပိုင်း ဓာတ်ပုံရှင်ကို သေချာစွာ စူးစိုက်ကြည့်ရင်း အမျိုးသမီးကြီး ရေရွတ်ပြသော မွေးနေ့ကိုလည်း တွက်ချက်နေပါသည်။

အလုပ်က အလုပ်ပဲ။

သူ ကိုယ့်ကို စက္ကန့်မလပ် စိုက်ကြည့်နေမိမှာမယ် ဆိုတာကို ခင်သည် သူမ၏ အာရုံထဲမှ ဖျောက်ဖျက်ပစ်လို့ ရသွားသောအခါ ခင်၏ အာရုံများသည် ဓာတ်ပုံရှင် ဦးထွန်းခန့် တည်းဟူသော လူတစ်ဦး၏ ကံကြမ္မာထဲကို ဝေ့ဝဲရောက်ရှိသွားသည်။

"သူ့ရဲ့ ကံကြမ္မာကို တွက်နိုင်ဖို့ အန်တီက ဦးထွန်းခန့် ကိုယ်စား တဲရောကတ်ဒ်တချို့ ချိုးပေးရလိမ့်မယ် ... သေသေချာချာ အာရုံပြုလိုက်ပါ ..."

"ဟုတ်ကဲ့"

"ရပြီ ... ဒါ အန်တီ ချိုးလိုက်တဲ့ အပုံပါ ... ကျွန်မ အပေါ်ဆုံး ဖဲချပ်ကို လှန်ပါမယ်"

ခင်သည် ဖဲချပ်၏ပုံကို ကြည့်လိုက်ပြီးလျှင် တည်ငြိမ်သော အသံဖြင့် ...





"ကုသိုလ်ကံကတော့ မဆိုးပါဘူးလေ ... ဒါပေမဲ့ ... ကျွန်မ မြင်အားတာက ဦးထွန်းခန့်က ဒီတစ်ခါခွဲစိတ်မှုမှာ အောင်မြင်ပေမဲ့ သူ့သက်တမ်းက သိပ်မကျန်တော့ဘူး ...

ဖြစ်နိုင်ရင် ... ကျွန်မ ဦးထွန်းခန့်ရဲ့ လက္ခဏာကို တော့ ကြည့်ချင်တယ် ... ကျွန်မ အမှန်အတိုင်း ဝန်ခံရရင် ဦးထွန်းခန့်ရဲ့ သက်တမ်းက အနုအသေးအပိုင်းအခြားထိပ် လို့ တွက်ကြည့်လို့ ရနေတယ် ...

ပိုသေချာချင်ရင် လက္ခဏာကိုပါကြည့်မှ တပ်အပ် ပြောနိုင်မယ်"

"အို ... ဟုတ်ရဲ့လားကွယ်"

အမျိုးသမီးကြီးသည် အခြေအနေကို လက်မခံလို ဟန်ဖြင့် တစ်ချက် ရေရွတ်သည်။

ခင် အခုထိ ထိုအမျိုးသမီးကြီး၏ အမည်ကို မသိသေး။

ထို့ ... မ၏သား အမည်ကိုလည်း ခင် သိပ် မှတ်မိတော့။ သို့သော် ... ထိုသူဟာ ခင်ကဲ့သို့ပင် တနင်္လာသား ...င်ဖြစ်ကြောင်း ခင် သိကို သိနေပြန်၊ မှတ်မိနေပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယတြာချေလို့ ရမလားကွယ် ... ကူညီပါဦး"

"ကျွန်မ ယတြာမချေပေးပါဘူး အန်တီ ... ကျွန်မတာဝန်က လာမေးတဲ့ အကြောင်းအရာကိုသာ တွက်ချက်ပေးတာပါ"

"သားရယ် ... ဘယ်လိုလုပ်မလဲ ... မင်းမေမေက ဒီနေ့ အတွင်းမှာ မေမေတို့ကို ထားခဲ့တော့မှာတဲ့"

"ဟာ ... မေမေကလည်း ... နောင်လာမဲ့ကိစ္စကို ခုထဲက ဘာလို့ ကြိုတွေးနေရတာလဲ ... ဟုတ် မဟုတ်ဆိုတာ ဘယ်လိုသက်သေနဲ့ ပြနိုင်လို့လဲ ... ခက်တာပဲ ... မေမေက မလိုအပ်တဲ့ နေရာတွေမှာ သိပ်ယုံလွယ်လွန်းတယ်"

ခင်သည် ခင့်ရှေ့မှာ ပြောလိုက်သော သူ့စကား အသုံးအနှုန်းတို့ကြောင့် တော်တော့်ကို စိတ်အနှောင့်အယှက် ဖြစ်သွားတော့သည်။

ခင့်မှာ ဒေါသမရှိခဲ့တာ ကြာပြီ။

ဒေါသ၊ မောဟများကင်းအောင်လည်း ခင်နေတတ် ခဲ့ပြီးပြီ။

ထို့ကြောင့် သူ့စကားတို့ကို ခင်,ဒေါသမဖြစ်ခဲ့ပါ။ ခင့်ပညာရပ်ကို ထိပါးခံလိုက်ရ၍သာ ခင့်စိတ်များ မကြည်လင် တော့သလို ခံစားရတာပင်။





"ဆရာမလေးရယ် ... ကိုထွန်းခန့်က အကယ်၍များ မခွဲ စိတ်ဖြစ်ခဲ့ရင်ရော ... ဘယ်လိုအခြေအနေ ဖြစ်လာမလဲ"

ခင်သည် မျက်စိကို အသာအယာမှိတ်၍ အာရုံခံ ကြည့်ရပြန်သည်။ နောက် ခင်သည် မျက်လုံးများကို ပြန်ဖွင့်မနေ ဘာဘဲ ခပ်တိုးတိုး အသံကြားရုံလောက်ဖြင့်သာ ...

"ကျွန်မ မြင်တာက ဦးထွန်းခန့်က မခွဲစိတ်လို့ မဖြစ် လောက်အောင် အခြေအနေ ကြုံလာမှာမို့ ခွဲစိတ်မှုကတော့ ဖြစ်ကို ဖြစ်ဦးမှာပါ ...

ရောဂါသက်သာသွားတဲ့ အထိလည်း အောင်မြင်မှာ ပါ"

"မေမေ ... ဘာထပ်မေးချင်သေးလဲ ... ဒီကိစ္စတစ်ခုပဲ မေးမယ်ဆိုရင် ပြီးနေပြီလေ ... ပြန်ကြရအောင်"

ခင်သည် သူ့ရဲ့ ခပ်တိုးတိုးအသံကိုတော့ ကြားလိုက် ရသေးသည်။

"အန်တီတို့အတွက် ပေးထားတဲ့ အချိန်က ဆယ့်ငါးမိနစ် ပါ။ အချိန်လည်း စေ့နေပါပြီ။ နောက်တစ်ခု ထပ်မေးချင် တယ်ဆိုရင် ကျွန်မ အချိန်မပေးနိုင်တော့ပါဘူး ...

နောက်လူတွေအတွက် အချိန်ပေးရဦးမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုသည် မိန်းကလေး၏ အေးချမ်းသော အသံပြ ငြိမ်ကို ကြားလျှင် သူ့ဘက်က ပြောလိုက်မိခြင်းအတွက် အနည်း ငယ်တော့ အားနာသွားမိပါသည်။

သို့သော် ... သူသည် ဘာကြောင့်ရယ်မသိ အခြေအနေကို လက်ခံလို့ မရချင်သလို ဖြစ်နေခဲ့သည်။

ကြည့်စမ်း ... ဒီမိန်းကလေးကို ဒီလိုပုံစံနဲ့ တွေ့ တာ ... ငါ ဘာကြောင့် လက်မခံနိုင်စရာ ဖြစ်နေသလဲ။

ဗေဒင်ဟောခန်းထဲမှ ထွက်လာသောအခါ ကိုသည် ခေါင်းထဲမှာ တွေးစရာတွေ တစ်ပုံကြီးနဲ့ ဖြစ်နေတော့သည်။

+0+





"ဗေဒင် ဆရာမကလည်း အတိအကျကို ပြောရဲလိုက်တာ"

"တကယ်ဟုတ်လို့ ဖြစ်မှာပေါ့ သားရယ်"

မေမေက တကယ်ပဲ ယုံကာ မျက်ရည်တလည်လည် ဖြစ်နေ၍ ကိုသည် ခင်ခင်ဟု အမည်ရသော ဗေဒင်ဆရာမလေးဟာ ဘာကြောင့် ဒီလောက် အတိအကျ သိသလို ပြောရဲသလဲဟု တွေးပြီး မကျေနပ်ချင်ပြန်။

"သားတော့ သိပ်မထင်ပါဘူး၊ ဗေဒင်ဟောတဲ့ လူတွေက သူတို့ သိပ်သိ၊ သိပ်တတ်နေရင် ဆင်းရဲနေတဲ့ လူတစ် ယောက်ကို ချမ်းသာအောင် လုပ်ပေးနိုင်သလား ...

ဒါမှမဟုတ် သူတို့ကိုယ်တိုင် သူတို့သေမဲ့နေ့ကို ကြိုသိနိုင်မလား ... မေးလိုက်ချင်တယ်"

"ဗေဒင်ဆရာမလေးက ယတြာမပေးတဲ့ ဆရာမဆိုပြီး နာမည်ရှိနေတာလေ။ ဒါကြောင့် ... သူ့သဘောက တကယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ဆိုတဲ့ အရာဟာ ဖြစ်ကို ဖြစ်မှာပဲလို့ ပြောနေတာ
နဲ့ အတူတူပဲ"

"မေမေတော့ မလွယ်ဘူး ... ဟိုက ပုံပြောကောင်းတိုင်း
စာတ်ရှည်လည်နေတော့တာပဲဗျာ"

"မေမေက သိပ်ယုံလွယ်လွန်းတာ မဟုတ်ပါဘူး ... သူ
ပထမဦးဆုံးအကြိမ် ဆုံပြီးကတည်းကိုက စိတ်ထဲမှာ အဲ
လိုသိနေတာ။ ဆရာမလေးက ညာဖြီးဟောပြောတတ်
သူမျိုး မဟုတ်ဘူးလို့ သိနေတယ် ...

ဆယ်တန်းဖြေပြီးတော့ဆိုလား အဲဒီအချိန်မှာ သူ့
သိလရှင် ဆရာမကြီး တစ်ယောက်က ပညာသင်ပေးလို့
တော့ ပိုပြီး တတ်သွားတာတဲ့ ...

သူက အကြားအမြင်ထက် လက္ခဏာကြည့်
တောင် ပိုပြီးအတိအကျကို ဟောနိုင်တာတဲ့ ...

ဒါပေမဲ့ သူဟောတဲ့ တဲရှော့ကတ်ဗေဒင်ဟော
ကလည်း မမှန်ဘူးပြောတဲ့သူ ရှားပါတယ်"

"မေမေက တော်တော့်ကို သိနေတာပဲ"

"သူ့ဆီ ပထမဦးဆုံးသွားဖို့ ညွှန်ပေးတဲ့ မေမေ့သူငယ်ချ
ဆီက သိရတာပဲလေ ...





သားရဲ့ကားကိစ္စမှာ သူပြောလိုက်တာတွေ မှန်လွန်း
လို့ မေမေက သူငယ်ချင်းကို ပြန်ပြောတော့မှ အဲဒီသူငယ်
ချင်း ... အဲ ... သူ့နာမည်က မတင်နွယ်လေ ... မတင်နွယ်က
ဆရာမလေးအကြောင်း ပြောပြတော့တာပဲ"

"ဒေါ်တင်နွယ်က ဘယ်လိုသိလို့လဲ"

"ဟဲ့ ... မတင်နွယ်နဲ့ ဆရာမလေး မိဘတွေကလည်း
လုပ်ငန်းမှာ အစုစပ် ရှယ်ယာဝင်တွေ အတူတူပဲတဲ့ ...
လုပ်လာကြတာ ဆရာမလေး ငယ်ငယ်တည်းက သိကြတာ
ဆိုပဲ ...

သူ့မျက်စိအောက်တင် ခင်ခင် ဆိုတဲ့ ကောင်မလေး
က ဗေဒင်ဟောတဲ့ ဆရာမလေး ဖြစ်လာတာတဲ့"

"အသက်ငယ်လွန်းနေတာဗျာ"

"အော် ... မေမေလည်း သားလိုပဲပေါ့ ... ပထမဦးဆုံး
စ,တွေ့တော့ အသက်စပ်ကြီးကြီးလို့ မှန်းထားတာလေ ...
မတင်နွယ်ကလည်း ဒေါ်ခင်ခင် ... ဘယ်လမ်း ဘယ်အိမ်
နံပါတ်လို့ပဲ ညွှန်လိုက်ပြီး ဘယ်အရွယ်ရယ်လို့မှ မပြော
လိုက်တော့ စဝင်ဝင်ချင်း တော်တော့်ကို အံ့သြပြီး ယုံကို
မယုံချင်တော့ဘူး။ သူ ဘာပြောပြော မယုံဘဲ ဖြစ်နေချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာကွယ် ... တိုက်တိုက်ဆိုင်ဆိုင် သားဆီက ဖုန်းဝင်လာပြီး သူ ပြောပြနေတဲ့ နေရာမျိုးမှာ သားရဲ့ကားက ပြန်တွေ့တယ် ဆိုတဲ့ အဖြစ်ကြောင့် ယုံသွားရတာပါကွယ် ... အလကားနေရင်းတော့လည်း မေမေက စွတ်ယုံနေတဲ့ လူစားမျိုး မဟုတ်ပါဘူး"

ကိုသည် ဒီလိုပညာရပ်တွေကို ယုံသည်လည်းမဟုတ် မယုံဘူးလည်း မဟုတ်သူပင်။

သူက သိပ္ပံကျူကျူတွေးခေါ်ချင်သော လက်တွေ့သမားသာ ဖြစ်နေသည်။ သူ့ကို အရင်ဘဝ နောက်ဘဝတွေအကြောင်း လာပြောလည်း မယုံ။

အရင်ဘဝဆိုတာ ရှိလို့လား။ သေပြီးရင် နောက်ထပ်ဘဝကို ရောက်သလားလို့ သူ ပြန်မေးဖို့၊ ပြန်အငြင်းအခုန်လုပ်ဖို့ ဘယ်တော့မှ ဝန်မလေးခဲ့ပေ။

"ကဲ ... ထားပါတော့လေ။ လူ ဟောလိုက်သလို မေမေက ဒီအသက်အရွယ် အပိုင်းအခြားမှာပဲ သက်တမ်းကုန်နေပြီဆိုရင် မေမေက ဘာလုပ်မလဲ ..."

"ဘာလုပ်ရမှန်းတောင် မသိပါဘူး သားရယ် ..."

"သူ ဟောမှတင်မဟုတ်ပါဘူး ... မေမေလည်း အဲဒီကျော်





ကပ်ရောဂါနဲ့ပဲ ကျန်းကျန်းမာမာ ရှိတယ်ရယ်လို့ကို မရှိဘူး၊ ဆေးရုံနဲ့ဆေးခန်းနဲ့ နပန်းလုံးနေရတာ လေးငါးခြောက်နှစ်မကတော့ဘူးနော်"

"အေးပေါ့ ... ဒါကြောင့်လည်း သားကို သူ့လုပ်ငန်းတွေ အကုန်လွှဲထားတာသာကြည့် ..."

"ဘာပဲဖြစ်ဖြစ်လေ ... ဟုတ်ဟုတ် မဟုတ်ဟုတ် ဒီကိစ္စကို ဖေဖေ့ကိုတော့ အသိမပေးပါနဲ့ မေမေ ...

တစ်ခါတလေကျတော့လည်း တကယ်မဖြစ်ပေမဲ့ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်တာမျိုး ဖြစ်နေဦးမယ်"

"မေမေ သိပါတယ် ... သူ ဘယ်လောက်ပဲ နေရနေရ မေမေ သူ့ကို အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင် ထားရမှာပေါ့ ...

ဒီတော့ သားလည်း သူ့ စိတ်ချမ်းသာမဲ့ စကားတစ်ခွန်းကို ကတိပေးဖို့ မေ့မထားနဲ့"

"ဘာလဲ မေမေ"

ကိုသည် ရိုးတိုးရိပ်တိတ်တော့ သိပေမဲ့ ဒါကို ဆက်မခံလိုသေးသည်ဖြစ်ရာ တမင်ပဲ မသိဟန်ဆောင်၍ မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း သိပါတယ်ကွယ်။ သူ့သူငယ်ချင်းသမီး ပပဝင်းနဲ့ စေ့စပ်ပေးချင်တာလေ။ အဲဒါ မင်းက အင်းမလုပ်၊ အဲမလုပ် ဖြစ်နေတော့ ဖေဖေက မေမေနဲ့ စကားစမြည်ပြောတိုင်း သတိပေးတယ်၊ မင်း သားကို ငါအိမ်ထောင်ရက်သားကျပြီး တည်ငြိမ်တာမြင်ချင်လှပြီ။ ငါ့မျက်စိထဲမှာတော့ ပပဝင်းက လွဲရင် ဘယ်မိန်းကလေးမှ စိတ်တိုင်းကျသေးတာ မတွေ့ ဘူး ... ဘာညာပြောနေတာကွယ် ..."

"သားက အခုရော မတည်ငြိမ်လို့လား"

"တည်တော့တည်ငြိမ်တာပေါ့ ... ဒါပေမဲ့ အိမ်ထောင်ရှိ ပြီးသားလူတစ်ယောက် အထူးသဖြင့် မိသားစုရှိပြီးတဲ့ လူတစ်ယောက်ကျတော့ သူ့ရဲ့တည်ငြိမ်မှုတွေ၊ အတွေး အခေါ်တွေက ပိုပြီး ရင့်ကျက်လာတာလေ ...။ မင်းအဖေက ဒါကို မြင်ချင်နေတာပဲ၊ မင်းက တည်သာတည်ငြိမ်တာ အလုပ်အားတာနဲ့ သူငယ်ချင်းတွေနဲ့တွေ့။ အရက်သောက် မသောက်ရင် ဒီအရွယ်ကြီးကျမှ လူငယ်လေးတွေလို c[illegible] သွားရတာနဲ့ ...။ အသွားကောင်းလို့ ဟိုတစ်ခါလည်း ကားတောင် ခိုးခံရတာ။ အိမ်မှာလည်း VCD ကာရာအို[illegible] ရှိနေတာ မဆိုဘူး။ စားသောက်ဆိုင်က ကာရာအိုကေမှ





သွားဆိုတာမျိုး လုပ်ချင်တာ၊ အဲဒါတွေက မိသားစုမရှိသေး တဲ့ လူတစ်ယောက်ရဲ့ လွတ်လပ်မှုတွေ၊ မတည်ငြိမ်သေးမှု တွေကို ပြတာပဲ ..."

ကိုသည် ဘာကြောင့်ရယ်မသိ သူ့အသက်သုံးဆယ် အရွယ်ကို အိမ်ထောင်ပြုဖို့ အချိန်မတန်သေးဟု စွတ်ငြင်းချင်နေ သည်။

ပပဝင်းဟာ သူ့အနေနဲ့ ဘာမှ လက်မခံလိုစရာ အကြောင်းမရှိသော မိန်းကလေးပင်။

သူမက ပညာဆိုလည်း အိုင်ကိုဘွဲ့ရအပြင် ဘွဲ့လွန် လည်း ပြီးထားပြီးပြီ။

သူမ ဖခင်၏ ကုမ္ပဏီမှာ ကိုယ်တိုင်ဦးစီးလုပ်ကိုင် နေသော မိန်းကလေး။

ရုပ်ရည်ဆိုလည်း အပြစ်ပြောစရာရယ်လို့ သိပ်ပင် မရှိလှအောင် ကြည်လင်ဝင်းပဖွားလှပသူမို့ 'ပပဝင်း' ဆိုသော အမည်နဲ့ အင်မတန်မှ လိုက်ဖက်ပါသည်ဟု တင်စားခံရသော မိန်းကလေးပဲဖြစ်သည်။

ကို၏ အကောင်းကြိုက်စံနှုန်းများနှင့် ပြည့်စုံသော အဆင်းရော အချင်းပါ ပြည့်စုံပါလျက် သူတို့ချင်းလည်း အကြိမ်

www.burmeseclassic.com



ကြိမ် ဆုံစည်းနေပါလျက် သူ့တွင် ပပဝင်းကို ချစ်ခင်မြတ်နိုးစိတ်များ ဖြစ်မလာခဲ့ပါ။

သူမကို လက်ထပ်မလားလို့မေးလျှင် ငြင်းစရာလည်း မရှိပြန်။ ခက်တာက သူ ဘယ်မိန်းကလေးကိုမှ မငြိတွယ်ချင်သေးလို့ပဲ ဖြစ်လေသည်။

"သား ... ဘာမှ ပြန်မပြောရင် မေမေက မင်းအဖေ စိတ်ချမ်းသာအောင် ပြောလိုက်တော့မယ်နော်"

ကိုသည် မေမေ့စကားကို ခပ်သဲ့သဲ့ရယ်ကာ သူ့ဘာသာ ရေရွတ်သလို ပြောလိုက်မိသည်။

"ပြဿနာပဲဗျာ ... ဖေဒင်ဆရာမ ဟောလိုက်တဲ့စကားတစ်ခွန်းက မဆီမဆိုင် သားကို မိန်းမယူစေဖို့အထိ ဖြစ်သွားပါလား"





၃

"ဟာ ... သူပဲကွ ... သူပဲ"

နေနိုင်သည် ကို့နံဘေးတွင် ထိုင်နေရာမှ အလန့်တကြား ပြောလိုက်လျှင် ကိုက ခေါင်းငုံ့ကြည့်ကာ ...

"ဘာလဲကွာ ... မင်းက လုပ်လိုက်ရင် ထိတ်ထိတ်ပျာပျာနဲ့ ဘာကောင်မှန်းကိုမသိဘူး ... ဒီမှာ အာရုံပျက်တယ်"

"ဟာ ... ဟာ ... လှတာငေးနေရတဲ့ အာရုံပျက်သွားသလားကိုရာ"

"ကောင်မလေးက VCD တော်တော်များများမှာ ပါဖူးနေတာကွ၊ ငါ သူ့ရုပ်ကို မှတ်မိနေတယ်၊ နာမည်မေ့နေတာပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လှတဲ့လှကြည့်တာ ခဏထားကွာ ... ငါ ပြတဲ့ သူကို အရင်ကြည့်လိုက်"

"ကြည့်မယ် ... ကဲ ... ဘယ်မှာလဲ"

"ဟိုမှာ ... နုသာရောင်မှိန်မှိန်နဲ့ ..."

ကိုသည် နေနိုင် မေးထိုးပြလိုက်ရာ အရောင်တစ်ရောင်ထံ သူ့မျက်လုံးတွေ တည့်မတ်စွာ ရောက်ရှိသွားလျှင် သူ ငေးသွားခဲ့သည်။

ခင်ခင် ...။

သူ့နှုတ်မှားက ခေါ်သံကဲ့သို့သော အသံတစ်သံသည် သူ့ကိုယ်ခန္ဓာအတွင်းမှ မည်သည့်တစ်နေရာက ခေါ်လိုက်မှန်းပင် ကိုကား မသေချာသလို ဖြစ်နေဆဲ။

နုသာရောင် ခပ်မှိန်မှိန်ပိတ်သားအင်္ကျီမှာ မြင်နေကျ မြန်မာအင်္ကျီပုံစံ လည်ပိတ်ရင်စေ့လက်ရှည်ဖြစ်သည်။ လုံချည်ကတော့ အဆင်ခပ်ရိုးရိုးပါတိတ်လုံချည် နုသာရောင်ဖြစ်သည်။

သူမက အထမ်းနှင့်ရောင်းသော ပန်းသည်ကြီးထံမှ သစ္စာပန်းများကို မေးဝယ်နေပါသည်။

ကိုနဲ့ နေနိုင် ထိုင်နေသော လက်ဖက်ရည်ဆိုင်မှဆိုလျှင် လမ်းဘေးဈေးသည်များကို မြင်နေရလေရာ ကိုတို့ဘက်ကို





မျက်နှာမူ၍ ပန်းစည်းများရွေးနေသော မိန်းကလေးကို သေချာစွာ မြင်နေရပါသည်။

"ဟော့ကောင် ... ဘာငေးနေတာလဲ ..."

နေနိုင်က ကို့ပခုံးကို တွန်းရင်း ရယ်သံဖြင့် မေးလိုက်သည်။

"မင်းပဲ ကြည့်ဆို "

"ဪ ... ကြည့်ရုံကြည့်ခိုင်းတာကွ။ အဲဒီလောက် ငေးခိုင်းတာမှ မဟုတ်တာကွာ"

"မင်း သူ့ကို သိလို့လား ..."

"သိလို့ မင်းကို ပြတာ ... ကြည့်လေကွာ၊ သူ့ပုံစံက ထူးခြားမနေဘူးလား ... သူ့မှာရှိတဲ့ အသက်အရွယ်နဲ့ မမျှအောင် ရင့်ကျက်နေအောင် ပြင်ဆင်ထားတာကွာ။ မျက်နှာက သိပ်ကို အေးဆေးတည်ငြိမ်လွန်းနေတာ ..."

"ဟုတ်တယ် ..."

"သူ ဘာအလုပ်လုပ်လဲ မင်း ခန့်မှန်းတတ်လား"

"မခန့်မှန်းပါဘူး ... ငါသိပါတယ် ... သူက ဆေးခင်လာကျောင်းကြည့်တဲ့ ဆရာမလေး။ ခေါ်ခင်ခင်တဲ့ ... ဟုတ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... ဟာကွာ ... ကိုရာ ... မင်းကွာ သိရင်
သားနဲ့ ငါ့ကို ..."

"ဟဲ ဟဲ ဟဲ ..."

နေနိုင်သည် မိန်းကလေးကို တကြည့်ကြည့် ဖြစ်
ပြန်လျှင် ...

"နေနိုင် ဘယ်လိုဖြစ်လို့ ကြည့်နေရတာလဲ ... ဘာ
မင်းရဲ့ ကံကြမ္မာကို သူ့လက်ထဲ ပုံအပ်ချင်လို့လား"

ဟု ကိုသည် နေနိုင် ကြည့်လွန်းနေသည်အ
မနာလိုဖြစ်စွာ မေးလိုက်မိသည်။

စိတ်ထဲမှာ မာနလိုသလို ဖြစ်နေသည့်အတွက်
သူ့ကိုယ်သူ ပြန်အံ့ဩနေရပြန်ပါသည်။

"မဟုတ်ဘူးကွာ ... သူ့အရွယ်လေးနဲ့ အရမ်းမှန်အော
ဟောတတ်လွန်းလို့ ငါ အရမ်းစိတ်ဝင်စားသွားတာ။ သူ
ကို စိတ်ဝင်စားပြီး ဘယ်လိုခေါ်မလဲကွာ ... စိတ်ထဲ
ကိုယ်သွေးသား ညီမတစ်ယောက်ကို ခင်သလိုပဲ
ခင်လည်းခင်သွားမိတယ် ...၊ ဒါပေမဲ့ ငါ သူ့ကို အဲ
မပြောခဲ့ပါဘူး။ သူ ယုံချင်မှယုံလိမ့်မယ်။ သူ့လို ငယ်ငယ်
ရွယ်ရွယ်နဲ့ ဗေဒင်ဟောဆရာမတစ်ယောက်ကို တမင်လာ
သွေးတိုးစမ်းတယ် ထင်မှာစိုးလို့"





"မင်းက ဘယ်လိုကဘယ်လို ..."

"ဒီလိုကွာ ... လွန်ခဲ့တဲ့သုံးလလောက်က ငါ့ပြဿနာတစ်ခု
ကွာ ... တော်တော်ရှုပ်တာ။ ငါ မမှားပဲနဲ့ တခြားလူကို
ငွေတွေတစ်ပုံကြီး လျော်ရမလို ဖြစ်တောင်ဖြစ်နေတယ်၊
အဲဒီမှာ ငါ စိတ်ညစ်လွန်းတာနဲ့ မိတ်ဆွေတစ်ယောက်က
ခေါ်လို့ စိတ်ဝင်စားပြီး သူ့ဆီ ဗေဒင် သွားမေးတာ
လေ"

"သိပြီ ... သိပြီ ... သူက မင်းကို မှန်တာတွေ ရွေးဟော
လိုက်တယ် ဆိုပါတော့ ..."

"ဟာ ... ဘယ်လိုပြောလိုက်တာလဲ ... သူ ဟောတာတွေက
မှန်နေတာပါကွာ ... အံ့မယ် ငါ့ကျပြောတယ် ... မင်းက
ဘယ်လိုလုပ် သိနေတာလဲ ... ပြောပါဦး"

ကိုက စိတ်မပါလှသလို အသံဖြင့် မေမေ စတင်ပြီး
ရောက်သွားရာကအစ သူပါ မေမေနဲ့အတူ တစ်ခေါက်ရောက်ခဲ့ပုံ
ကိုသာ ပြောပြလိုက်သည်။

အဲဒီမတိုင်ခင်က Blazon (ဘာလေဇွန်)အင်ရောင်း
လောဇာကြီးမှာ တွေ့ခဲ့ဖူးကြတယ်ဆိုတာကို သူ လုံးဝ မပြောပြ
တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ခါတစ်ရံတွေမှာ အရင်းနှီးဆုံး သူငယ်ချင်းကိုပင် လျှို့ဝှက်ထားတတ်သူ ဖြစ်နေပြန်သည်။

"ဟော ... သူ ကားစက်နှိုးနေတာ မရဘူးထင်တယ် ... တော်တော်ကြာနေပြီ။ တွေ့လား ... မင်း သတိထားမိလား ကို ...။ ဟောကောင် ..."

နေနိုင့် အသံက မလိုအပ်ဘဲ တဆိတ် စိတ်လှုပ်ရှား လွန်းနေသည်။

ဒီကောင်ဟာ မိန်းကလေးကို ရိုးရိုးသားသား ခင်ခဲ့ တာရော ဟုတ်ရဲ့လား ...။ တဆိတ် မသင်္ကာစရာကောင်းလွန်း နေပြီ။

"ဟား ဟား ဟား ... ဒီနေ့ သွားမဲ့ခရီးလမ်းမှာ ... ပျက်တာနဲ့ ကြုံမယ်လို့ ဘာကြောင့် သူ့ကိုယ်သူ ... ကြိုမတွက်ထားရတာလဲကွာ ... အကြားအမြင်ရတယ်ဆို ... ကြိုမြင်နေရမှာပေါ့"

"မင်းကလည်းကွာ ... လာပါ။ ငါ ကြည့်မနေနိုင်တော့ ... သွားကူရအောင်"

"မင်းနာမည့် နေနိုင်ကနေ မနေနိုင်လို့ ပြောင်းရမယ် ... တယ်"





"မင်း မလိုက်ချင်လည်းနေကွာ ... ငါ သွားကူညီမယ်"

ကိုသည် နေနိုင်ထွက်သွားတော့လည်း သူ ကျန်ရစ်လို့ မရဘဲ ခေါင်းတခါခါ ဟန်လုပ်ရင်း နောက်က လိုက်ပါသွားမိပါသည်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



"ကားဘာဖြစ်လို့လဲ မသိဘူး၊ ဘာများအကူအညီပေးရမ
ခင်ဗျာ"

ခင်သည် အသံတစ်သံကြောင့် ကားစက်ထပ်နှိုး
ပြင်နေသည်ကို ရပ်လိုက်ရင်း မော့ကြည့်လိုက်သည်။

သြော် ...။

ခင်သည် ခင်မှတ်မိထားပြီးသော မျက်လုံးတစ်စုံနှ
အတူ ခင် မသိသော်လည်း ခင့်ကို သိနှင့်နေဟန်ဖြင့် ကြည့်နေသော
မျက်လုံးတစ်စုံတို့ကို ရင်ဆိုင်လိုက်ရလျှင် ရင်ထဲမှာ ခပ်တိုးတိ
အာမေဍိတ်သံ ပြုမိပါသည်။

ခင်မှာ ဒီလအတွင်းက တစ်ရက်ရက်မှာ ကားစက်
ပတ်သက်ပြီး အခက်အခဲတချို့ ကြုံရလိမ့်မယ်ဆိုတာ မိမိဘာသ
ကြိုသိထားတာမို့ ကားကို စိတ်ချရအောင် ပြင်ဆင်မှုတွေ လု
တော့လုပ်ထားပါရဲ့ ...။





သို့သော် ...

ဒီနေ့၊ ဒီရက်၊ ဒီအချိန်မျိုးမှာ ဒါဟာ ဖြစ်မယ်ဆိုရင်
ဖြစ်ကိုဖြစ်ရမှာပဲလို့ သိနှင့်ထားတဲ့အတိုင်း တကယ်လည်း ဖြစ်ပျက်
ကြုံတွေ့ရလေပြီ။

ခင် ဒါကို မတုန်လှုပ်သလို သူနဲ့ခင်ဟာ အကြောင်း
အရာပေါင်းများစွာနဲ့ အမြဲတစေ တိုက်ဆိုင်ပြီး ဆက်ဆံတွေ့ရလိမ့်
မယ်ဆိုတာလည်း ခင် သိနှင့်နေသည်ဖြစ်ရာ ယခုတလော ခင်
အပြင်ထွက်တိုင်း သူနဲ့ တစ်နည်းမဟုတ်တစ်နည်း ဆုံရခြင်းကို
ခင် 'မအံ့သြ'တော့ပါ။

' ခင်နဲ့ ရှင့်ရဲ့ ရေစက်က အခုမှ ဆုံကြရတာလေ။

"ကျွန်တော့်က ကားစက်နည်းနည်းပါးပါး ကြည့်တတ်နေ
တာကြောင့် ..."

ကိုသည် နေနိုင်၏ လိုအပ်သည်ထက် ပိုလှသော
စကားအသုံးအနှုန်းနှင့် မိတ်ဆက်နေမှုကို အလိုလို အမြင်ကတ်
ပြန်သည်။

"ကားစက်နှိုးကြည့်နေတာလေ ... မရဘူး၊ ကျွန်မ သေသေ
ချာချာ စစ်ဆေးပြင်ဆင်ဖို့ ဝပ်ရှော့ကို အပ်ထားတာပါပဲ၊
စိတ်ချရမှ အပြင်ထွက်တာတောင်ကားက ဘာဖြစ်မှန်းကို
မသိဘူး"



www.burmeseclassic.com

"ကျွန်တော် ကြည့်ပေးရမလား"

"ဟုတ်ကဲ့ ... ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ် ... ကြည့်နိုင်ရင် ကြည့်ပေးပါ"

"ဒါဆို ဘောနက်ဖွင့်လိုက်ပါ"

နေနိုင်သည် ကားဘောနက်ကို ဖွင့်လိုက်တာနဲ့ ကားစက်တွေ ဟိုနှိုက်ဒီနှိုက် လုပ်နေတော့၏။ ကိုလည်း ဒီတိုင်း ရပ်နေရင်း မကောင်းတာမို့ နေနိုင့်နံဘေးသွားရပ်ပြီး စမ်းစုနေလိုက်သည်။

ပြီးတော့ ခပ်တိုးတိုးအသံဖြင့် အတင်းအုပ်လိုက်သေးသည်။

"ဗေဒင်ဆရာမက ဒီနေ့ဒီအချိန်မှာ သူ့ကို ရုပ်ရည်သင့်တင့်ပြေပြစ် ကြည့်ကောင်းသော တနင်္လာသားနှင့် စနေသား လူပျိုနှစ်ဦးက စိတ်ပါလက်ပါ ကူညီပေးလိမ့်မယ်လို့ ကြိုတင်တွက်ချက်ထားသေးလား မသိဘူး ... ဟဲဟဲ"

"ဟော့ကောင် ... တိုးတိုးလုပ်ကွာ ... မင်းကလည်း ဘာကောင်မှန်းကို မသိဘူး၊ စိတ်မပါလည်း ဝင်မပါနဲ့ကွာ"

"စိတ်ပါလို့ မင်းနောက်လိုက်လာတာ"

"ရပြီထင်တယ် ... ဆရာမကို စက်နှိုးကြည့်ဖို့ ပြောလိုက်ကွာ"





"မင်း ပြောပါလား"

"ဘာလဲ ... မင်းက ဒီလောက်လေးတောင် လှမ်းမပြောချင်ဘူးလား ..."

နေနိုင်က ဘုမှုတ်နေသဖြင့် ကိုသည်မိန်းကလေး ...က် ကိုယ်ကိုလှည့်ရင်း ပြောလိုက်ရသည်။

အမှန်တကယ်တော့ ကိုဟာ စိတ်မှာ ဒွိဟဖြစ်နေတာ ... သူက ခင်ခင့်ကို စကားလည်း ပြောလိုသည်။ သို့သော် ပြော ...ည်းမပြောချင်ပြန်။

ခင်ခင်နဲ့ ရင်းနှီးခင်မင်ရမှာ ကိုသည် လိုချင်ရက်နဲ့ ...ယူရဲသလိုလည်း ဖြစ်နေပြန်တာအမှန်ပင်တည်း။

"စက်နှိုးကြည့်လိုက်ပါခင်ဗျာ ..."

ခင်သည် ကားစက်ကို တစ်ချက်လှည့်၍ နှိုးလိုက ...ည်။

ချက်ချင်းတော့မရပါ။ နောက်တစ်ကြိမ်လောက် ...နှိုးမလို့ပြင်တော့ ...

"လီဗာလေးနည်းနည်းနင်းပြီး နှိုးကြည့်ပါ ဆရာမ"

ခင်သည် ခင့် သိပ်မမှတ်မိ၊ မသိရှိလှသော လူထံ ...ရာမ'ဟု ခေါ်သံကို သတိပြုမိသွားပါသည်။

www.burmeseclassic.com



"ဟော ... စက်နိုးသွားပြီ"

ခင်သည် ကားထဲဝင်မထိုင်သေးဘဲ ကားစက်နှိုးထားရင်းမှ အပြင်ထွက်ရပ်လိုက်သည်။

သူတို့ နှစ်ဦးက ခင့်ဆီ ပြန်လျှောက်လာပါသည်။

တစ်ဦးက ဖြူဖြူမြင့်မြင့်နှင့် ခင့်ကို သိပ်မယုံကြည်လှသော မျက်လုံးတွေနဲ့ကြည့်သူ ...။ ကျန်တစ်ဦးကတော့ အသားခပ်အရပ်မြင့်မြင့်နှင့် ခင့်ကို ခင်မင်နေဟန် မျက်လုံးတွေနဲ့ ကြည့်နေသူ။

"ကျေးဇူးတင်ပါတယ်ရှင် ... ကားက ဘာများဖြစ်တာလဲ မသိဘူးနော်"

"ဘာမှ သိပ်မဖြစ်ပါဘူး ... ပလပ်နည်းနည်းချောင်နေတာပါ"

"ဪ ... ဪ"

"ကျွန်တော်က ဆရာမကို သိပါတယ် ... ဆရာမဆီ တစ်ခါတုန်းက လာမေးဖူးပါတယ် ... ကျွန်တော့်နာမည် နေနိုင်လေ"

"စိတ်မရှိနဲ့နော် ... ကျွန်မ သိပ်မမှတ်မိဘူး ဖြစ်နေတယ်"

"ရပါတယ် ... ဆရာမက နေ့စဉ် လူပေါင်းများစွာနဲ့ ဆက်ဆံနေရတော့ ကျွန်တော့်လို တစ်ခါတလေမှ ဗေဒင်လာမေးတဲ့လူကိုတော့ ဘယ်မှတ်မိပါ့မလဲ ...





ဪ ... ဒါက ကျွန်တော့်သူငယ်ချင်း။ သူ့နာမည်က ကို, ပါ"

"ဟုတ်ကဲ့ရှင့်"

"ကျွန်တော့်အမေကတော့ ဒေါ်ခင်ခင်ဆီ နှစ်ခေါက်တောင် ရောက်ဖူးပါတယ်"

ကိုသည် ဆရာမဟု သူမကို ခေါ်လိုဟန်မပြဘဲ ဒေါ်ခင်ခင်ဟူ၍ ခေါ်လိုက်ပြီး

သူ သိနှင့်ပြီးသားဖြစ်သည်ကို ဖွင့် ပြောလိုက်သည်။

ခင်က ထိုအခေါ်အဝေါ်အတွက် စိတ်အနှောင့်အယှက် အနည်းငယ်မျှပင် မဖြစ်ဘဲ ငြိမ်သက်စွာပြုံးရင်း ခေါင်း အသာအယာ ညိတ်ပြလိုက်လေသည်။

"ကျွန်မကို ကူညီကြတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ ပြီးတော့ ကျွန်မကို သိကျွမ်းနေကြပြီးသားဖြစ်တဲ့အတွက်လည်း ဝမ်းသာပါတယ် ...

မိတ်ဆွေအဖြစ် ခေါ်ပြောနှုတ်ဆက်နိုင်ပါတယ်။ လမ်းတွေ့ရင် နှုတ်ဆက်ပါနော်၊ ကျွန်မကတော့ တော်ရုံတန်ရုံဆို ကိုယ့်အာရုံနဲ့ကိုယ်ဆိုတော့ မမြင်တတ်ဘူး။ ပြီးတော့ ဥပုသ်နေ့တွေကျမှ အားတာလေ ... အဲဒီနေ့တွေကျမှ စိတ်အပန်းဖြေတဲ့အနေနဲ့ အပြင်ထွက်ဖြစ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... စကားကောင်းနေလိုက်တာ။ ကျွန်မကို ခွင့်ပြုပါဦးနော်။ ဗေဒင်မေးဖို့ မဟုတ်ဘဲ လမ်းကြုံလို့ရှိရင်လည်း ကျွန်မဆီ ဝင်လည်နိုင်ပါတယ်ရှင် ..."

ခင်သည် စကားလည်းဆုံး သူမပါ ကားထဲ ဝင်ထိုင်လိုက်ပြီး ဖြစ်နေသည်။

ကိုသည် ရုတ်တရက် ခေါင်းထဲမှာ ပေါ်လာခဲ့သော အကြောင်းအရာတစ်ခုကိုတော့ မိန်းကလေးသိအောင် ပြောဖြစ်လိုက်ပါသေးသည်။

"ခေါခင်ခင် ဟောလိုက်သလိုပဲ ကျွန်တော့်အဖေရဲ့ ကျောက်ကပ်က အခြေအနေဆိုးလာလို့ ပြီးခဲ့တဲ့အပတ်ကပဲ ရန်ကုန်မှာ ခွဲစိတ်ကုသလိုက်ရတယ် ... အခုတော့ ရောဂါတော် တော်သက်သာသွားပြီ"

"ဩော် ... ဟုတ်ကဲ့ ... ကြားရတာ ဝမ်းသာပါတယ်။ ကျွန်မ မေတ္တာပို့နေပါတယ်လို့ အန်တီ့ကို ပြောလိုက်ပါ၊ သွားလိုက်ပါဦးမယ်နော်"

ခင်သည် သူတို့သားအမိ ကိုယ့်ဆီလာခဲ့တယ် ဆိုတာကိုသာ သတိရလျက် မည်သည့်အကြောင်းအရာကို လာဆွေးနွေးမေးမြန်းမှန်းတော့ မမှတ်မိပါ။





သူက ခုလို ဖွင့်ပြောလိုက်မှသာ သတိရ ရလေသည်။

င်း... ခင် မြင်ရသမျှဆိုရင် သူ့အဖေဟာ ဒီနှစ်ထဲမှာပဲ အသက်

ဆုံးဖို့ရှိနေတာ ...။

ဒါကို သူက မယုံသေးဆိုပဲ ...။

အေးလေ... ဒါမျိုးက ကိုယ်တိုင်တွေ့ကြုံရမှပဲ ယုံချင်

တာမို့ အပြစ်မပြောပါဘူး။

တစ်နေ့ကျရင် ရှင် ခင့်ကို ယုံလာမှာပါ ကို။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဆုံးသောအခါ ကိုသည် ထူးခြားစွာ တုန်လှုပ်မနေတော့ဘဲ တည်ငြိမ်စွာပင် လုပ်စရာရှိတာတွေလုပ်ရင်း သူမကို သတိတရရ ဖြစ်နေမိသည်။

မေမေကား လာသမျှလူတွေကို ငိုလည်းငို ပြောလည်းပြောရင်း ခင်ခင့်အကြောင်း မပါမရှိသော စကားလုံးများစွာထဲမှာ အချိန်ကုန်ဆုံးနေသည်။

ပပဝင်းက ကြာတော့ မနေနိုင်တော့ပဲ ကိုကို ခပ်တိုးတိုး လာမေးသည်။

"ကို ... တို့က အန်ကယ်လ် ဆုံးလိမ့်မယ်ဆိုတာ ကြိုသိရင်လည်း အဲဒီဗေဒင်ဆရာမကို ယတြာချေခိုင်းပါလား။ စကားပုံတောင် ရှိတယ် ... ယတြာကျောင်းရင် မင်းလောင်းတောင် ပျောက်ရတယ်ဆို ..."

ယခုဆိုလျှင် ဖေဖေ့စိတ်တိုင်းကျအရ ကိုနဲ့ ပပဝင်းတို့က စေ့စပ်ပြီးသား ဖြစ်နေလေပြီ။





သို့သော် ကိုတို့ပုံစံက သူငယ်ချင်းမိတ်ဆွေပုံစံထက် ပိုပြီး တိုးတက်မလာပါ။

ကိုကလည်း ပပဝင်းကို ချစ်သလား၊ မချစ်သလား သေချာစွာ မပြောနိုင်သလို ပပဝင်းကလည်း ထိုအတိုင်း ဖြစ်လိမ့်မည်ဟု ကို ထင်နေသည်။

"သူက ယတြာမပေးဘူးတဲ့"

"ဟင် ... ဘယ်လိုကြီးလဲ"

"အေးကွ ... ဘယ်လိုမှန်းကိုမသိတဲ့ ဗေဒင်ဆရာမပဲ။ သူက ယတြာမပေးတော့ မေမေလည်း ဗေဒင်ဆရာပေါင်းစုံ လှည့်မေးပြီး ယတြာတောင်းတာပဲ။ သူတို့ပေးသမျှ ယတြာ လည်း ချေတာပဲ။ မရပါဘူး"

"အဲဒီဗေဒင်ဆရာမက ငယ်ငယ်လေးဆို"

"ဟုတ်တယ် ..."

"ကို ရောက်ဖူးလား"

"ကို မေမေ့ကို တစ်ခါလိုက်ပို့ဖူးတယ်"

"ကိုရော ကို့အကြောင်း မမေးဖူးလား"

"မမေးပါဖူး ... ကိုက အဲဒီလိုဟာတွေ မယုံဘူး။ လက်တွေ့သမားပေါ့"

www.burmeseclassic.com



"ပ,ကတော့ ယုံတယ်ရယ်လည်း မဟုတ်ပါဘူး ... တကယ်
မှန်တဲ့လူဆိုရင်လည်း ယုံရမှာပေါ့ ... Super natural power
(စူပါနယ်ချုရယ်ပါဝါ) ဆိုတာမျိုးက တကယ် ရှိတဲ့
တာ ပဲ"

"ဗေဒင်တို့ အကြားအမြင်တို့ကို ယုံကြတာလည်း မိန်း
အုပ်စုကများတာပဲ"

"ဟော့ ... ကို ... အားရင် ပ,ကို တစ်ရက်လိုက်ပို့ကွာ"

"ဟာ ..."

ကိုသည် လက်မခံချင်သလိုလေသံဖြင့် တစ်ချက်
ညည်းညူလိုက်မိသည်။

ပပဝင်းကိုတွဲပြီး ခင်ခင့်ဆီ သွားရမတဲ့။ မသွားချင်
ဘူးကွာ ...။ ဘာဖြစ်လို့ သွားရမှာလဲဟာ ... မဟုတ်သေးဘူးလေ
ခင်ခင်က ငါတို့အကြောင်း သိတော့ရော ဘာဖြစ်လဲ။ ဘာဖြစ်
သွားမှာမို့လို့လဲ။ ဟင်း ...။ ကိုသည် သူ့စိတ်အာရုံထဲမှာ ဧ
ပြားနောက်ကျိစွာပင် တွေးတော ငြင်းခုန်။

"ကို လိုက်မပို့ရင်လည်းနေ ... ပ,ကို လိပ်စာပေးလိုက် ...
ပ,ဘာသာ သွားမေးမယ်"

"ဘာလို့ ဒီလောက်စိတ်ဝင်စားနေရတာလဲ"





"ဩော် ... မှန်တယ်ဆိုလို့ သွားမေးကြည့်ချင်တာ ... ဘာ
ဖြစ်လဲ မောင်ကိုရယ်။ လိပ်စာလေး ပေးရမှာတောင် တွန့်
တိုနေလိုက်တာ။ မပေးရင်နေ ... အန်တီ့ဆီ သွားတောင်း
မယ်"

"လိပ်စာမပေးချင်လို့ မဟုတ်ပါဘူး ... မလိုအပ်တာတွေ
အတွက် အချိန်ကုန်တာကို မကြိုက်လို့။ လိပ်စာရတော့
လည်း ချက်ချင်းသွားချင်လို့ မရဘူးနော် ... သူ့ဆီမှာ
တိုကင်နံပါတ် ယူရမယ်"

"ဖုန်းဆက်ပြီးယူရင် ရလား ..."

"ရတယ် ... နာမည်ပြောထားလိုက်ပေါ့ ... အဲဒီဆရာမ
မှာ စက္ကတေရီလိုမျိုး မိန်းကလေးတစ်ယောက်ရှိတယ် ...
သူ အားလုံး စီစဉ်ပေးလိမ့်မယ်"

"အိုကေ ... အန်ကယ်လ် ရက်လည်ပြီးလို့ ကိုတို့လည်း
အားလပ်သွားပြီဆိုရင် ပ,လည်း ဘာမှကူညီစရာ မရှိတော့
ဘူး။ အဲဒီကျမှ သွားမေးရမယ်"

ကိုသည် ပပဝင်း တစ်ယောက်တည်း သွားမည်ဆို
ပြန်လျှင်လည်း စိတ်ထဲမှာ သူပါ လိုက်ချင်စိတ် ဖြစ်လာပြန်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလည်း လိုက်ခဲ့ပေးပါမယ် ... ပပ,သာ တိုကင်ကြို
ထားလိုက်ပါ"

"ဘာလဲ ... ကိုရော မေးမှာလား"

"မမေးပါဘူး"

"ကို မမေးပေမဲ့ ... ကို့ အကြောင်းကို ပ,က မေးရ
ရော"

"မမေးပါနဲ့။ ကို လုံးဝ သိလည်းမသိချင်ဘူး ... ကြိုက်လည်
မကြိုက်ဘူး ... ပ,ဘာသာ ပ,အကြောင်း မေးပါ ... ပြေ
နေဦး၊ ကိုက ဆေးကနေ နားထောင်လို့ ဖြစ်ပါ့မလား"

"အို ... ဘာလို့ မဖြစ်ရမှာလဲ"

"ပ,မှာ ကို မသိစေချင်တာတွေ ရှိရင် ရှိနေလိမ့်မယ
လေ"

"ဟော့ ... ဟော့ ... ဒီမှာ ပ,တို့က ရှင်းရှင်းလင်းလင်း
သိလား၊ ဘာမှဖုံးကွယ် လျှို့ဝှက်တာတွေ မရှိဘူး။ အမှ
အတိုင်းပဲ ... ဒါကြောင့် ဘယ်ကိစ္စမဆို လူသိခံဝံ့တယ်"

"ကောင်းပါပြီခင်ဗျာ ... ဒါဆို ကျွန်တော် လိုက်ကိုနား
ထောင်ရမှာပေါ့"

ပပဝင်းက ကို့ကို တစ်ချက်ပြုံး၍ ကြည့်ရင်း ...





"ဒါနဲ့ ကို ပြောတော့ ဗေဒင်ဆရာမ ပြောတာတွေဆို
စိတ်မဝင်စားဘူး၊ မယုံတတ်ဘူးဆို။ ခုကျတော့ သူပြောမဲ့
ပ,အကြောင်းကို လိုက်နားထောင်မယ်လေး ဘာလေးနဲ့။
အကယ်၍ သူက မဟုတ်တာပြောရင် ဘယ့်နှယ်လုပ်မလဲ"

"ကို ပြောပြီးသားလေ။ ကိုက နားထောင်သမား သက်သက်
လုပ်မှာလို့"

"အိုကေ ... ဒါဆို ပ,သွားရမဲ့နေ့ကျရင် ကို့ကို ဖုန်း
ဆက်လိုက်မယ်နော်"

ကိုသည် ထိုတစ်နေ့ကို စောင့်စောင့်နှင့် စောင့်နေမိ
နေခဲ့ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









## ၄

ခင့်ထံ သူတို့ ရောက်လာသော အချိန်မှာ ခင်၏ မင်းစားချိန်၊ နားချိန်အပြီး ပြန်ဖွင့်သောအချိန်ဖြစ်ပြီး ... သူ တို့က အဲဒီ စဖွင့်ချိန်၏ အရင်ဆုံးလူ ဖြစ်နေသည်။

ခင်က သူတို့ကို တစ်ချက်သာ ကြည့်လိုက်ပြီး ...

"ဘယ်သူ မေးမှာလဲ"

ဟု အေးဆေးစွာ မေးလိုက်သည်။ ...

စိန်ပွင့်လေးတွေကို ပလက်တီနမ်လေးတွေနှင့်ကွပ် ကျက် တစ်ကိုယ်လုံး ပါးပါးလက်လက်လေးတွေ ဆင်ထားသော င်မတန်မှ ခေတ်မီလှပသည့် အမျိုးသမီးလေးသည် သူမ၏ လှကိုင် လက်ကိုင်အိတ်လေးကို စားပွဲပေါ် တင်မလိုပြုပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မေ့လို့။ လက်ကိုင်အိတ်ကို ဒီစားပွဲပေါ်တင်ရင် ရမလားဟင်"

"ရပါတယ် ... အနားမှာ ချထားပါ"

"မေးမှာက ပ,မေးမှာပါ"

"သြော် ... သြော်"

"စီးပွားရေး မေးချင်လို့"

"မွေးသက္ကရာဇ်နဲ့ နာမည်အပြည့်အစုံ ပြောပါရှင်"

ပပဝင်းသည် သူမ၏ မွေးရက် စသည်တို့ကို ပြောပြီးသည်နှင့် ခင်ခင်သည် စာရွက်တစ်ရွက်မှာ ရေးခြစ်ပြီး သူမ၏ အလုပ်ကိုသာ စိတ်ဝင်တစား လုပ်နေသည်။

သူမက ကို့ကို ရှိတယ်လို့တောင် အသိအမှတ်မပြုဘဲ တည်ငြိမ်လွန်းနေလျှင် ကိုသည် မခံချိမခံသာ ဖြစ်ချင်လာသည်။

ဟိုတစ်လောလေးကမှ ကားပြင်ပေးလိုက်တာပဲ။ ဘာမှ မမှတ်မိစရာ မရှိဘူး။ ဘာကြောင့် ဒီလောက်အေးဆေးနေရသလဲ ... ခင်ခင် ... ငါက ဘာကောင်မို့လို့လဲ။

မင်းကို ဒုက္ခကောင်းကောင်း ပေးနိုင်တယ်လို့များ မင်း တွက်ချက်ထားပြီးလို့ ဒီလောက် စိမ်းပြနေသလား။





"စီးပွားရေးက မပပဝင်း ကိုယ်တိုင်လည်း အခု ကိုယ်တိုင် ဦးစီးနေတာပဲ ... ရေထွက်ပစ္စည်းတွေကို နိုင်ငံခြားတင်ပို့တဲ့လုပ်ငန်း လုပ်နေတာ ... သိပ်ကို အောင်မြင်နေတယ် ...

မိဘအလုပ်အကိုင်မို့ ကိုယ်ပါဝင်လုပ်ရပေမဲ့ မပပဝင်းနဲ့ ဒီအလုပ်က အရမ်းအကျိုးပေးတယ် ... တခြားကိုယ့်ဘာသာ ခွဲလုပ်မယ်ဆိုရင်တောင် အဲဒီလိုပဲ ရေထွက်ပစ္စည်းတွေ ရောင်းချတဲ့ လုပ်ငန်းမျိုးပဲလုပ်ပါ ... အဲဒီလုပ်ငန်းမှာပဲ အောင်မြင်မှု ရမယ်လို့မြင်တယ် ... ဘယ်နေရာမှာပဲဖြစ်ဖြစ် ... အမြဲတမ်း ဦးဆောင်နေရတဲ့သူ ဖြစ်နေမယ် ... တစ်သက်လုံး ကြီးကြီးမားမား ဘာမှ မဆုံးရှုံးရတဲ့ စီးပွားရေးကို ပိုင်ဆိုင်ထားပါတယ်"

ပပဝင်းသည် အံ့သြဟန်၊ တစ်ဖန် ကျေနပ်ဟန် အထင်းသားပေါ်သော မျက်လုံးများဖြင့် ခင်ခင့်ကို ကြည့်ကာ ခေါင်းညိတ်လေသည်။

ကြည့်စမ်း ... ပပ,က သူမ ဘာလုပ်ငန်း လုပ်ပါတယ်လို့ မပြောဘဲ စီးပွားရေးအကြောင်း မေးမယ်လို့သာ ပြောလိုက်တာ ...။



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်က သူမဘာသာ ကြည့်ရှုတွက်ချက်ပြီး ဟော လိုက်တာတွေဟာ ပပဝင်း အကြောင်းကို သိနှင့်ပြီးသားကဲ့သို့ ပြောနေသလိုပင်။

ကိုသည် ဝေဝေဝါနှင့် ယုံတော့မလိုလို ခံစားလိုက်ရ၏။ ပပ ဆိုတာ ပြောမနေနဲ့။ ယုံလွန်းနေသည့်ဟန်တွေ အထင်းသားကို မြင်နေရတော့တာ။

"ပ,က အိမ်ထောင်ကျရင်လည်း ဒီစီးပွားရေးမှာပဲ ဆက်လုပ်ရဦးမှာလား"

"လုပ်ဦးမှာပါ"

"ပ, အချိန်စေ့ပြီလား မသိဘူး ဆရာမ၊ ကြားဖူးတာက ဆရာမက လူတစ်ယောက်ကို ဆယ့်ငါးမိနစ်လောက်ပဲ အချိန်ပေးတယ် ဆိုလို့ပါ"

"မပပဝင်း မေးတာ အချိန်မစေ့သေးပါဘူး။ ငါးမိနစ်လောက် ရပါသေးတယ် ဘာမေးချင်လို့လဲ"

ပပဝင်းသည် သူမဒွဲ့အခက်အခဲများ၊ မပြေလည်မှုများ၊ ပြဿနာများလည်း သိပ်မရှိလှသူဖြစ်ရာ သူမခေါင်းထဲတွင် ရုတ်တရက် ပေါ်လာသည့်ကိုသာ ဖျတ်ခနဲ မေးလိုက်မိတော့သည်။

ကို့ကိုလည်း တစ်ချက် လှည့်ကြည့်ရင်း ...





"ဒီလိုပါ ... သူနဲ့ ပ,က စေ့စပ်ထားပြီးသားပါ၊ အဲဒါ ... ပ,တို့နှစ်ယောက်ရဲ့ ခရီးလမ်းကို တစ်ချက် ကြည့်ပေးလို့ ရမလား"

ဟု မေးလိုက်လျှင် ကိုသည် ပပဝင်းကို စိတ်တိုသွား တော့လေသည်။

ခင်သည် သူတို့၏ ပတ်သက်မှုကို အခုမှ သိရပေမဲ့ ခင့်အတွက် ဘာမှ တုန်လှုပ်စရာ မရှိသလိုပင်။

ခင်သည် သူတို့ကို တစ်ချက်ခြုံကြည့်လိုက်စဉ် ... ခင့် ခေါင်းထဲမှာ အရိပ်တွေ ဝေဝေဝါးဝါး ဖြစ်လာတော့၏။

ခင့်လက်ထဲမှာရှိသော ဗေဒင်တွက်ရာတွင်သုံးသည့် ခဲတံလေးက အလိုလို လွတ်ကျသွား၏။ စားပွဲပေါ်မှ တလိမ့် လိမ့်နှင့် လိမ့်သွားသည်ကို ခင် လိုက်ငေးကြည့်နေသည်။

အဲဒါ ခင့်ရဲ့ အာရုံတစ်ခုထဲ ခေါ်သွားခံရတဲ့ အတိုင်းပဲ ဖြစ်နေလို့ပင်။

နောက်တော့ ခဲတံလေးက စားပွဲစွန်းရောက်လျှင် ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ပြုတ်ကျသွားပါသည်။

ခင်က ခဲတံပြုတ်ကျသွားသည်ကိုလည်း လိုက်ငေး ကြည့်နေဆဲ။ ခင့် နားထဲမှာ အသံတွေ ကြားလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင့်ရဲ့ ခဲတံလေးဟာ စားပွဲပေါ်မှ ပြုတ်ကျပြီး ဆက်လိမ့်သွားရာ ပပဝင်း၏ ဒေါက်မြင့်ဖိနပ် ထိပ်ဦးလေးကို သွားထိမှ ရပ်သွားတော့သည်။

အို … သူတို့ …။

ဟုတ်တယ် … သူတို့နှစ်ယောက် လက်မထပ်ဖြစ်ဘူး။ ပပဝင်းနဲ့ ကိုဟာ တစ်ချိန်မှာ ကွဲကိုကွဲရမှာ။ ပပဝင်းဟာ အခြားယောကျ်ားတစ်ယောက်နဲ့ လက်တွဲရမှာတဲ့ …။

ကိုက … ကိုက … အို … ကိုကတော့လေ …။

ခင်သည် ဒါကို မဟောချင်ပါ။ သူတို့က ခင့်ရဲ့ ထူးထူးဆန်းဆန်း အမူအရာကို တိတ်ဆိတ်စွာ ငေးကြည့်နေကြပင်။

ဘာမဟုတ်သည့် ခဲတံလေးတစ်ချောင်း စားပွဲပေါ်မှလိမ့်ဆင်းပြီး ပြုတ်ကျ၊ တလိမ့်လိမ့် သွားရာကို လိုက်၍စိုက်ကြည့်နေသော ဗေဒင်ဆရာမ၏ အမူအရာ ထူးထူးဆန်းသန်းကို သူတို့ တအံ့တသြ။

"တစ်ခုခု မကောင်းတာများ မြင်လို့လား မသိဘူးနော်"

ပပဝင်းက စိတ်လှုပ်ရှားသော အသံဖြင့်။ ကိုသည် တည်ငြိမ်လှသည့် ခင်ခင့် မျက်လုံးတွေကို အကဲခတ်ရင်း တစ်ခွန်းဝင်ပြောမိတော့လေသည်။





"ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် ပြောလိုက်ပါ ဒေါ်ခင်ခင်။ ကျွန်တော်တို့က အမြဲတမ်း အကောင်းပဲဟောတာကို နားမထောင်ချင်ပါဘူး"

"အို … ကိုကလည်း ဘယ်လိုပြောလိုက်တာလဲ"

ခင်သည် ကို့ကိုပင် တည့်တည့်ပြန်ကြည့်ရင်း နှုတ်ခမ်းစေ့ပြုံးကာ …

"ကျွန်မ အာရုံထဲမှာ မကောင်းတာပဲ မြင်တယ် … အဲဒါကို ကျွန်မ ပြောမှာပါ။ စိတ်ချပါ။ ယုံတာ မယုံတာက ကျွန်မအလုပ် မဟုတ်ပါဘူးရှင်"

"မကောင်းတာ ဘာများလဲရှင်"

ပပဝင်းသည် ကြားလိုလှဟန်ဖြင့် မေးလိုက်၏။ ခင်က ခပ်တိုးတိုးလေး ပြောပြလိုက်သည်။

"မပပဝင်းဟာ အခု စေ့စပ်ထားတဲ့ အမျိုးသားနဲ့ လက်တွဲရလိမ့်မယ်လို့ မမြင်ဘူး။ တစ်နေ့ကျရင် လမ်းခွဲကြလိမ့်မယ် … ဘာကြောင့်လဲ ဆိုတာတော့ ကျွန်မ အာရုံထဲမှာ ကြည့်လို့ မရသေးပါဘူး"

ထိုအခါ ကိုနဲ့ ပပဝင်းတို့သည် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် လှည့်ကြည့်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူတို့ မနက်ခပ်စောစောမှာပင် အမှတ်မထင် ဆုံကြပြန်သည်။

ခင်က သူမ၏ အားလပ်ရက်ဖြစ်သော ဥပုသ်နေ့တွင် ရွှေတိဂုံဘုရားသို့ မနက်စောစောမှာပင် တက်ကာ ပုတီးစိပ်ပါသည်။

ပုတီးပတ် ပြည့်တော့မှ အလယ်တန်းက တက်လာခဲ့သည့် တောင်ဘက်မုခ်မှပင် အေးအေးဆေးဆေး ပြန်ဆင်းလာစဉ် ကိုကလည်း ဘုရားပေါ်သို့ တက်လာခိုက်မှာ တကယ့်ကို မျက်နှာချင်းဆိုင် ဆုံရသည်။

ခင်သည် ဒီရက်တွေမှာ အပြင်ထွက်တိုင်း သူနဲ့ မဖြစ်မနေ ဆုံကိုဆုံရမယ်လို့ သိသိကြီးနဲ့ မရှောင်ခဲ့ပါ။

ခင် ဘယ်လိုမှ ရှောင်လို့မရဘူး။ ခင် ဘယ်လိုရှောင်ရှောင် ရှင်ဟာ ခင့်ရဲ့ တစိတ်တစ်ယောက် ဖြစ်ကိုဖြစ်လာရလိမ့်မယ်ဆိုတာ ဘယ်လိုနည်းနဲ့ပဲ လှည့်တွက်တွက် ဒါပဲ မြင်နေတော့ ရှောင်လည်း မထူးဘူးလေ။ ဒါကြောင့် ရှောင်မနေတော့ပါဘူး ကိုရယ်။ ခင်တို့က ရေစက်ပါနေတာ။ အခု အချိန်အခါ တိုက်ဆိုင်နေပြီမို့ ခင်တို့ ဆုံကိုဆုံကြရပြီ။

ကိုကတော့ ခင့်ကို ကော်ဖီညိုရောင်ဖျော့ဖျော့နှင့် ဃောဂီရောင် စီလွန်သား တဘက်တစ်ထည် လက်ကကိုင်ကာ ဘုရားပေါ်မှ ဆင်းလာတာမြင်လျှင် ရင်ထဲမှာ တစ်မျိုးဖြစ်ပြီး ... တက်လာဆဲ ခြေလှမ်းတွေကို ရပ်တန့်ပစ်မိသည်။

ကိုက ခင် ဆင်းလာသည်ကို ရပ်၍ကြိုစောင့်နေသကဲ့သို့တည်း။

"ဘုရားလာတာလား"

ခင်က စတင်၍ နှုတ်ဆက်သဖြင့် ကိုသည် ဒါကိုပဲ ဆပ်ဖန်တလဲလဲ ကျေနပ်ကာ ခင့်ကို ပြန်၍ လှိုက်လှဲစွာ ပြေမိသည်။

"ဟုတ်တယ် ... ဒီနေ့ ကျွန်တော့်မွေးနေ့မို့ ခပ်စောစော လာတာ ... ဒါပေမဲ့ ဒေါ်ခင်ခင်တောင် ပြန်ဆင်းလာပြီ ဆိုတော့ နောက်ကျတဲ့ သဘောပါပဲ"

"နောက်မကျပါဘူး ... ခုနစ်နာရီခွဲဆိုတာ သာမန်လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် အတွက်တော့ ဘုရားစောစောတက်တဲ့ အချိန်ပါ ကောင်းပါတယ် ... မွေးနေ့မှာ ဘုရားတက်တာလည်း ကောင်းပါတယ်။ ကောင်းမှုကုသိုလ်တွေ လုပ်တာလည်း ကောင်းပါတယ် ...

ဆရာလုပ်တယ်လို့ မထင်ပါနဲ့။ တစ်ခုတော့ သတိပေးချင်တယ် ... မွေးနေ့ဆိုတာ မိမိကို မွေးခဲ့တဲ့ မိခင်ရဲ့ ကျေးဇူးကို အထူးသတိတရရှိပြီး မိခင်ကို သေသေချာချာ ဦးချကန်တော့ခြင်း၊ မိခင်ကို ခြေဆုပ်လက်နယ် ပြုစုခြင်း မိခင် စိတ်ချမ်းသာအောင် ထားခြင်းတို့ကိုလည်း မမေ့မလျော့စေချင်ဘူး”

ခင်သည် မရည်ရွယ်ထားပါပဲ ရုတ်တရက် သူ့ကို စကားတွေ ဆက်တိုက်အများကြီး ပြောလိုက်မိပါသည်။

နောက်တော့ ... ခင် ပြောလိုက်တာတွေ များသွားပြီဟု သတိရကာ ခင်မှာ ပြန်၍ နှုတ်ဆိတ်သွားသည်။

သို့သော် ...

ခင့်စိတ်ထဲက အလိုအလျောက် ဖြစ်လာသော သဘောဖြင့် ကိုကို စကားတွေ အများကြီး ပြောလိုက်မိခြင်း အတွက် ခင် နောင်တ မရပါ။





ကိုကား ခင်၏ ထူးခြားစွာ စကားတွေအများကြီး ပြောဆိုနှုတ်ဆက်လိုက်ခြင်းအပေါ် အထူးတလည် နှစ်သိမ့်ကျေနပ်လျက်တည်း။

သေချာပြီ။ ကို ... ခင့်ကို မြတ်နိုးစွာ စိတ်ဝင်စားနေလေပြီ။

ဘုရား ... ဘုရား ... ဒါ ဘယ်တုန်းက ဘယ်လို ပေါ်လာတဲ့ စိတ်ပါလိမ့်။

မြတ်နိုးမှုဟာ ချစ်ခြင်းရဲ့ အစလားဆိုတာ ကို သေသေချာချာ မသိပါချေ။

“ကျွန်မ သွားစရာလေးတွေရှိလို့ ခွင့်ပြုပါဦးရှင်”

ခင်ကပဲ သူတို့ကြားမှာ မထင်မှတ်ဘဲ ငြိမ်သက်နှုတ်ဆိတ်သွားမှုကို စတင်ပြီး အသက်ဝင်လာစေသည်။

“ဪ ... ခင်ခင်က ဘယ်တွေသွားမှာလဲ”

“အမှန်အတိုင်း ပြောရရင် ကျွန်မ ဘုရားတက်ပြီးတိုင်း အိမ်ပြန်ပါတယ် ... အိမ်မှာ မနက်စာ ကော်ဖီ မုန့်တို့ကို စားတာပါ ...

ပြီးမှ ခဏတရားမှတ်ပြီး အပြင်ထွက်ချင်လည်း ထွက်။ မထွက်ချင်လည်း အိမ်မှာ စာအုပ်ဖတ်ပေါ့ ...

www.burmeseclassic.com



အခုလို ဥပုသ်နေ့တွေဟာ ကျွန်မ အလုပ်အားရက်မို့ ဥပုသ်လည်း စောင့်ပါတယ်"

"ခင်ခင် အိမ်ပြန်ပြီး မနက်စာ မုန့်စားမဲ့အတူတူ ကျွန်တော်နဲ့အတူ တစ်ခုခု လိုက်စားပါလားလို့ ဖိတ်ခေါ်ချင်တယ် ... တစ်မျိုးတော့ မထင်ပါနဲ့နော် ... ကျွန်တော်တို့ရဲ့ ခင်မင်မှု အနေနဲ့ရော ခင်ခင့်ကို ပြောပြစရာတွေရော ... အဲဒါတွေကြောင့် စကားလည်း ပြောရင်းပေါ့"

ခင်သည် တစ်ချက်တော့ တွေဝေပြီး ခပ်ငေးငေးနဲ့ အာရုံတွေ ထွေပြားသွားပြန်သည်။

ကြည့်စမ်း ... ခင်ဟာ ကို့ရဲ့လက်ကမ်းခေါ်ခြင်းထဲမှာ တဒင်္ဂသာယာသွားလိုက်ဘာ။ ဒါ မဖြစ်သင့်ဘူး ဆိုပေမဲ့ ခင့်စိတ်တွေက ကိုနဲ့အတူ ခဏတဖြုတ်တော့ အချိန်ဖြုန်းချင်စိတ်တွေ ဖြစ်နေလေပြီတည်း။

"အဟဲ ... ခင်ခင်ကတော့ ထင်မှာပဲ။ ဘုရားတက်မဲ့လူကလည်း အခုကျတော့ ဘုရားပေါ်တောင် မရောက်တော့ပါလားလို့နော်။ ခင်ခင်နဲ့ မုန့်အတူ စားပြီးရင် ဘုရားကို ပြန်လာမှာပါ ... ကျွန်တော် မွေးနေ့တိုင်း မပျက်မကွက် ပြုနေကျ ဝတ္တရားတစ်ခုကိုတော့ အပျက်မခံပါဘူး။ ပြီးတော့





ခင်ခင့်လည်း အချိန်အများကြီး ပေးစရာမလိုပါဘူး ... ခဏတဖြုတ် ကော်ဖီသောက် မုန့်စားရုံပေါ့"

"ကျွန်မ ..."

"ပြောပါ ခင်ခင် ... ဘာဖြစ်လို့လဲ"

"ကျွန်မ သူစိမ်းယောက်ျားတစ်ယောက်နဲ့ အဲဒီလိုမျိုး တစ်ခါမှ အတူတွဲမထိုင်ဖူးပါဘူး"

"ခင်ခင်က ကျွန်တော် ဖိတ်ခေါ်တာကို လက်မခံလို့တဲ့ သဘောလား ခင်ဗျာ"

"ကျွန်မကို ဘာပြောစရာ ရှိနေလို့လဲ"

ခင်ခင်သည် စိတ်ထဲမှာတော့ သူနဲ့ သိပ်ကိုတွဲ...ချင်သည့် ဆန္ဒကို မနည်းချုပ်တည်းနေရတာပင် ဖြစ်ပါ...ည်။

ခင် သူ့ကိုငေးရင်း သူ ပြောသောစကားတွေဟာ ...နဲ့ဆိုင်ဆိုင်၊ မဆိုင်ဆိုင် နားထောင်လိုက်ချင်သား။

"အေးလေ ... ကျွန်တော် နားလည်ပါတယ် ခင်ခင်။ နောက်တော့မှပဲ မတော်တဆ ဆုံဖြစ်ကြတဲ့အခါ အဲဒီအချိန်ကျရင် ခင်ခင် ကျွန်တော့်ဖိတ်ခေါ်မှုကို လက်ခံနိုင်မယ်လို့ မျှော်လင့်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ခင်သည် မျက်မှောင်များပင် အနည်းငယ်တွန့်မိ အထိ စဉ်းစားတွေးတောလို့ ကောင်းဆဲ။ ခင် သူနဲ့ အတူတွဲသွား သင့်သလား၊ မသွားသင့်ဘူးလား။

"ခင်ခင် ဘာပြောစရာ ရှိသေးလဲဟင်"

"ဩော် ... ဘာမှမရှိတော့ပါဘူး။ ကျွန်မ ... အင်း ... ကျွန်မတို့ နောက်တစ်ခါကျမှပဲ ဆုံကြတာပေါ့ ... ရှင်ပြေ သလိုပါပဲလေ ... အဲဒီအခါကျ ကျွန်မစိတ်က တစ်မျိုး ပြောင်းရင် ပြောင်းနေမှာပါ ...

ကဲ ... ကျွန်မကို သွားခွင့်ပြုပါဦးနော်။ စိတ်ချမ်း သာရတဲ့ မွေးနေ့တစ်ခု ဖြစ်ပါစေလို့ ဆုတောင်းပါတယ် ရှင်"

ခင်သည် သူမပဲ အရင်နှုတ်ဆက်ပြီး ကိုကို ရှော ဖယ်၍ ဆင်းသွားဖို့ပြင်သည်။ ကိုကလည်း ကိုယ့်ကို ဘေးသို့ ပေးလိုက်ရင်း ...

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ"

ဟု တိုးတိုးလေး ပြောလိုက်လေသည်။





ကိုသည် သူ့နှလုံးသား၏ အမှန်တရားကို မျိုသိပ် းလို့ မရတော့ပြီ။ သူ တစ်ယောက်ယောက်အား ပြောပြချင် သည်။

ဒါနဲ့ပဲ သူ ပထမဦးဆုံး သတိရတာက သူငယ်ချင်း နိုင်ပင် ဖြစ်သည်။

နေနိုင့်ကို ခင်နဲ့ပတ်သက်ပြီး သိပ်မယုံလှသေမဲ့ တွင် ဘာပဲဖြစ်ဖြစ် တိုင်ပင်စရာဆိုလို့ နေနိုင်ပဲရှိရာ နေနိုင် ကားပဗ္ဗည်း အရောင်းခန်းမဆီ ရောက်လာခဲ့တော့သည်။

"ဟော့ကောင် ... လာကွာ ထိုင်။ ငါလည်း ခုလေးတင် အပြင်က ပြန်ရောက်တာ ... မနေ့ကကွာ ... မင်း မွေးနေ့ မှန်း သိပေမဲ့ ငါ လုံးဝမအားတာနဲ့ ဖုန်းတောင် တစ် ချက်မဆက်ဖြစ်ဘူး ... ညှို့သည်တွေ ဆက်တိုက်ရောက် နေလို့ကွာ"

www.burmeseclassic.com



"ရပါတယ် ... ငါလည်း မအားပါဘူး ... မနက်ဘုရား
တက်ဖြစ်တာပဲ ရှိတယ် ... တစ်နေကုန် အလုပ်ထဲနစ်ေ
တာပဲ။ ဖေဖေ မရှိကတည်းက မင်းသိတဲ့အတိုင်းပဲ ...
ကိစ္စတွေ အကုန် ငါ့ခေါင်းပေါ် စုပြုံကျလာတာ"

"ဒါတောင် မင်းက မောင်နမသားချင်း လုံးဝမရှိလို့ေ
နောက်မို့ မောင်နမတွေကိစ္စပါ ဦးနှောက်စားရမှာ။ ငါ
အစ်ကိုကြီး ဖြစ်နေတော့ ဖေဖေပြီးရင် ငါပဲ တာဝန်အ
ဆုံး ဖြစ်နေတာကွ၊ မလွယ်ဘူး"

"အခုရော ... မင်း အားရဲ့လား"

"အခု အားသွားပါပြီ ... လာလေ ဒီနားက ဆိုင်မှာ သွာ
ထိုင်ကြတာပေါ့ ... မင်း ဘာစားခဲ့ပြီးပြီလဲ"

"မစားရသေးဘူး"

"အေး ... ဒါဆို တစ်ခုခုလည်း စားရအောင်"

နေနိုင်နှင့် ကိုသည် နေနိုင်တို့ ကားပစ္စည်း အရောင် ...လိုက်သည်။

ဆိုင်ခန်းမကျယ်ဖွင့်ရာ ပလာတာနားက ဆိုင်တစ်ခုဆီ လမ်းလျှော
သွားလိုက်ကြသည်။

မှာစရာရှိတာ မှာပြီးမှ ကို ဘာမှ မပြောရ
နေနိုင်က စပြီး ပြောသည်။





"မင်းရော ဘယ်တော့ လက်ထပ်ဖြစ်မလဲ"

"ဘယ်သူနဲ့လဲ"

"ဟ ... မင်းက ငါ့ပြန်ပြီး အကြောင်းကြောင်း ပြန်လုပ်နေ
ပြန်ပြီ။ မင်း လက်ထပ်ရမဲ့ မိန်းမက ရှိပြီးသားလေ။
ပပဝင်းကို မင်းက ဘယ်နေရာမှာ မေ့ထားလို့လဲ"

"မေ့မထားဘဲနဲ့ အလိုလို မေ့နေတာကွာ"

"ဟား ဟား ဟား ကိုရာ ... မင်းက အချည်နှောင်မှ မခံ
ချင်သေးတာ။ မင်းအဖေ စိတ်ချမ်းသာစေချင်လို့ ကတိပေး
လိုက်ရတယ်ဆိုတာ ငါသိပါတယ် ... ဒါပေမဲ့ မင်း,
တစ်နေ့ကျရင်တော့ ပပဝင်းကိုပဲ လက်ထပ်ဖြစ်မှာပါ"

"ငါနဲ့သူ လက်မထပ်ဖြစ်ဘူး ထင်တယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

နေနိုင်က အံ့သြစွာ မျက်လုံးပြူးကြည့်ရင်း ကို့ကို

"ပပ,က ခင်ခင့်ဆီမှာ ဗေဒင်မေးချင်တယ်ဆိုလို့ ငါပါ
လိုက်သွားခဲ့တယ်။ အဲဒါ သူ ဟောလိုက်တာတော့ ငါတို့
လက်မထပ်ဖြစ်ဘူးတဲ့။ ပပ,က တခြားအမျိုးသား တစ်
ယောက်နဲ့ လက်ထပ်ဖြစ်လိမ့်မယ်လို့ သူ ဟောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကြားလိုက်လျှင် နေနိုင်က တဟားဟားဖြ
အတောမသတ်စွာ အော်ရယ်နေတော့၏။

"ဘာလို့ ရယ်နေတာလဲကွ ... မင်းကလည်း ..."

"ရယ်ချင်တာပေါ့ ... မင်းပဲ ဇေဒင် မယုံပါဘူးလို့ ...အော်
ကျယ် အော်ကျယ် လုပ်နေပြီး အခုကျတော့ ဒါကို
အဟုတ်ကြီးလုပ်ပြီး ပြောနေတာကိုး"

"ယုံတော့ မယုံပါဘူး ... အစက မယုံဘာ။ အခုတော
ယုံချင်လာတယ်။ မင်းသိပါတယ် ... ငါဆိုတဲ့ကောင်က
ကိုယ်တိုင် တကယ်ကြုံရမှ ယုံတတ်တာမျိုးကွ။ အခု
ငါ တကယ်ကြုံလာရတော့ ခင်ခင် ပြောတာတွေကို ယုံ
တော့မလို ဖြစ်နေပြီ"

"ပြောပါဦး ... ဘာကြုံလို့လဲ"

"ငါ ... ငါ ... သူ့ကို ချစ်မိလာလို့"

"ဘယ်သူ့ကိုလဲ"

"ခင်ခင့်ကို ..."

"ဟမ် ..."

နေနိုင် ကို့ကို သေချာစွာ စိုက်ကြည့်ပြီး ဘာမှပြ
မပြောနိုင်စွာ အံ့သြလွန်းနေသည်။ ကိုက တိတ်ဆိတ်စွာပြုံးပြ
ဆက်ပြောလိုက်သည်။





"ငါ သူနဲ့ ဆုံရတဲ့ အကြိမ်တိုင်းမှာ တစ်ခါထက် တစ်ခါ
ကိုယ့်ဘာသာ ပိုသေချာလာတယ် ... သူ့ကို ငါ စတွေ့လိုက်
ကတည်းက ချစ်နေပြီးသားကွ။ ငါ ကိုယ့်ကိုယ်ကိုယ် ညာ
နေမိတာ ... အမှန်တော့ သူဟာ ငါလိုချင်တဲ့ မိန်းကလေး
ပုံစံမျိုးတော့ မဟုတ်ဘူးပေါ့ ... ဒါပေမဲ့ အချစ်ဆိုတာ
တစ်မျိုးပါပဲကွာ ... ထူးဆန်းလွန်းပါတယ် ...

ကိုယ် တကယ်ချစ်တဲ့ မိန်းကလေးကို တွေ့ရပြီဆို
ရင် သူဟာ ငါ မျှော်မှန်းထားတဲ့ အကောင်းတကာ့
အကောင်းဆုံး အခြေအနေ ဖြစ်,မဖြစ်တောင် ဝေဖန်ပိုင်း
ခြား မနေတော့ဘူး။ သူ့ဘာသာ နှလုံးသားထဲက ချစ်လာ
တာကွ။ ဦးနှောက်ထဲမှာ ဘာမှ မစဉ်းစားမိလောက်အောင်
အားလုံးကို မေ့သွားတယ်"

"ငါလည်း သူ့ကို ချစ်နေမိသလိုပဲ ခံစားရဖူးတယ်။
ဒါပေမဲ့ ဘာဖြစ်လို့လဲ မသိဘူး။ မတွေ့ရတာ ကြာတော့
အလိုလို မေ့သွားတယ်ကွာ ... အခုချိန်မှာ ပြန်ဆုံဖြစ်တယ်
ဆိုရင်တောင် အရင်ကလောက် စိတ်လှုပ်ရှားမှာ မဟုတ်
တော့ဘူး ထင်တယ် ...

သူနဲ့ တွေ့စကတော့ ခင်ပဲ ခင်သလိုလို၊ သဘောပဲ
ကျသလိုလို ခံစားရတာကွာ"



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်က အခုမှပဲ ဖွင့်ဟဝန်ခံသလို အသံဖြင့် ပြောလိုက်သည်။

"ငါ မအံ့ဩပါဘူး နေနိုင်။ မင်းနဲ့ငါ သူ့ကားကို ပြင်ပေးလိုက်တဲ့အချိန်တုန်းက ငါ သတိထားမိနေတယ်"

"မင်းလည်း အဲဒီတုန်းက ငါ့ကို အလိုလို မနာလိုဖြစ်နေတယ် မဟုတ်လား"

"အေးကွ"

"မင်းက ချစ်နေတာကိုး"

"အဲဒီတုန်းက ငါ ကိုယ့်ကိုယ်ကိုယ် သိသလိုလိုနဲ့ အခြေအနေကို လက်မခံချင်ဘဲ ဗွတ်ငြင်းနေမိတာလေ ... ဒါနဲ့ မင်းက ဘာလို့ သူ့ကို စိတ်မဝင်စားရတော့တာလဲ"

"ငါ တကယ်ချစ်တဲ့ မိန်းကလေးကို တွေ့ပြီးပြီလေ။ သူနဲ့ ဆုံရတုန်းကတော့ သူ့ရဲ့တခြားမိန်းကလေး တစ်ယောက်နဲ့မှ မတူဘဲ အနေအထိုင် အပြောအဆိုလေးတွေကို စိတ်ကစားသလို ဖြစ်မိသွားတာလည်း ဖြစ်နိုင်တယ်"

"ငါကတော့ အဲဒီလို မဟုတ်ဘူး။ တစ်ခါထက် တစ်ခါကို သဘောကျလာတာကွာ ... သူ့ကို ရှောင်ပြေးရင်းနဲ့ သူ့ဆီက ပြေးလို့မရဘဲ တဖြည်းဖြည်း ငြိတွယ်လာသလို ခံစားလာ





ရတာ။ မနေ့က သူနဲ့ ဘုရားမှာတွေ့တယ် ... အဲဒီမှာ သဘောကျသွားတယ်"

"ဟုတ်လား ... ပြောပါဦး"

ကိုက သူတို့ဘုရားမှာ ဆုံဖြစ်ကြသော တဒင်္ဂ အကြောင်းအရာလေးကို ပြောပြလိုက်ပါသည်။

"ခင်ခင်က ပညာတော့ မသေးဘူးနော် ... မင်းနဲ့ မပဝင်းကို လက်မထပ်ဖြစ်ဘူးလို့ ယောလိုက်တဲ့ အကြောင်းအရာထဲမှာ သူသိပြီးသား ဖြစ်နေတဲ့ ကိစ္စတွေလည်း ရှိလိမ့်မယ် ... မင်းတို့ ဘာကြောင့် လက်မထပ်ဖြစ်သလဲ ဆိုတာဟာ သူနဲ့ တစ်နည်းနည်းတော့ ပတ်သက်နေမလား မသိဘူးနော် ... မင်းရော အဲဒီလို တွေးမိလား ကို"

"မတွေးမိဘူး။ ဒါပေမဲ့ ငါ နောက်တစ်ခါ ခင်ခင့်ကို တမင်ဆုံရဖို့ ငါ ကိုယ်တိုင် သူ့ဆီမှာ ဗေဒင်သွားမေးတော့မယ် ... အဲဒီကျရင် ခင်ခင့် ဆီက ဘာကြားရမလဲ ဆိုတာ သိချင်တယ်"

"ဟား ဟား ဟား ... ကိုဆိုတဲ့ ကောင်က ဗေဒင်မယုံဘူး ဆိုပြီး ဗေဒင်ဟောတဲ့ ဆရာမလေးကို ချစ်မိတော့လည်း သူပြောတာတွေ သွားနားထောင်ချင်လာပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူးလို့ တမင် ခံငြင်းနေတဲ့ သဘောပေါ့ကွာ ... ဒါပေမဲ့ ခင်ခင်ကတော့ ငါ့ကို တော်တော်များများ ယုံလာအောင် လုပ်ပေးနေတယ် ... သူ့ပြောတာတွေ တကယ်ဖြစ်ဖြစ်လာတယ်လေ ... မေမေ့ အပြောဆိုရင် ငါ့ကားခိုးခံရလို့ ပြန်တွေ့တဲ့ကိစ္စ၊ ဖေဖေ ဒီနှစ်ထဲမှာ ဆုံးရမယ်လို့ ပြောတဲ့ကိစ္စ၊ နောက်ပြီး ပပကို ငါနဲ့ လက်မထပ်ဖြစ်ဘူးလို့ ပြောတဲ့ကိစ္စပေါ့ ... အဲဒါတွေ ငါ ယုံလာတယ်။ ဘာကြောင့်လဲဆိုတော့ ခုချိန်မှာ ငါနဲ့ ပပကို လက်ထပ်ပေးတော့မယ်လို့ ပြောလာကြရင် ငါ လှည့်ပတ်ပြီးတော့ ငြင်းတော့မှာလေ"

"ခင်ခင်က မင်းကို ပြန်လက်ခံမယ်လို့ ထင်လို့လား"


ကိုသည် ဒါကို သူကိုယ်တိုင် ဇဝေဇဝါ ဖြစ်တော့ဖြစ်နေပါသည်။

သို့သော် ... သူက သေချာတာ တစ်ခုကိုတော့ ရွေးပြီး ပြောလိုက်သည်။

"ခင်ခင်က လက်ခံခံ၊ မခံခံ ငါကတော့ သူကလွဲရင် ဘယ်သူ့ကိုမှ လက်မတွဲတော့ဘူးလေ"







# အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com









## ၅

"နောင့်ယှက်တယ်လို့ မထင်ပါနဲ့ ခင်ခင် ... ကျွန်တော် ဒီတစ်ခါ ရောက်လာရတဲ့ ရည်ရွယ်ချက်က ခင်ခင့်ကို စကားပြောချင်လို့ပါ"

သူသည် စထိုင်ထိုင်ချင်းပင် ဝန်ခံလိုက်၏။ ခင့်အပေါ် သူ့ရဲ့စွဲလမ်းလာမှုတွေ စတင်လာပြီဆိုတာ ခင် ဒီရက်ပိုင်းအတွင်း ထင်ထားလေရာ သူ ဝင်လာပြီး ဒီလို ဝန်ခံလိုက်ခြင်းကို ခင်ကား မတုန်လှုပ်ခဲ့ပါ။

သို့သော် ခင်က သူ့ကို သတိပေးစကား တစ်ခွန်းလောက် ပြောဖြစ်အောင် ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ရည်ရွယ်ချက်နဲ့ပဲ လာလာပါ ... ကျွန်မအတွက် သိက္ခာတရားတစ်ခုမှ မထိခိုက်ဘူးဆိုရင် စကားပြောလို့ရပါတယ်"

"ခင်ခင့်ကို ဘာမှ မထိခိုက်စေရပါဘူး"

ကိုက တည်ငြိမ်စွာပင် ကတိပေးလိုက်၏။

"ခင်ခင်က ဥပုသ်နေ့တွေဆိုရင် အမြဲ ရွှေတိဂုံဘုရားတက်လား"

"ဟုတ်တယ် ... ကျွန်မ ဘယ်တော့မှ မုသာဝါဒကံတောင် မကျူးလွန်လို့ ဝန်ခံတာပါ"

"ကျွန်တော်ကလည်း ခင်ခင့်ကို ဘာမှ နှောင့်ယှက်စရာ မရှိပါဘူး ... သိချင်လို့ မေးတာပါ"

"ဦးကို ရှင့်အတွက် ကျွန်မဆိုတဲ့ မိန်းမတစ်ယောက် အကြောင်း သိလိုက်ရလို့ ဘာမှ မထူးခြားလာပါဘူး ... ဘာကြောင့် သိလိုသလဲဆိုတာ ကျွန်မ မမေးပါဘူး ဒါပေမဲ့ မဖြစ်သင့်တာတွေကို ခေါင်းထဲမှာ မထည့်ပါနဲ့ လို့ သတိပေးပါရစေ"

"ကျွန်တော် ရှေ့ဆက်ဘာတွေဖြစ်မလဲ ဆိုတာထက် ... ခင်ခင် ရှေ့ဆက် ဘာဖြစ်မလဲဆိုတာ သိနေနှင့်ပြီးသား





ရင် ကျွန်တော့်ကို ခင်ခင် ဘာမှ တားလို့ရမယ် မထင်ပါဘူး"

"ဒီမှာ ဦးကို"

"ကို လို့ပဲ ခေါ်ပါ ... ကျွန်တော် ခင်ခင့်ထက် သုံးလေးနှစ်ယောက်ပဲ အသက်ကြီးမှာပါ"

"ရှင့်နာမည်က မိန်းကလေးတစ်ယောက် အလွယ်တကူ ခေါ်သင့်တဲ့ နာမည်မျိုး မဟုတ်ဘူးရှင်။ ကျွန်မ မခေါ်နိုင်ပါဘူး"

"ထားပါတော့ ... ကျွန်တော်ကရော ခင်ခင်လို့ ခေါ်တာ ... ကျေနပ်ရဲ့လား ... ကျွန်တော် သူများတွေ ခေါ်သလို ... ဆရာမလို့ မခေါ်ချင်ဘူး။ တစ်မျိုးတော့ မထင်နဲ့နော် ... ခင်ခင့် ပညာကို မလေးစားလို့ မခေါ်ချင်တာ မဟုတ်ပါဘူး။ ကျွန်တော် ခင်ခင် ဆိုတဲ့ နာမည်လေးကို ခေါ်ရတာ ပိုသဘောကျလို့ပါ"

ခင်သည် အာရုံတွေ ထွေပြားကာ ရင်ထဲမှာ တုန်တုန်ခိုက်ခိုက် ဖြစ်နေသည်။

ခင်၏ စားပွဲပေါ်မှာ စားပွဲတင် နာရီလေးကို ကြည့်လိုက်ကာ လှမ်းလှမ်းကြည့်မိပါရဲ့။ ခင် သူနဲ့ အခုလို စကား

www.burmeseclassic.com



ပြောခွင့်ရတဲ့ အချိန်ကို မက်မောနေသလို။ သူ ခင့် အနားက မြ
မြန်မြန်ထွက်သွားစေချင်နေတာလည်း ခင့်စိတ်ဆန္ဒတစ်ခု ဖြစ်နေ
ပြန်သတဲ့။

ခက်တော့တာပဲနော်။

ခင့်လောက် တည်ငြိမ်။ ခင့်လောက် စိတ်ထိန်းနိ
သူ မရှိ။ ခင့်လောက် လောကီဘက်မှာ ခံစားမှုအာရုံ နည်းလှသ
မရှိ ဆိုတာတွေ ကိုနဲ့ကျမှ တဖြည်းဖြည်း ပျက်ပြယ်လာပြီတဲ့လေ

"ကျွန်တော် ခင်ခင့်ကို ဥပုသ်နေ့တိုင်း ဘုရားဖက်မှ
လာတွေ့မယ်နော်"

"......"

"ကျွန်တော်နဲ့ ပပဝင်း ဘာကြောင့် လက်မထပ်ဖြစ်သလ
ဆိုတာ အခု ကျွန်တော် တဖြည်းဖြည်း သိလာပြီ ခင်ခင်
အဓိက,က ကျွန်တော့်ကြောင့်ဆိုတာ အခု သိလာပြီ
ခင်ခင် ဟောသမျှ အကုန်မှန်ပါတယ် ... ကျွန်တော် ကာ
ကို ဘယ်လိုနေရာမျိုးမှာ ပြန်တွေ့မယ်ဆိုတာ။ ကျွန်တော်
ဖေဖေ ဒီနှစ်ထဲမှာ ဆုံးလိမ့်မယ်ဆိုတာ။ ပြီးတော့ ...
ခင်ခင် လုံးဝမသိဘဲ ပပဝင်းဟာ ဘာစီးပွားရေးနဲ့ အောင်
မြင်နေမယ်ဆိုတာ ... အဲဒါတွေက အကုန်မှန်နေတယ် ...





အခုတော့ ... နောက်ဆုံးတစ်ခုဖြစ်တဲ့ ပပဝင်းနဲ့ ကျွန်တော် လက်မထပ်ဖြစ်ဘူး ဆိုတာပါ မှန်ဖို့ များလာပြီ။

ခင်ခင် သိပ်တော်ပါတယ် ... ကျွန်တော် အခုကျမှပဲ ခင်ခင့် ပညာကို ယုံလာခဲ့ပြီ"

ခင်သည် သူ့ကို တုံ့ပြန်စကား ပြောစရာရှာပါးနေကာ နာရီတကြည့်ကြည့် လုပ်နေလျှင် ...

"ကျွန်တော် ဝင်လာတာ ဆယ့်ငါးမိနစ် ပြည့်တော့ မပြည့်သေးပါဘူး ...

ဒါပေမဲ့ ခင်ခင့်ကို မေးချင်တဲ့ တစ်ခုလည်း သိလိုက်ရပြီ။ ကျွန်တော် ပြောချင်တာတွေလည်း ပြောလိုက်ရပြီမို့ ကျွန်တော် သွားတော့မယ် ခင်ခင် ...

ခင်ခင် ကျွန်တော့်ကို ဘာပြန်ပြောဦးမလဲ"

ခင်သည် သက်ပြင်းချလိုက်ကာ သူ့ကို အသေအချာပြန်စိုက်ကြည့်လိုက်ပြီးလျှင် ခင် ပြောသင့်တာကိုပဲ တည်ငြိမ်စွာပြန်ပြောလိုက်ပါသည်။

"ကျွန်မဆီကို ဗေဒင်မေးဖို့မဟုတ်ဘဲစကားပြောရုံသက်သက် ဝင်လာခဲ့တယ်ဆိုတဲ့ ကိစ္စကို ကျွန်မနဲ့ ဦးကိုကလွဲ



www.burmeseclassic.com

www.burmeseclassic.com



ရင် ဘယ်တခြားတစ်ယောက်ကိုမှ အသိမပေးပါဘူး
ကတိပေးခဲ့ပါ။ ကျွန်မ အလုပ်လုပ်လာတဲ့ ဒီတစ်သက်မှာ
အလုပ်ကိစ္စမဟုတ်ဘဲ တမင်သက်သက် စကားလာပြော
ခံရတာဟာ ဒါ ပထမဦးဆုံး အကြိမ်ပါ ...

အဲဒါကို တခြားလူတွေသိရင် ကျွန်မ သိက္ခာထိခိုက်
လိမ့်မယ်။ ဦးကိုလည်း ဒါ နောက်ဆုံးအကြိမ် လုပ်ဖေး
လို့ မှတ်လိုက်ပါ ...

ကျွန်မကို စကားပြောချင်ရုံနဲ့ အခုလို ဝင်လာတွေ့
တာ မကောင်းပါဘူးရှင်။ ဦးကို ကျွန်မဘက်ကို ကိုယ်ချင်း
စာပြီး နားလည်ပေးပါ"

ကိုသည် ခင်ခင့်စကားကို ကြားရတော့ သူ့ တော်
တော်လေး အားနာသွားမိ၏။

အချစ်ဆိုတာဟာ မှန်လား၊ မမှန်လား မသိ၊ မဆေ
ဖန်၊ မပိုင်းခြားဘဲ ဒါလုပ်မယ်ဆိုရင် လုပ်ကို လုပ်မိတတ်တာမျိုး
ပါလား ...။

ဟုတ်တယ် ... တကယ်တော့ ခင်ခင့်ဆီကို ဘာရည်
ရွယ်ချက်မှ မရှိဘဲ မဝင်သင့်ပါဘူး။

ကို မှားသွားပြီ ခင်ရယ် ...။





"ဆောရီး ခင်။ ကျွန်တော် နောင်တရသွားပြီ။ ဟုတ်တယ်
ကျွန်တော် ဒီလို မလုပ်သင့်ပါဘူး။ ခင် စိတ်ချပါ ... ကျွန်
တော် ဘယ်သူ့ကိုမှ ဒီကိစ္စကို မပြောပါဘူး။ ကတိပေးပါ
တယ် ... ကျွန်တော် ကတိတည်ပါ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ပတ်ရဲ့ ဥပုသ်ရက်မှာ ကိုဟာ တမင် ရွှေတိဂုံဘုရားကို အစောကြီး ရောက်လာသည်။

စိတ်မှန်းနဲ့ပင် ခင်ခင်ဟာ တောင်ဘက်မုခ် တက်လာတတ်သည်ဟု မျှော်လင့်ကာ တောင်ဘက်မုခ်၏ ကား ပါကင်နေရာတွင် ကိုစောင့်နေခဲ့၏။

ခင်ခင့်ကားဟု သူသိထားပြီးသော ဆလွန်းကားလေး ရောက်မနေသေး၍ ခင်ခင် မရောက်သေးဟု သူ ထင်နေတာအမှ ပင်။ မနက်ခြောက်နာရီ ထိုးခါနီးမှ ခင်ခင့် ကားဖြူလေး ကား ပါကင်နေရာသို့ ရောက်လာသည်။

ခင်သည် ကားပေါ်မှပင် ကိုကို တွေ့ထားနှင့်ပြီ ဖြစ်သည်။

သူ လာမယ်ပြောထားပြီး တကယ်လည်း ရောက်လာ ၍ ခင်ဟာ သူ့ရဲ့ဇွဲနပဲကို အင်မတန်မှ ချီးကျူးရမလိုပင်။





ကြည့်စမ်း_ သူ ဘယ်နနာရီတည်းကများ ကိုရောက် လဲ။ ခင် ဘုရားတက်တဲ့ အချိန်ဟာ မစောလွန်း၊ နောက်မကျ လှပေမဲ့ ကိုကတော့ ကိုရောက်နေရသူဖြစ်ရာ တော်တော် ကို စောစောတည်းက ရောက်နေတာ ဖြစ်မည်။

ခင်သည် ဒီနေ့တော့ ချောကလက်ရောင် တော်တော် သိုသော (Dark chocolate) အရောင် ခင် ဝတ်နေကျ ပိတ် က်ဗာထူထူ အင်္ကျီနှင့် ရှိုင်ချိတ် အညိုရင့်တို့ကို ဝတ်ထားပြီး ပခုံးတင်တဘက်မှာ အဖြူဆွတ်ဆွတ် သိုးမွေးထည်ဖြစ် ည်။

မြင်တွေ့နေကျဖြစ်၍ ခင့်ရဲ့ ဝတ်စားဆင်ယင်မှုဟာ အေးအေးလေးနဲ့ သေသပ်ကျနွေ့ရှိလှသည်ဟု ကိုက အမှတ် နေမိသည်။

"ခင်"

ကိုက သူခေါ်နေကျ "ခင်ခင်"ကိုပင် ပြောင်း၍ ခင်"ဟု တစ်လုံးတည်းခေါ်ကာ နှုတ်ဆက်သလို ပြုံးလိုက်၏။

ခင်သည် သူ့ကို ပြုံးလည်းမပြုံး၊ တည်လည်းမတည် သာ မျက်နှာအမူအရာဖြင့် ကြည့်ကာ …

"ဦးကို ဘုရားလာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တမင် မသိဟန်ဆောင်ပြီး မမေးပါနဲ့ဗျာ။ ခင့်ကို ဗျ
တော်လာစောင့်မယ်ဆိုတာ ခင် သိနှင့်မှာပါ"

"ကျွန်မနဲ့အတူ ဘုရားမတက်ရင် ကောင်းမယ်"

"ဘာယ်လို"

"ဒီလိုပါ … အတူတူတွဲပြီး မတက်ပါနဲ့ … ရှင့်ဘာ
ရှေ့က ကြိုသွားရင်သွားနှင့်ပါ။ ကျွန်မကို တစ်ခုံတစ်ယော
က မြင်ရင် …"

"ဩော် … ခင်က ဒါတွေ သိပ်တွေးတတ်သေးတာ
ဗျာ"

"ကျွန်မ ပြောတာ လက်မခံရင် ကျွန်မ ဒီနေ့ ဒီဘုရာ
မတက်တော့ပါဘူး။ ကျွန်မ ဥပုသ်ရက်တိုင်း ရွှေတိဂုံဘု
လာ ပုတီးစိပ်တာဟာ အမိဋ္ဌာန်ဝင်တာ မဟုတ်ပါဘူး
ပြီးတော့ စိတ်အစွဲထားပြီး ရွှေတိဂုံဘုရားကိုမှရယ်
မှန်းပြီး လာတာလည်း မဟုတ်ပါဘူး။ ကျွန်မအိမ်
နီးလို့ လာတာပါ …

ဒီတော့ … ရှင် ကျွန်မ ခွင့်တောင်းတာကို လ
မခံဘူးဆိုရင် ကျွန်မ ဒီနေ့မနက် ဒီဘုရားမှာ ပုတီးစိ
အစီအစဉ်ကို ဖျက်ရလိမ့်မယ် …





ညနေပိုင်းဖြစ်ဖြစ် … တခြားဘုရားတစ်ခုခုမှာသွား
ပြီး ပုတီးစိပ်ရင် စိပ်ရလိမ့်မယ် ဦးကို"

"ခင်ရယ် …"

"ရှင် လာမယ်မှန်း သိသိကြီးနဲ့ ကျွန်မ ဒီကိုရောက်လာတာ
ဟာ ရှင့်ကို တွေ့လိုတဲ့ဆန္ဒ မပါပါဘူး။ ဒီနေ့မှာ ရှင်နဲ့
ကျွန်မ ဆုံကိုဆုံရမယ်ဆိုရင် ဒီမှာ မဆုံရရင်တောင်
တခြား တစ်နေရာရာမှာ ထပ်ဆုံရဦးမှာလို့ သိထားတာမို့
ကျွန်မ အပင်ပန်းခံပြီး အထူးတလည် ရှောင်မနေတော့တာ
လို့ နားလည်ထားပါ ဦးကို"

"ကောင်းပါပြီ ခင်။ ခင့်သဘောအတိုင်းပါပဲ။ ဒါပေမဲ့
ဘုရားက ဆင်းရင် ခင် ကျွန်တော်နဲ့အတူတူ မနက်စာ
စားပါနော်။ အဲဒါတော့ ဘာမှပြဿနာမရှိပါဘူး ခင်ရယ်။
ပြီးတော့ ဝေးဝေးလံလံလည်း သွားမှာမဟုတ်ပါဘူး"

"ဦးကိုရယ် … ကျွန်မတို့က …"

ခင်သည် ပြောတော့ ပြောလိုက်ချင်သားပင်။ သို့သော်
မပြောရဲပြီ။

ခင် သူ့နဲ့ ပတ်သက်ရတော့မဲ့ အချိန်တစ်ခုတည်း
ရောက်နေပြီမို့ ခင် ကိုယ်တိုင်ကိုက သူ့ဘက်မဲတင်းနေတဲ့
ဆန္ဒတွေကို ချုပ်တည်းမရနိုင်ပြန်။



www.burmeseclassic.com

www.burmeseclassic.com



အို ... ဖြစ်ချင်တာ ဖြစ်တော့ကွယ်။ ငါ ကိုယ်
စိတ်ဆုံးဖြတ်ပြီးသားပဲ။ ဒီအချိန်မှာ ဒါဖြစ်ရမယ်ဆိုရင် ဖြ
ဖြစ်မှာပဲ။ ဘာကြောင့် ဒါကို စိတ်ရှုပ်ခံနေမလဲ။ အကျိုးအကြေ
တွေက ဆက်စပ်နေကြတာလေ။

"ခင် ကျွန်တော် ရှေ့က သွားနှင့်ပြီနော် ... ခင့်လက်
ပန်းစည်းကို ကျွန်တော် ကိုင်ပေးခွင့် ရမလားဟင်"

"အို ... နေပါစေ"

"ဒါဆိုလည်း ကျွန်တော် သွားပြီ ခင်"

ခင်သည် သွက်လက်သော ခြေလှမ်းတွေဖြင့် ခေ
တော်တော်လှမ်းလှမ်းမှ တက်သွားနှင့်သည်။ ကို၏ ကျောပြ
ငေးကာ ငေးကာ တက်လာခဲ့လျှင် ခါတိုင်း ခပ်မောမော
တက်ရတဲ့ လှေကားထစ်တွေဟာ အခုတော့ မောမှန်းမော
မသိဘဲ(သတိမရဘဲ) တက်ခဲ့မိတယ်တဲ့လေ။

သူဟာ ရုပ်လက်တို အစင်းကြားလေးတွေကို အ
ဝတ်တတ်ပြီး ဂျင်းပင်န်၊ စတိုင်ပ်ပင်နဲ့တွေကိုသာ အဝတ်များ
အခုတော့ ဘုရားလာလို့ပဲ ထင်ပါရဲ့။ သူ့ ပုဆိုးဝတ်ထားပြန်တ

အို ... သူက ဘာပဲဝတ်ဝတ် သူနဲ့လိုက်ဖ
အမြဲတစေ ကြည့်ကောင်းနေတဲ့ ယောကျ်ားတစ်ယောက်ပါ။





ခင့်လို အလှအပ သိပ်မရှိ။ ပြင်လည်းမပြင်ဆင်၊
ဆင်ခြယ်သဖို့လည်း စိတ်ပင်မကူးသော မိန်းကလေးတစ်
ယောက်။

ဒီခေတ်ကြီးထဲမှာ လက်ခံခြင်း လက်မခံခြင်းကို
ငြင်းပွားနေကြတဲ့ ဖေဒင်၊ လက္ခဏာ၊ အကြားအမြင်ဆိုတဲ့
ကိုမှ လှေလာလိုက်စားပြီး အသုံးချနေတဲ့ မိန်းကလေးတစ်
ယောက် ...။ အဲဒီလို လူမျိုးကို သူ ဘာကြောင့်များ ထူးထူးခြား
စိတ်ဝင်စားချင်ရသလဲကွယ် ...။

ဘုရားရင်ပြင်ပေါ် ရောက်လျှင်လည်း ကိုသည်
ဘယ်သွားမည်ကိုသာ တစ်ချက် တစ်ချက် စောင့်ကြည့်ကာ
တသွားပါသည်။

ခင်က ခင့်မွေးနံထောင့်ရောက်လျှင် ဘုရားဆင်းတု
ကို ရေသပ္ပာယ် ပန်းကပ် စသည်တို့ ပြုလုပ်ပြီးမှ တန်ဆောင်း
ထဲဝင်၍ အေးအေးဆေးဆေး ဘုရားရှိခိုးတော့သည်။

ပြီးလျှင် ကျွဲကျွဲလေးထိုင်၍ တစ်ချက်မှပင် မလှုပ်
ပုတီးစိပ်နေသည်မှာ တော်တော်ကြီးကို ကြာသည်ဟု ကို
နေမိသည်။

ကိုကတော့ နေ့စဉ်တောင် ဘုရားမှန်မှန် ရှိခိုးဖြစ်သူ
တသလို ... ဘုရားတက်လျှင်လည်း ဦးချကန်တော့ကာလွဲ



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဘုရားရှိနိုးပင် မဆိုဖြစ်သူဖြစ်ရာ ခင် ပုတီးစိပ်ချိန် နာရီမျှဟာ သူ့အတွက် ပျင်းရိစရာ ကောင်းလောက်အောင် ကြာမြင့်နေတော့လေသည်။

ခင် ခြေထောက်မညောင်းဘူးလား။ ခြေထော မကျဉ်လာဘူးလား ...။ အေးလေ ခင်က သူများနဲ့မှ မတူ ဒါဟာ သူ အမြဲပြုနေကျ ဝတ္တရားတစ်ခု ဖြစ်နေတော့လည်း သားရနေပြီ ထင်ပါရဲ့။

ခင် ပုတီးစိပ်ပြီးသောအခါ နံနက် ခုနစ်နာရီ ရှိနေပြီ။

ခင်သည် ဖွဲ့ရှိရှိ ... သို့သော် ပျင်းရိစွာ ထိုင်နေ နေဟန်ရှိသော ကို့ကို မြင်လျှင် ပုဆစ်တုပ် ထိုင်နေရာမှ ညင်းစွာ ထရပ်လိုက်သည်။

ခင် တော်တော်နဲ့ လျှောက်မလာနိုင်ဘဲ ကြာမြင့် ရပ်နေတော့ ကိုသည် စိုးရိမ်စွာဖြင့် ခင့်အနားကို ရောက်လာ ၏။

"ခင် ဘာဖြစ်လို့လဲ"

"ခြေထောက် ကျဉ်နေလို့ပါ"

"ဒါဆိုလည်း ဖြည်းဖြည်း ထရောပေါ့ ... အခုရော ဘာ လိုနေလဲ"





"သက်သာလာပါပြီ ... ဒါ ဘာမှ စိုးရိမ်စရာ မရှိပါဘူး လေ။ ဖြစ်နေကျ အခြေအနေ တစ်ခုပါပဲ"

"ခင် ... အဆင်းကျရင်ရော ကျွန်တော် ရှေ့က ကြိုဆင်းရ မှာလားဟင်"

"ဆင်းပါ ... အဲဒါ ဘာဖြစ်လို့ လာမေးနေရသေးတာလဲ။ အတက်တုန်းကတောင် အတူမတက်တာ အဆင်းလည်း အတူမဆင်းပါဘူး"

"ခင်က မနက်စာတော့ ကျွန်တော်နဲ့ အတူစားမယ်မဟုတ် လား"

"ကျွန်မ အစားရှေးတယ်နော်"

"ရပါတယ်"

"အစားရှေးတယ်လို့ ပြောတာဟာ အစားချေးများတာ မဟုတ်ဘူး။ ကျွန်မက သက်သတ်လွတ်ပဲ စားတာကို ပြောတာ"

"သြော် ... ဒါဆိုလည်း သက်သတ်လွတ်ပဲ စားကြတာပေါ့ ခင်ရယ်။ ဘာမှ အခက်အခဲ မရှိပါဘူး"

"ကဲ ... ဒါဆိုလည်း ရှင်ဆင်းနှင့်တော့လေ။ ကျွန်မ နောက်က ဖြည်းဖြည်းပဲ ဆင်းလာခဲ့တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက် ဘယ်လိုနေသေးလဲ"

"ရပြီ ... သက်သာသွားပြီ"

"ဒါဆို ကျွန်တော် သွားပြီ ခင်"

ခင်သည် ဒီတစ်ခါလည်း သူ့ကျောပြင်ကျယ်ကို ငေးကာ ငေးကာနှင့်မို့ ဘယ်လိုခြေလှမ်းတွေနဲ့ ဆင်းလာမိမှန်း မသိတော့။





ခင်မှာ ကော်ဖီသောက်ရန်အတွက်တောင် မီးနူးကြည့်ပြီး ဦးနှောက်ခြောက်နေသည်။

ခင် တစ်ခါမှ ဒီလိုဆိုင်တွေမှာ အချိန်မှ မဖြုန်းဘူးတာ။ ခင် ဘယ်လိုကော်ဖီ သောက်ရမှန်းပင် မသိ။ ခင် သိသည်က နက်(စ်)ကော်ဖီ၊ ကော်ဖီမစ်နှင့် ရိုးရိုးကော်ဖီမှုန့်များနဲ့ ဖျော်သော ကော်ဖီများသာ။

ဘုရားရေ ... လောကကြီးထဲမှာ ဒီလို အမျိုးအမည် များပြားတဲ့ ကော်ဖီတွေလည်း ရှိသေးသတဲ့လား။

"ခင် ဘာမှာမလဲ"

"ကော်ဖီ အမျိုးအစားတွေက များလိုက်တာနော် ... ကျွန်မ ဘာတစ်ခုမှ မသိဘူး"

"ဒါဆို ကျွန်တော် မှာပေးရမလား"

"မှာလိုက်ပါ ... ခင်က ခါးတာကြိုက်တယ် ... ခါးတဲ့ အရသာ ပိုပြင်းတဲ့ ကော်ဖီဆိုရင် ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုက သူ့ဘာသာပဲ ရွေးချယ်မှာလိုက်၏။

"သက်သတ်လွတ်ကတော့ အာလူးဆင်း၁၀စ်ရှိတယ် ခင်။ စားမလား"

"ကောင်းပါတယ်"

"ကျွန်တော်ကတော့ သက်သတ်လွတ် မစားနိုင်ဘူးဗျာ။ အဲဒါကြောင့် ဟမ်ဘာဂါဖြစ်ဖြစ် မှာမှဖြစ်မယ် ... ခင့်ရှေ့မှာ စားလို့ဖြစ်ရဲ့လား"

"အို ... ရပါတယ် ... ကျွန်မ သက်သတ်လွတ် စားတာနဲ့ ဘာမှ မဆိုင်ပါဘူး။ အိမ်မှာဆို ညနေစာဆိုရင် မိဘတွေ မောင်နှမတွေနဲ့ တစ်ဝိုင်းတည်း စားဖြစ်တာပဲ ... သူတို့က သက်သတ်မလွတ်ကြပါဘူး။ ကျွန်မ တစ်ယောက်တည်း လွတ်တာလေ"

"ဘယ်အချိန်တည်းက သက်သက်လွတ် စားလာတာလဲ"

"မကြာသေးဘူး ... ဒီနှစ်ပေါ့ ... ဒီနှစ်မွေးနေ့ကျမှ အဓိဋ္ဌာန် ပြုလိုက်တာ။ အဲဒီ မတိုင်ခင်ကတော့ စားပါတယ် ... ဒါပေမဲ့ ရှောင်တဲ့အသားက များနေတော့ မထူးပါဘူးဆိုပြီး အသားလုံး၀ မစားတော့တာပါ"

"ဒီအလုပ်ကို လုပ်နေလို့ အသားရှောင်တာလား ခင်"





"မဟုတ်ဘူး ... ကျွန်မ ကိုယ်တိုင်ကိုက အသားကြီး ငါးကြီး မစားတာ။ ငယ်ငယ်တည်းကပေါ့ စားကို မစားဘူး။ ကျွန်မက ငယ်ငယ်တည်းက ပိန်လွန်းတော့ မိဘတွေက စားစေချင်လို့ အတင်းကျွေးရင်တောင် အန်ထွက်တော့တာလေ ... အဲဒီလိုမျိုး ဖြစ်ဖြစ်နေတာပါ ... ဒါနဲ့ပဲ မစားတော့ပါဘူးလို့ ဆုံးဖြတ်လိုက်တယ် ... အမြဲတမ်း သတ္တ၀ါအကုန်လုံးကို မေတ္တာပို့နေတဲ့သူက သူတို့ အသက်ကိုလည်း စားမနေသင့်တော့ဘူးလို့လည်း ထင်လာခဲ့တယ် ...

လူတွေက ပြောကြမယ် ... ကိုယ်,တစ်ယောက်မစားတာနဲ့ သတ္တ၀ါတွေ အကုန် ချမ်းသာမှာမှ မဟုတ်တာလို့လေ။ ဒါပေမဲ့ ကျွန်မ အဲဒီ အကြောင်းအရာကို ဘယ်တော့မှ အငြင်းမပွားလိုပါဘူး။ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ်၊ ကိုယ့်ခံယူချက်နဲ့ကိုယ် ရပ်တည်နေကြတယ် ဆိုတာကို နားလည်ထားပါတယ်"

ယခုလို စကားတွေ ပြောလာတော့လည်း ကိုနှင့် ခင့်ကြားတွင် မရင်းနှီးမှု၊ သူစိမ်းဆန်မှုများ ရှိမနေတော့ဘဲ သူတို့ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ဆက်နွယ်ရင်းနှီးလာကြသူများလိုပဲ ခံစားလာရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ခင့် အကြောင်းတွေတော့ တော်တော်များများ သိပြီးသား ပါ။ ခင်က ငယ်ငယ်တည်းက စိတ်ဓွမ်းအင် ရနေသလို ဖြစ်နေခဲ့တာဆို"

ခင်က မဖြေပါ။ တည်ငြိမ်စွာ ပြုံးနေခဲ့၏။

"ခင့်ကို သင်ပြပေးတဲ့ ဆရာကောင်းရှိလို့ ခင် ဒီလိုပညာ တွေတတ်လာခဲ့တယ်လို့ပဲ ဝန်ခံချင်တယ်"

ခင်သည် မရည်ရွယ်ပါဘဲ သူမကိုယ်သူမ "ခင်"ဟု နာမ်စားပြောင်း သုံးမိပြီးမှ ရုတ်တရက် သတိရသွားကာ နောင်တ ရသွားသည်။

သူ့အပေါ် ဒီလောက် မနွဲ့လိုက်သင့်သေးဘူး ခင်ခင် ရယ် ...။

သို့သော် ကိုကတော့ ခင်၏ အမူအရာပြောင်းလဲ ခြင်းတွေကို သတိမထားမိ။

သူကား ခင်က သူမကိုယ်သူမ "ခင်"ဟု သုံးနှုန်း လိုက်တာလေးကို တိတ်တဆိတ် သဘောကျနေတာတည်း။

"တစ်နေ့ကျရင် ခင့်ဆီမှာ ကျွန်တော် လက္ခဏာလာကြည့် ချင်တယ် ... ကျွန်တော်က ... အဲ ... အမှန်အတိုင်းဝန်ခံ ရရင်လေ ... ဗေဒင်တွေ အကြားအမြင်တွေထက် လက္ခဏာ ကို ပိုစိတ်ဝင်စားတယ် ... လက္ခဏာဆိုတာက ကိုယ့်လက် ဖဝါးပေါ်မှာ တကယ်ပေါ်နေတဲ့ အကြောင်းအရာတွေ လေ"

"ကျွန်မဆီ စကားပြောဖို့သက်သက် မလာဘူးဆိုရင် ပြီး တာပါပဲ"

"ခုနကလို ခင်လို့ပဲ သုံးလိုက်ပါလား ခင်ရယ် ... ကျွန်တော် တို့ချင်း အဲဒီလောက်တော့ မစိမ်းပါဘူးနော်"

"ကျွန်မ မှားသွားတာ"

"ဘာရယ်"

"ဟုတ်တယ် ... တကယ်ဆို သူစိမ်းဆန်ဆန်ပဲ နေသင့် တယ်"

"ခင်က ကျွန်တော်နဲ့ ခင့်အကြောင်းကို တစ်နည်းနည်းနဲ့ သိနေပြီးသားဆိုရင် စိတ်ပင်ပန်းခံပြီးတော့ နောင်တရမနေ ပါနဲ့လား ခင်ရယ်"

ကို ပြောလိုက်သော စကားတစ်ခွန်းက ခင့်စိတ်သ ဘောကို တိုက်ရိုက်လာမှန်သလို ခံစားလိုက်ရသည်။

ကိုလည်း ခင့်စိတ်ထဲက အရှုပ်အထွေး၊ တွေဝေမှု၊ နောင်တမှုတွေကို ရိပ်မိနေလောက်ပြီနော်။







www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ကျရင် ခင် ကျွန်တော့်ကို ဘာတွေဆိုတာ ပြော ပြနိုင်မယ် ထင်ပါရဲ့ဗျာ"

ခင်သည် ဘာစကားမှ ပြောစရာမရှိတော့သလိုဘဲ ပြန်၍ တိတ်ဆိတ်သွားလျက် Espresso (အက်စ်ပရက်စ်ဆို) အမည်ရှိ ကော်ဖီခါးခါးကိုသာ တစ်ငုံချင်း သောက်နေမိခဲ့သည်။

---



## ၆

နောက်တော့လည်း ခင်၏ အားရက်ဖြစ်သော ဥပုသ်နေ့များဟာ ခင်တို့နှစ်ဦး ဆုံတွေ့ဖြစ်ကြသည့် နေ့ရက်များ ဖြစ်လာခဲ့ပြန်သည်။

ခင်က ချိန်းဆိုသည် မဟုတ်သော်လည်း ကိုက အမင်တကာ လာစောင့်နေရာ ခင် ဘုရားမှာ ပုတီးစိပ်တိုင်း ကိုက အမြဲစောင့်ပေးသလို ဖြစ်နေသည်။

ဘုရားပေါ် အတူတွဲတက်၊ အတူတွဲဆင်းခြင်းမျိုးကိုခင်က ခွင့်မပြုပေမဲ့ ဘုရားအဲဆင်းမှာ မနက်စာ ကော်ဖီနဲ့မုန့် အတူစားကြဖို့တော့ ခင်က ခွင့်ပြုပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com



နောက် ... ကိုက တစ်ဆင့်တက်လာကာ ...

"ခင် ဒီနေ့ ဘယ်သွားမလဲ"

ဆိုတာမျိုး ...။

"ခင် ဒီနေ့ ဘာသွားဝယ်စရာရှိသေးလဲ"

ဆိုတာမျိုးတွေ မေးတတ်လာပြီး ... ခင်နဲ့ ထပ် ခွင့်ရဖို့ ကြိုးစားလေသည်။

ခင်ဟာ ဘယ်တော့မှ မုသားမပြောပါဘူးဟု ခံ ထားလေရာ ခင်က သွားစရာရှိတယ်ဖြင့် ရှိတယ်၊ မရှိဘူးဖြ မရှိဘူး ပြန်ဖြေပါသည်။

"ခင် သွားမဲ့နေရာကိုရော ကျွန်တော် လိုက်ချင်ရင် ရ လား"

"အဲဒါလည်း ဘယ်ကောင်းပါ့မလဲ ဦးကို"

"ဈေးအတူတူ တွဲသွားတာဟာ ဘာမှ ပြဿနာမရှိပါဘူး ပြီးတော့ ကျွန်တော်တို့က လူမြင်သူမြင် သွားတာပဲ ဈေးအတူတူ သွားတိုင်း တစ်မျိုးထင်စရာ ဖြစ်မယ်မထ ပါဘူး"

"ဒါပေမဲ့ ခင်နဲ့က မဖြစ်ဘူးလေ။ ပြီးတော့ ... ရှင် စေ့စပ်ထားတဲ့ မိန်းကလေးတစ်ယောက်ရှိတယ် ... ဦး ခင်တို့ ရှေ့ဆက်မတိုးကြရင် ကောင်းမယ်"





ခင်သည် ကိုဟာ ခင့်ဆီက ဘာကိုလိုချင်သလဲ ဆို ဘာကို သိသလို ... ကိုကလည်း သူ ဘာကြောင့် ခင့်အနား တစ် ခ်ဲ့ဲ ရှိသည်ကို နှုတ်မှ ဖွင့်မပြောဘဲ အမူအရာများစွာဖြင့် ပြသနေလေသည်။

ခင်ဟာ သိလည်းသိရက်နဲ့ ဒါကို မရှောင်နိုင်သလို ကိုကလည်း ခင့်ရဲ့ သူ့အပေါ် လိုက်လျောစွာ ဆက်ဆံတတ်လာ ခြင်းအပေါ် ကြည်နူးစိတ်ဖြင့် တမက်မောမော ရှိနေမိသည်။

"ခင်ရယ် ... ကျွန်တော်တို့ ဒီအတိုင်းနေလို့ မဖြစ်တော့ ဘူးနော်။ ခင့်ကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြောမှ ဖြစ်တော့ မယ်ဗျာ ... ကျွန်တော် ဒီပုံစံအတိုင်းကြီး ခပ်ကြာကြာ ဟန်ဆောင်မနေနိုင်ဘူး"

ဟူ၍ ကိုဟာ ဆုံတွေ့ကြပြီး သိပ်မကြာလှတဲ့ တစ် က်မှာ ပြောလာပါသည်။

ခင်သည် ဒီလိုအခြေအနေမျိုးထဲမှာ ရောက်လာရ ခဲ့မည်လို့ မျှော်လင့်ထားသလို (တစ်နည်း) သိလည်း သိနှင့် လို ဖြစ်လေရာ ဒီစကားကို ကြားလိုက်ရတော့ အမှန်တကယ်ဆို င် မတုန်လှုပ်သင့်။ ရင်မခုန်သင့်။ မယစ်မူးသင့်မှန်း သိသိကြီး ခင်က ...။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပပဝင်းကိုချစ်လို့ စေ့စပ်ဖို့ လက်ခံခဲ့တာ မဟုတ်ပါဘူး ...

အဲဒီ အချိန်ကာလတုန်းက ကျွန်တော် ဘယ်မိန်းကလေးကိုမှ သေသေချာချာ ချစ်သွားတာ မရှိသေးလို့ ... ဖေဖေလည်း အိပ်ရာထဲ လဲနေချိန်မှာ စိတ်ချမ်းသာစေချင်လို့ ... ဖေဖေ ဖြစ်စေချင်တာကို ခေါင်းညိတ်လိုက်တာ ခင် ...

တကယ့် တကယ်တော့ ကျွန်တော် ခုမှသိပြီ ... ကျွန်တော် ခင့်ကိုပဲ ချစ်တယ် ... မြတ်နိုးတယ် ... ခင် ...

ခင်ကလွဲရင် ဘယ်သူ့ကိုမှ ချစ်လာနိုင်တော့မယ် မထင်ပါဘူး"

ကိုက ရင်ထဲမှာရှိသော စကားတွကို စွတ်ရွတ်ပြော နေသည်။

ခင်ကလည်း တွေတွေငေးငေး နားထောင်နေ သည်။

"ကျွန်တော် မညာပါဘူး။ အမှန်အတိုင်း ပြောရရင် ကျွန်တော် ရည်းစားတွေလည်း ထားဖူးပါတယ်။ ပြီးတော့ ကျွန်တော်က ချောတာ လှတာမှလည်း သဘောတ ရွေးချယ်တတ်တဲ့လူပါ ...





ဒါပေမဲ့ ... ခင်နဲ့ကျတော့ ဘာဖြစ်လို့လဲ မသိဘူး။ သူ့အလိုလို ချစ်သွားတာပါ ... ခင့်ကိုတော့ ဟိုးအရင်တည်းက ချစ်နေနင့်သလို ချစ်တဲ့ အချစ်မျိုးနဲ့ ချစ်တာလေ ... အရမ်း နက်နက်ရှိုင်းရှိုင်း ချစ်တယ် ...

ခင်ကို သစ္စာရှိရှိနဲ့ တစ်သက်လုံး လက်တွဲသွားဖို့ အထိ ဆုံးဖြတ်ထားတယ် ... ခင့် ဘာသာ ဘာပဲလုပ်လုပ် ကျွန်တော် မဝေဖန်၊ မရှုတ်ချပါဘူး ခင်။ ကျွန်တော်နဲ့ လက်တွဲရလို့ ခင် လုပ်ချင်တာတွေ ပိတ်ပင်ခံရတာမျိုး မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်"

ဪ ... ကိုရယ် ...။ ခင် ဘာဖြေမလဲ ဆိုတာ ကောင် မမေးဘဲ ရှင်ဖြစ်ချင်တာကိုပဲ ပြောနေတော့တာပါပဲ ...။

"ခင်ကတော့ ပြန်ငြင်းရလိမ့်မယ် ဦးကို။ ခင် ဦးကိုပဲဖြစ်ဖြစ် တခြားယောကျ်ားတစ်ယောက်ပဲဖြစ်ဖြစ် ဘယ်သူ့ကိုမှ လက်မတွဲပါဘူး ... ခင် အိမ်ထောင်ပြုဖြစ်မယ် မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ခင် မပြောချင်ဘူး ဦးကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ခင်က ရှေ့ဘာဖြစ်မယ် ... ညာဖြစ်မယ်
ပြီး ကြိုတွက်ထားလို့ အဲဒီလို ပြောတာလား"

"... ... ..."

"ခင့်ပညာကိုတော့ မစော်ကားပါဘူး ... ဒါပေမဲ့ အဲ
တွေက တကယ်တော့ စိတ်ကူးယဉ် ရုပ်ရှင်ကားတွေထဲ
လိုပါပဲ ခင် ... ဗေဒင်၊ အကြားအမြင်တွေက မှန်တိုင်းသ
လူတွေ လိုက်လုပ်နေကြရင် လူတွေက မကောင်းတာ
တွေ မဖြစ်ကြတော့ဘဲ ကောင်းတာတွေပဲ ရွေးဖြစ်ကုန်
ပေါ့"

"ခင် အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဘယ်သူနဲ့
အငြင်းမပွားချင်ပါဘူး။ လူတိုင်း လူတိုင်းက ကိုယ့်ယုံကြည်
ချက်နဲ့ကိုယ် ရပ်တည်နေကြတာလေ"

"ဒါဖြင့် ... ကျွန်တော် တစ်ခုမေးမယ် ခင် ... ခင် ကျွ
တော့်ကို ပြန်ချစ်နိုင်လား ... ထားပါ ... လက်ထပ်ထ
မထပ်ထပ်ပေါ့၊ ခင့် စိတ်ထဲမှာ ရှိတဲ့အတိုင်း ဖြေလိုက်
လား ... ကျွန်တော် ကြားချင်တယ်"

ခင်သည် ကို၏ မေးခွန်းကို မဖြေဘဲ မျက်ရည်ဝဲ
သော မျက်လုံးဝိုင်းကြီးများဖြင့် ပြန်ကြည့်နေတော့သည်။





ထိုသောအခါ ကိုသည် ခင့်နှလုံးသားကို မြင်ကာ
ခင် မဖြေချင်တာကို အတင်းအကျပ် မမေးတော့ဖို့ ချက်ချင်းဆုံး
ဖြတ်ဖြစ်သွားပါသည်။

အချစ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဖွင့်ပြော
မှ ချစ်သူဖြစ်ကြတာ မဟုတ်ပါဘူး ခင်ရယ် ...။

ခင့် ရင်ထဲမှာ ကျွန်တော် ရှိတယ်ဆိုတာ သိရရင်
ကျေနပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကျတော့ ကိုဟာ ခင့် အလုပ်ခန်းကို ရောက်လာသည်။

"ကျွန်တော် လက္ခဏာကြည့်ဖို့ လာတာပါ ခင်"

ဟူ၍ ကိုက ခရီးရောက်မဆိုက်ဟန်ဖြင့် ခုံမှာထိုင်လည်းထိုင်ရင်း ပြောလိုက်၏။

"ဒါဆို လက်ဖဝါးနှစ်ဖက်လုံး ဖြန့်ပြီး စားပွဲပေါ် တင်လိုက်ပါ"

ခင်သည် လက္ခဏာကြည့်ဖို့ အတွက်တော့ ဒီဂရီမျက်မှန် ခပ်ပါးပါးကို သုံးပါသည်။

ကိုက ခင် မျက်မှန်တပ်လိုက်တော့ သေသေချာချာလိုက်ကြည့်နေသည်။

"ခင်က မျက်မှန်နဲ့ဆိုတော့ အခုမှ ဆရာမကြီးပုံ ဖြစ်သွားတယ် … ဒါပေမဲ့ မျက်မှန်တပ်လိုက်တော့ ခင် ပိုပြီးကျက်သရေရှိသွားတယ်"





"ဦးကို … ခင့်ဆီလာတာ လက္ခဏာကြည့်ဖို့ဆိုရင် အချိန်မဖြုန်းပါနဲ့"

"ဆောရီး … ဆောရီး"

ခင်သည် ကို၏ လက်ဖဝါးများကို မကိုင်ပါ။ အလ်ပင်နံကလေးဖြင့်သာ ဟိုထောက် ဒီထောက် ကြည့်သည်။

"ရှင်က ဒီမှာတွေ့လား … ဒါ ဆော်လမွန် လက်စွပ်လို့ခေါ်တဲ့ အဝိုက်လေးပါနေတဲ့အတွက် ဘယ်တော့မဆိုပေါ့ ကံကောင်းနေတတ်တယ် …

ကံလမ်းကြောင်းကတော့ အယ်နေရာမှ အဖြတ်အတောက် မရှိဘဲ အပေါ်ထိ ထိုးတက်နေတာမို့ အရွယ်သုံးပါးစလုံးမှာ ကံဇာတာ မညံ့ဘူး … ပြီးတော့ … ဂြိုဟ်ခုံတွေ အကုန်မို့မောက်ပြီး အားကောင်းနေတာ … ဒါတွေဒါတွေပေါ့ … ဖောင်းတက်နေတာလေ"

ခင်က ဆက်တိုက်ပြောလည်းပြော ကိုကိုလည်း ပြောသမျှတိုင်းအတွက် ရှင်းပြကာ ပြောဆိုနေပါသည်။

ကိုသည် သိပ်စိတ်အဝင်စားကြီး မဟုတ်ပေမဲ့ လက္ခဏာဆိုတာကတော့ ကိုယ့်လက်ပေါ်မှာရှိတဲ့ အရေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေမို့ နည်းနည်းလေးတော့ ယုံပါသည်။ သို့သော် ... ခင့်
မယုံတာမျိုးတော့ မဟုတ်ပါ။ သူ့ကိုယ်တိုင်ကိုက ဒါမျိုး
သိပ်စိတ်အစွဲမထားတတ်၍ပင်။

"ဒီလိုနေရာလေးတွေမှာ ရှုပ်ထွေးနေတာဟာ မကောင်း
ဘူး။ သိပ်တွေးတဲ့ သဘောပဲ။ အတွေးခေါင်တာမျိုးပေါ့
ဘာမဟုတ်တာလေးကို ခေါင်းရှုပ်ခံတာမျိုး ဖြစ်တတ်
သဘောရှိတယ် ... ဒါက ပညာရေး လမ်းကြောင်းပါ
တစ်နည်း ဦးနှောက်လမ်းကျောင်းပေါ့ ... ပြတ်တောက်
တာ မရှိတဲ့အတွက် ပညာသင်ရာမှာ ဆုံးခန်းတိုင်ပါတယ်
ဒါက ... အာယုလမ်းကြောင်း ..."

ခင်သည် ကို၏ လက်တစ်နေရာမှ အရေးအကြောင်း
ကို ဘောလ်ပင်န်ဖြင့် တစ်ချက်ထောက်လိုက်ပြီးလျှင် တွေဝေသွား
တော့သည်။

အို ... ဒါက ...။

ခင်သည် ကို၏ အသက်လမ်းကြောင်း တစ်နေရာ
တွင် ကန့်လန့်ဖြတ်နေသော အစင်းနှစ်ခုကို တွေ့လျှင် ထိတ်
လန့်သွားခဲ့သည်။

"ဘာဖြစ်လို့လဲ ခင်"





ကိုက ခင်၏ မျက်နှာရိပ် မျက်နှာကဲကိုကြည့်ပြီး
မေးလိုက်လျှင် ခင် မဖြေချင်ဘဲ နေလို့မရတော့ပြန်။

ခင် ညာမပြောချင်ဘူး။ အမှန်ကို အမှန်ပဲ ပြောရ
သိမ့်မယ်။

"ဦးကို အာယုလမ်းကြောင်းဟာ အောက်ထိ ရှည်နေပေမဲ့
ဒီမှာတွေ့လား ... ဒီအသက်အပိုင်းအခြားလောက်မှာ သိပ်
ကိုထင်ရှားတဲ့ ကန့်လန့်ဖြတ်လေး နှစ်ခုက ဖြတ်ထားတယ် ...
အသက်အရွယ် အပိုင်းအခြားအရဆိုရင် သက်လတ်
ပိုင်း ဖြစ်နေတာ"

"အခု အရွယ်မျိုးပေါ့"

"အသက် သုံးဆယ်ကျော်ပိုင်းက လေးဆယ်အထိ"

"အဲဒီမှာ ဘာဖြစ်မှာလဲ"

"အသက်အန္တရာယ် စိုးရိမ်ရတယ်"

"ဩော် ..."

"တစ်ခုခုကြောင့် အသက်ကို ထိခိုက်လိမ့်မယ် ... သတိ
ထားပါ ဦးကို ...

အဲဒီ အသက်အန္တရာယ်က လွတ်ရင်လည်း အသက်
ကို ထိခိုက်လိမ့်မယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးကြောင့်လား၊ Accident တစ်ခုခုကြောင့်လား ဆိုတာတော့ ခင် မပြောနိုင်ပါဘူး"

"ကျွန်တော်က ဘာကို သတိထားရမှာလဲ ခင်"

"ကျန်းမာရေးနဲ့ ပတ်သက်ရင် ဘာလေးပဲဖြစ်ဖြစ် ဂရုစိုက်ပါ ...

အသွားအလာမှာလည်း သတိနဲ့ ဆင်ခြင်ပါ။ ဖြစ်နိုင်ရင် တစ်နေ့မှာ ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ တရားထိုင်ပါလို့ တိုက်တွန်းချင်တယ်"

"အဲဒီလိုလုပ်ရင် ကျွန်တော်က သေရမဲ့လမ်းက လွတ်မယ်ပေါ့ ... ဟုတ်လား"

"ခင်က အသေအချာကြီးပြောတာ မဟုတ်ပါဘူး။ ဒီအချိန် ဒီအသက်မှာ သေရမယ်ဆိုရင် သေကိုသေမှာပါပဲ ... အဲဒါ အမှန်အတိုင်းပြောတာ။ ဒါပေမဲ့ ဦးကိုရဲ့ အသက်လမ်းကြောင်းက အပြတ်ကြီးမှ မဟုတ်ဘဲ နောက်ထပ် ဆက်နေတာတွေလည်း တွေ့တော့လေ ... ဘုရားတရားလုပ်ကြည့်ရင်တော့ ကောင်းရင် ပြန်ကောင်းလာလိမ့်မယ်လို့ ထင်မြင်တာပါ ... အတပ်ကြီးတော့ မပြောပါဘူး ...

ဒါပေမဲ့ သေရမယ်လို့လည်း အတိအကျကြီးပြော





တာ မဟုတ်ပါဘူး။ ဒီနေရာလေးမှာရှိတဲ့ အဖြစ်က သိပ်ကိုထင်ရှားနေတဲ့အတွက် သတိထားနိုင်ဖို့ ပြောတာပါ"

ကိုသည် သူ့ညာလက်ဖဝါးကို သူ့ဘာသာ ပြန်ကြည့်ကာ မျက်ခုံးပင့်နေသည်။

"ကျန်တာတွေ ဘာဟောစရာ ကျန်သေးလဲ ခင်"

"ကျန်တာကတော့ ဘာမှ ထွေထွေထူးထူး ပြောစရာမရှိပါဘူး။ ခင် တော်တော်များများ ပြောပြီးနေပါပြီ။ ဦးကိုက ဘယ်နေရာ ဘယ်အကွက်ကို သိချင်လည်းပဲ ပြောပါ ... ခင် ဖြေပါ့မယ်"

"ဒါက ဘာလဲ ခင်"

"သြော် ... အဲဒါက နိုင်ငံရပ်ခြားကို မကြာခဏ သွားရတဲ့လမ်းကြောင်းပါ ... ဒါပေမဲ့ အပြီးနေထိုင်ဖို့အထိ မဟုတ်ဘဲ ခဏသွားတာမျိုးပေါ့"

"ဟုတ်တယ် ... ကျွန်တော့်ကုမ္ပဏီကိစ္စနဲ့တော့ သုံးခေါက်လောက် ထွက်ဖူးတယ်"

"နောက် ဘာသိချင်သေးလဲ"

"နောက် ... အင်း ... ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ်ရမှာလားပေါ့ ... အဲဒီလမ်းကြောင်းမျိုး ပါ,မပါ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်က လျှို့ဝှက်စွာပင် ပြုံးလိုက်၏။ ခင့်ကို တမင် အဖြေလာမေးနေသလား ကိုရယ်။

"ခင် ဘယ်တော့မှ မုသားပြောတာ မဟုတ်လို့ အမှန်အတိုင်း ပြောရရင် ဦးကိုဆီမှာ အဲဒီလို အမှတ်အသားလေး မပါပါဘူး"

ကိုသည် အဲဒီစကားအတွက် မည်သို့မျှ ထိခိုက်ဟန် မပြဘဲ ပြုံးရုံပြုံးနေခဲ့သည်။ ထိုနေ့က ကို လာခဲ့သည့်အတွက် တစ်နည်း ကို့ရဲ့ လက္ခဏာကို ခင် မြင်ခွင့်ရသည့်အတွက် ခင်သည် မျက်လုံးထဲတွင် ဓာတ်ပုံရိုက်ယူထားသလို အသေမှတ်ကာ ညဘက် ညဘက်တွေမှာ ခင့်အတွက် အလုပ်ပိုလာရသည်။

ခင်ဟာ တစ်ခါမှ မလုပ်ဖူးသော သူတစ်ပါးလက္ခဏာကို အာရုံပြုပြီး မေတ္တာပို့သော အလုပ်ကို လုပ်နိုင်ဖို့ ကြိုးစားတော့သည်။

ခင်သည် ကို့ရဲ့ အသက်လမ်းကြောင်းပေါ်က အဖျက်နှစ်ခုကို မျက်စိထဲ စွဲမြဲနေအောင် မြင်ယောင်ကာ အဲဒါဟာ ဘာကြောင့် ဖြစ်နိုင်မလဲ ဆိုတာကို ကြိုးစားရှာဖွေဆဲပင်။





မနက်အစောကြီး တစ်ရက်တွင် ခင်သည် ဘုရား ...တ်ပြုပြီးနောက် သူမ၏ အခန်းထဲ ပြန်ဝင်လာကာ ပြတင်းပေါက် ...ှင့်ရင်း ခြံထဲကို ကြည့်နေစဉ်မှာပင် ခင် ရုတ်တရက်မှာ တစ်စုံ ...တစ်ယောက်ကို လှမ်းမြင်လိုက်ရသလို ခံစားရသည်။

"ဆရာမကြီး"

ခင် ဝမ်းသာအားရ (သို့သော်) ဖဝေဖဝါဖြင့် လှမ်း ...ခေါ်လိုက်ပေမဲ့ ခင့်အသံက ခပ်တိုးတိုးလေး ဖြစ်နေသည်။

"အို ... မဟုတ်ဘူးလေ ... ဆရာမကြီးက ဒီအချိန် ဒီနေရာမှာ မရှိရတော့ဘူး ... တပည့်တော်မဆီ လာရမဲ့ အချိန် မဟုတ်တော့ဘူး"

ခင်က ဆက်ပြောနေခဲ့ပြန်သည်။ ခင်၏ သီလရှင် ...ဆရာမကြီးကတော့ ခင့်ဆီ မလာပါ။ ခင့် ပြတင်းပေါက်နားမှာ ...သော ယုဇနပင်နားတွင် ရပ်လျက် ခင့်ကို ကြည့်နေကျ ...ရာ



www.burmeseclassic.com

www.burmeseclassic.com



ကာအပြည့်ပါသော မျက်ဝန်းအစုံဖြင့်ကြည့်ရင်း နှုတ်ခမ်းမှ ... ကာ ...

"ဒကာမလေးကို သတိပေးစရာရှိလို့ လာခဲ့တာပါ ... ခဏတဖြုတ်ပါကွယ်"

ဟု ပြောသော အသံမှာ အင်မတန်မှ အေးချမ်း... ဆိတ်လှသည်။

"ဘာများလဲ ဆရာမကြီး"

"ဒကာမလေးမှာ နောက်ပိုင်းပြဿနာ ကြီးကြီးမားမား... ရှိတော့မှာမို့ သတိနဲ့ ဆင်ခြင်ဖို့ ပြောချင်တယ်။ နှလုံး... ရေးရာကို မတားမြစ်လိုပါဘူး ... ဒါပေမဲ့ ဒကာမ... ကိုယ်တိုင်လည်း သိနေပြီးသား ဖြစ်မှာပါ ... ဘာတွေ... ဖြစ်မယ်ဆိုတာ သိနေရင် ရှောင်လိုက်ပါလား။

ရှောင်လိုက်ရင် ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းရ... မယ်"

"တပည့်တော် ရှောင်ချင်ပါတယ် ... ရှောင်မယ်ကြံတိုင်း... ရှောင်လို့မရ ဖြစ်နေခဲ့တာပါ ... တပည့်တော် တရားဘ... လောက်ထိုင်ထိုင် စိတ်ကို ငြိမ်သက်ပြီး ခံစားမှုနော... မလိုက်နိုင်အောင်တော့ ကျင့်ကြံလို့ မရဘူး ဖြစ်နေပါတယ်"





"ဟုတ်ပါတယ် ... ပုထုဇဉ်ပဲကွယ် ... ဘယ်ရှောင်နိုင်ပါ့မလဲ ... ဒါကို အပြစ်မပြောလိုပါဘူး။ ဒကာမလေးမှာ ရှိလာနိုင်မဲ့ ကိုယ်စိတ်နှစ်ပါးနဲ့ သက်ဆိုင်တဲ့ ထိခိုက်ရမှုတွေကို သတိနဲ့ယှဉ်ပြီး ဆင်ခြင်ပါလို့ လာပြောတာပါကွယ်"

"ကျေးဇူးတင်ပါတယ် ဆရာမကြီးရယ်"

"အေး ... ဒါဆို ဆရာမကြီး စိတ်နည်းနည်း အေးသွားပါပြီ ဒကာမလေး ... သံယောဇဉ်ကြောင့် မရောက်,ရောက်အောင် လာခဲ့ရတာလေ။ သတိပေးချင်လွန်းလို့ လာခဲ့ရတာပါ"

သီလရှင် ဆရာမကြီးက ပြောပြောဆိုဆို လှည့်ထွက်...သွားသည်။

ခင်သည် ဆရာမကြီး ကျောပြင်ကို ကြည့်နေရင်း...သော့မှ သတိဝင်လာကာ ... အို ... ဆရာမကြီးကို နံနက်စာ...မ်းတော့ ကပ်ဦးမှပဲ တွေးလျက် ...

"ဆရာမကြီး ... ဆရာမကြီး ... ခဏလေး နေပါဦး ... တပည့်တော်မ ဆွမ်းလေးကပ်လိုက်ချင်လို့ ဆရာမကြီး ခဏလောက် အချိန်ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ခင်သည် နှုတ်မှ တတွတ်တွတ် လှမ်းအော်ခေါ်နေ
မှပင် သီလရှင်ဆရာမကြီးကား ခင်၏ မြင်ကွင်းမှ ဘယ်လို
နှင့် ပျောက်သွားသည်ပင် မသိလိုက်ရ။

ခင် အိပ်မက်မှ လန့်နိုးလာခဲ့သည်။

ခင် အိပ်မက်မှ အဖြစ်အပျက်ကို ဘယ်လိုမှ မေ့
နိုင်။ အိပ်မက်များ တကယ်ဖြစ်လေမလားလို့ ...။

ခင် ဘယ်လိုပဲရှာရှာ မတွေ့တော့ ။ ခင် ခြံထဲ
ကာ ယုဇနပင်ဆီ ရောက်လာပြီး လှည့်ပတ်ရှာတောင် မတွေ့

"အို ... သူ့ကို ငါ ဘယ်တွေ့နိုင်မလဲ။ သူက ဒီလော
ထဲမှာ ရှိမှမရှိတော့တာ။ ဩော် ... သံယောဇဉ်ကြီးလို
တာ ဆရာမကြီးရယ် ...

တပည့်တော်မဆီ တမင်ကြီး ပြန်ရောက်လာပြီး
တောင် သတိပေးရတယ်နော်။ တပည့်တော် ဖြ
ကောင်းမှုကုသိုလ် အဝဝကို ရောက်ရာအရပ်က သာ
ခေါ်နိုင်ပါစေ"

ခင်သည် မျက်ရည်တွေဝေကာ ဆရာမကြီးကိုမှန်း
အာရုံပြုကာ အမျှသုံးကြိမ် ရွတ်ဆိုပြီး အမျှဝေလိုက်ပါသည်။

ခင်၏ သီလရှင် ဆရာမကြီးမှာ ကွယ်လွန်သွား
တာ တစ်နှစ်ပင် ကျော်ပြီ။





ယခုတော့ ခင့်ကို စိတ်မချလွန်း၍ထင့်။ တမင်ပြန်
ရောက်လာပြီး သတိပေးလေပြီ။

ခင် ... ဘာလုပ်ရမည်နည်း။

ခင်ဟာ ကိုယ့်မှာ ဒုက္ခတွေ ရင်ဆိုင်ရလိမ့်မယ်မှန်း
သိသိကြီးနဲ့ ကို့ကို လက်ခံနေမိတာနော်။ ခင်ဟာ မိုက်မဲတဲ့ သာမန်
မိန်းမတစ်ယောက်ပါ။

နလုံးသားရေးရာကို ဦးစားပေးချင်တဲ့ အသုံးမကျ
သေးတဲ့ မိန်းမတစ်ယောက်ပါ။

ခင်သည် စိတ်ကိုဆုံးဖြတ်ကာ ဒီအပတ်ရဲ့ ဥပုသ်
နေ့တွေကစပြီး ကို စောင့်နေမဲ့ ရွှေတိဂုံဘုရားကို မတက်တော့
... ။ ကိုနဲ့ မတွေ့တော့ဖို့ ...။ တခြား ဘုရားတစ်ခုခုကိုပဲ
သွားဖို့။

ဖြစ်နိုင်ရင် အိမ်ထဲမှာပဲနေဖို့ ...။ စသဖြင့် မယ်မယ်
ရေ သိပ်မရှိလှသော ရှောင်နည်းတွေဖြင့် ရှောင်ရန် ကျိတ်၍
ကိုယ့်ကိုယ်ကိုယ် အမိန့်ပေးနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









# ၇

ခင့်ကို ဥပုသ်ရက် တစ်ရက်မှာ စပြီး ရွှေတိဂုံဘုရား အလာမှာ တွေ့ခွင့်မရလျှင် ကိုသည် ထိုနေ့တစ်နေ့လုံး နေလို့ ိုင်လို့ မရအောင် ဖြစ်နေတော့၏။

ခင် ဘာကြောင့် ရောက်မလာသလဲ။ ကိုသည် ဒီ မေးခွန်းကို အကြိမ်ပေါင်းများစွာ မေးကာ မေးကာ။

ခက်တာက ခင့်ဆီ ဖုန်းဆက်ပြီး မေးလို့လည်း ရ, ရ မသိချေ။

ခင် ဆိုတာက တခြားမိန်းကလေးတွေလို ဖုန်းဆက် ီး စကားပြောလို့ ရချင်မှ ရမှာမို့ ဘာပဲဖြစ်ဖြစ် ကြိုးစားကြည် ည်ဟု ကို ဆုံးဖြတ်၍ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို … ခင်ခင် ရှိပါသလားခင်ဗျာ"

တစ်ဖက်မှ အသံသည် တိတ်ဆိတ်နေပြီးမှ …

"ဘယ်သူများပါလိမ့်ကွယ်"

ဟူ၍ပင် ဇဝေဇဝါ မေးလာသည်။

ကြည့်ရတာ ခင့်ဆီ ဒီလို ဖုန်းဆက်တတ်သော ယောကျ်ားတစ်ယောက်တလေ ဆိုတာ သိပ်ရှိပုံမရ။ ခင်ခင့်ဆီ ဆက်တာဟာ ဗေဒင်မေးဖို့၊ တိုကင်ယူဖို့သာ ဖြစ်တာများပြီး မည်သူကမှ ခင်ခင်ဟု ခေါ်ခြင်း သိပ်မရှိလှ။

ဒေါ်ခင်ခင်ဟုသာ အခေါ်ခံရတာ များလေရာ ခင်၏ မိခင်မှာ အံ့ဩနေသည်။

"ကျွန်တော် သူ့မိတ်ဆွေပါ"

"ဗေဒင် မေးချင်တာများလား … ဒါဆိုရင် တိုကင်နံပါတ် ကို အန်တီ့ပေးလို့ ရပါတယ် … အန်တီက ခင်ခင့် မိခင်ပါ"

"ကျွန်တော် ဗေဒင်မေးဖို့ မဟုတ်ပါဘူး … သူနဲ့ စကား ပြောချင်လို့ပါ"

"ဪ"

တစ်ဖက်မှ ခင်ခင်၏ မိခင်သည် အဖြစ်အပျက်ကို တော့ဖြင့် မယုံသလိုရှိကာ မျက်မှောင်ကြုတ်နေသည်။





"စကားပြောခွင့် မရှိဘူးလားဗျား ခင်ဗျာ"

ခင်၏ မိခင်မှာ အမျိုးသားလူငယ်လေး၏ ယဉ်ကျေးပြေပြစ်သော စကားအပြောအဆိုကြောင့် သိပ်ပြီး စိုးရိမ်တာ တော့မဖြစ်။

သမီးဖြစ်သူဟာ ဘယ်ကဘယ်လို အမျိုးသားမိတ်ဆွေရှိလာသနည်း ဆိုသော မေးခွန်းကသာ သူမ ခေါင်းထဲတွင် ကြီးစိုးနေတာဖြစ်သည်။

"စကားပြောခွင့်တော့ ရှိပါတယ် … ဒါပေမဲ့ အန်တီ့ သမီးလေးဟာ ယောကျ်ားလေးတစ်ယောက်နဲ့ စကားပြော တာမျိုး … အဲ … ဖုန်းထဲမှာ စကားပြောတာမျိုးပေါ့လေ … လုံးဝမရှိဘူးတော့ သူ ပြောမယ်၊ မပြောဘူးဆိုတာ အန်တီ အတိအကျ မပြောနိုင်ပါဘူး။ ဒါပေမဲ့ ခဏလေးတော့ စောင့်ကွယ် … အန်တီ သမီးကို သွားမေးပေးပါ့မယ် … ဟုတ်ပြီလား"

"ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ် အန်တီ"

"ဪ … ဒါနဲ့ မင်းနာမည်လေး တဆိတ်လောက် ပြော ပါဦး"

"ကျွန်တော့်နာမည် 'ကို'ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကိုပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့"

"ဟုတ်ပြီ ... အန်တီ သွားပြောပေးမယ်"

ကိုသည် ခင် လာပြောမည်၊ မပြောမည် မသေချာလှသော စောင့်စားနေရခြင်းကိုပင် ရင်တစုန်စုန် ဖြစ်နေသည်။ ကို သိပ်မစောင့်လိုက်ရ။ ခဏလေး အကြာမှာပင် အဖြေသိရသည်။

"သမီးက ပြောပါတယ် ... သူ ဘယ်ယောကျ်ားကိုမှ ဖုန်းလက်ခံမပြောဘူးတာမို့ အခုလည်း လက်မခံပါဘူးတဲ့ ကွယ် ... မင်းကို သိပါတယ်တဲ့ ... သူ ဖုန်းမပြောချင်လို့ မပြောနိုင်ပါဘူးတဲ့ကွယ်"

"သူ နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ကျွန်တော် ... အင်း ... သူ့ကို စိတ်ပူလို့ သတင်းမေးတာပါ ခင်ဗျာ။ ကျေးဇူးတင်ပါတယ် အန်တီ ... ကျွန်တော် ဖုန်းချလိုက်တော့မယ် ခင်ဗျာ"

ကိုသည် ခင့်အသံကို မကြားရ၍ မကျေနပ်လှပါ။ ခင် နေကောင်းရက်သားနဲ့ ဘာကြောင့် မနက်က ဘုရားမလာသလဲ။





ကိုက ဒါကို သိချင်၍ မေးလိုသော်လည်း ခင့်မိခင်၏ အမြင်မှာ တစ်မျိုးဖြစ်မှာစိုးတာ။ ခင့်ကို မယုံကြည်ခြင်းမျိုး ဖြစ်သွားမှာ စိုးတာ။ စတာတွေကြောင့် မမေးခဲ့တော့ပါ။

ဒီဘက်မှာတော့ ခင်၏အမေမှာ ခင် စာအုပ်ထိုင်ဖတ်နေရာ စားပွဲဆီ ရောက်လာပြီး ခင့်အနားက ခုံတစ်လုံးမှာ ဝင်ထိုင်၍ ခင့်ကို မေးမြန်းခြင်း ပြုတော့သည်။

"သူက ဘယ်သူလဲ ခင်ခင်"

"သူက သမီးရဲ့မိတ်ဆွေတစ်ယောက်ပါ မေမေ။ အမှန်အတိုင်း ဖြေပါ့မယ် ... ခင့်ကို သူက မေတ္တာရှိနေတဲ့လူပေါ့"

"ဘယ်လို တွေ့ကြတာလဲ"

"ခင် ပထမဦးဆုံး စတွေ့တာကတော့ တစ်ခါတုန်းက ကုန်တိုက်တစ်ခုမှာ ဈေးဝယ်ရင်း မတော်တဆ ဆုံတယ်၊ နောက် ... သူ့အမေ ဗေဒင်လာမေးတော့ သူပါလာတယ်၊ အဲဒီနောက်ပိုင်းမှာ ဟိုနားမှာ ခဏဆုံလိုက်၊ ဒီနားမှာ ခဏဆုံလိုက်ဖြစ်ရင်းက ရင်းနှီးလာတာပါ ...

ခင် ဥပုသ်နေ့ မနက်တိုင်း ရွှေတိဂုံဘုရားတက်ပြီး ပုတီးစိပ်တာကို သူ သိထားတယ် မေမေ။ သူ အမြဲလာစောင့်တယ် ... ခင်တို့ ဆုံကြရတယ်။ မနက်စာ ကော်ဖီ မုန့်



www.burmeseclassic.com

www.burmeseclassic.com



အတူတူ စားဖြစ်ကြတယ် … အဲဒါ ခင် မေမေ့ကို ပြ
မပြောမိတဲ့ အပြစ် ရှိနေတယ်။ ဒီနေ့မနက် ခင် ရွှေတိ
ကိုမသွားတော့ဘဲ ရွှေဘုန်းပွင့်ဘုရားမှာပဲ ပုတီးသွားစိ
လိုက်တာမို့ သူ ဖုန်းဆက်လာတာပါ … သူ ဖုန်းဆက်
မယ်လို့ ခင် သိနေပြီးသားပါ”

ခင်၏ အံ့မေသည် သမီးဖြစ်သူထံမှ သိရသမျှတို့
စိတ်အေးစွာ နားထောင်နေခဲ့သည်။

ခင်က တခြားမိန်းကလေးတွေလိုမှ မဟုတ်တာ
ပြီးတော့ ခင်ဟာ ဘယ်တော့မှလဲ မုသားမပြောသူမို့ ခင်၏စကား
များကို ယုံကြည်မှုအပြည့်နှင့် နားထောင်နေသည်။

“ကိုယ့်အတွက်လည်း သင့်တော်မယ်။ သမီးလည်း နှ
သက်နိုင်မယ်ဆိုရင် စဉ်းစားပေါ့။ မေမေတို့ကတော့ ဘာ
ဝက်မစွက်ဖက်ပါဘူးလေ။ ဒါပေမဲ့ သမီးကို သူ့ဟာနဲ့ သူ
အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ပြုသင့်လည်
ပြုတာမျိုးဖြစ်စေချင်တယ်။ သမီးက အိမ်ထောင်ရေး
စိတ်မပူပါဘူးဆိုလည်း ဘာမှ မတိုက်တွန်းပါဘူး …

တစ်ခုတော့ ရှိတာပေါ့ … သူ့အပေါ် ကိုယ်လည်
လက်ခံနိုင်ရက်သားနဲ့ ဘာမဟုတ်တဲ့ အတွေးအခေါ်တွေ
ဝင်ပြီး ရှောင်တာပြုတာတော့ မလုပ်စေချင်ဘူး …





သမီးလည်း သဘောပေါက်မှာပါ။ ကိုယ့်ရဲ့စိတ်ကို ကိုယ် ပြန်ညှင်းဆဲသလို ဖြစ်နေလိမ့်မယ်”

ခင်က ယုံယုံကလေး ပြုံးနေသည်။

“ဘာလဲ … သမီးက ကြိုတင်တွက်ချက်ပြီးသား ဖြစ်နေလို့လား”

“ခင်တို့ လက်မထပ်ဖြစ်ဘူး မေမေ။ ခင်တို့ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လောက်ပဲ မေတ္တာရှိရှိပါ။ ခင်နဲ့သူက လက်ထပ်ဖို့ အခြေအနေ မပေးလို့ပါ။ အဲဒါကြောင့် ခင်က စပြီး ရှောင်လိုက်တာပါ”

“ဩော် … ကွယ် … ဖြစ်ရလေ”

“ပြီးတော့ သူ့မှာ ခင်နဲ့မတွေ့ကြခင်ကတည်းက စေ့စပ်ထားနှင့်ပြီးသား မိန်းကလေး ရှိတယ် မေမေ။ အဲဒီတော့ ခင်တို့ ဘယ်လိုလုပ် ဖူးစာဆုံစရာ ရှိမလဲ”

“ဒါဆို ကောင်လေးက သစ္စာမဲ့တာပေါ့”

“အဲဒီလိုတော့ မဟုတ်ပါဘူး … သူ့အဖေ မကွယ်လွန်ခင်မှာ အဖေ စိတ်ချမ်းသာစေချင်လို့ သူ ကတိပေးလိုက်တဲ့ သဘောပါတဲ့ … သူ လိမ်မပြောဘူးဆိုတာ ခင် ယုံပါတယ် မေမေ”



www.burmeseclassic.com

www.burmeseclassic.com



ခင်၏ မေမေမှာ ခေါင်းတခါခါဖြင့် စိတ်ရှုပ်နေတော့သည်။

"အေးလေ ... မေမေက ဘာမှပြောစရာကို မရှိတော့ဘူးဒါပေမဲ့ ... မေမေ ရိပ်မိနေတယ်လေ။ သမီးဟာ ငါ့လက်မထပ်ဖြစ်ဘူး ဆိုတာနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ဒုက္ခခံပြီးသူ့ကို ကြိုပြီးရှောင်နေတယ်လို့"

ခင်သည် အပြစ်ရှိသူကဲ့သို့ပင် ခေါင်းငုံ့ငြိမ်သက်သွားပါသည်။

မေမေက ခင့်အနားမှ အလိုက်တသိပင် ထသွားခဲ့သည်။ ဒီနေ့မနက်မှာ စိတ်တင်းပြီး ရွှေတိဂုံဘုရားဘက် ခြေဦးမလှည့်ဘဲ မှုန့်တောင် ရွှေဘုန်းပွင့်ဘက် သွားရတုန်းက ဘယ်လောက် စိတ်မပျော်ရွှင် မချမ်းမြေ့ရသလဲဆိုတာ ခင်ကိုယ်ခင် အရိပ်မိဆုံးပါ။

ခင်က ကိုကို သိပ်ချစ်နေပြီလေ။ ခင့်ကို ဘာတွေနဲ့ ဘယ်လိုပဲ သတိပေးပေး ခင် ကိုကို မချစ်ရဘဲ မနေနိုင်တော့ပြီတည်း။





ခင်သည် ကို ရောက်လာသောအခါ မျှော်လင့်ထားနှင့်ပြီးဖြစ်သော မျက်လုံးများနှင့်ကြည့်ကာ ပြုံးလိုက်ပါသည်။

"ခင့်ကို တွေ့ရစရာ ဒီတစ်နည်းပဲ ရှိတယ်လေ ... ဒါကြောင့် ကျွန်တော် ရောက်လာခဲ့ရတာ"

"ဒါ ဗေဒင်ဟောခန်းပါ ဦးကို။ စကားပြောခန်း မဟုတ်ပါဘူး"

"ဒါဖြင့် ကျွန်တော် ဖုန်းဆက်ပြီး စကားပြောမယ်ဆိုတော့လည်း ခင်က လက်မှမခံတာ။ ပြီးတော့ ခင်က ဘုရားလည်း မလာတော့ ကျွန်တော် တစ်နေကုန်ပဲ သေလောက်အောင် ခံစားရတယ် ... လွမ်းတယ်ဆိုတာကို ကျွန်တော် အခုမှ ခံစားဖူးတာဗျာ။ တော်တော်ခံရခက်တဲ့ ရောဂါကြီးပဲ၊ ဟိုဟာကြားလည်းလွမ်း၊ ဒီဟာမြင်လည်းလွမ်းနဲ့။ မနေ့က တစ်နေ့ကုန် အရူးလိုပဲ ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကို ဘာအကြောင်းမေးရအောင် ဒီကိုလာတာလဲ"

"မေးစရာတော့ မရှိဘူး"

"မရှိရင် ခင့်ကို အခုလိုမျိုး စကားလာထိုင်မပြောပါနဲ့ရှင် အဲဒါဟာ ခင့်ကိုသိပ်ပြီး အနှောင့်အယှက် ဖြစ်စေပါတယ် ဦးကို"

"ကောင်းပြီ ... ဒါဆို မေးစရာရှိလာပြီ ... မေးမယ်"

ခင်သည် လွယ်လွယ်နှင့် အလျှော့မပေးတတ်လှသော ကိုကို စိတ်လျှော့ထားသလို မျက်လုံးတွေနဲ့ကြည့်ကာ ...

"ဦးကိုဟာ မလိုအပ်တာတွေမှာ တမင် ခေါင်းမာပြနေတာ"

ဟု ဝေဖန်လိုက်ပါသည်။

"ခေါင်းမမာပါဘူး။ အခုမှ ခေါင်းထဲမှာ မေးစရာပေါ်လာလို့"

"ကဲ ... ကဲ ... ဒါဖြင့်လည်း မေးတော့"

"ဩော် ... ဟော် ... ဒီလိုပါဗျာ ... နောက်အပတ် ဥပုသ်နေ့ကျရင် ကျွန်တော်ချစ်တဲ့ မိန်းကလေးကို တွေ့ရမှာလား ဆိုတာပါ ... သူနဲ့ကျွန်တော် ဆုံနိုင်ဦးမလားဆိုတာ ကြည့်ပေးပါ"





"အဲဒါ ခင့်ကို လာမေးတာ"

"ပေါ့ဟုတ်တယ်လေ ... ခင့်ကို အကြားအမြင်ပညာနဲ့ ကြည့်နိုင်းတာလေ"

"အဲဒီသဘော မဟုတ်ပါဘူး ... ခင့်ရဲ့ စိတ်သဘောကို လာမေးနေတာပါ ဦးကို။ စကားကို လှည့်ပတ်ပြီး မပြောပါနဲ့"

"ခင်က ရန်တွေ့တတ်သားပဲ"

"အဲဒီလို အပိုစကားတွေ ထပ်ပြောဦးမယ်ဆိုရင် ခင် ဦးကို့ကို အရမ်းအထင်သေးမိတော့မယ်။ ခင့်ရဲ့လုပ်ငန်းကို မထိလေးစားသလိုပုံစံနဲ့ လာလာနှောင့်ယှက်တာလား ဦးကို"

"ဟာ ... ခင်ရယ်"

ကိုသည် ခင့်စကားကြောင့် ဘာပြန်ပြောရမှန်းမသိဖြစ်ရသလို ခင့်ရဲ့ ဝေဖန်မှုအောက်မှာ ရှက်စွံ့ကြေကွဲလို့တည်း။

ကိုသည် ထိုင်ရာမှ ချက်ချင်းထရပ်လိုက်ပြီးနောက် ခင့်ကို မမိုတ်မသုန် စိုက်ကြည့်ပြီး ...

"ခင်က အမြဲပြောပြောနေတယ် ... ဘယ်တော့မှ မုသားမပြောပါဘူးတဲ့၊ သူများကိုသာ ခင် မုသားမပြောတာ၊



www.burmeseclassic.com

www.burmeseclassic.com



မလိမ်တာပါ ... ခင်က ကိုယ့်ကိုယ်ကိုယ်တော့ ပြန်ပြီးလိမ် ညာနေတယ်လို့ ကျွန်တော် ထင်တယ် ... ခင့်ကို ချစ်ရ တာဟာ ကျွန်တော့်အတွက် ဘာမျှော်လင့်ချက်မှ မရှိဘဲ နဲ့ တမင် မိုက်မဲပြီး ချစ်နေရပေမဲ့ အဲဒါကို ကျွန်တော် ကျေနပ်ပါတယ်"

ဟု ပြောချင်ရာ ပြောချလိုက်၏။

နောက်မှ ခင့်ကို နှုတ်မဆက်ဘဲ သူ လှည့်ထွက်သွား ပါသည်။ ခင်သည် ကို့ကျောပြင်ကို ငေးကြည့်ရင်း မျက်ရည်ဝဲ ကာ ကျန်ရစ်ရလေသည်။ ခင် ကို့ကို ချစ်တာ သိနေရင် ကျေနပ် နေရောပေါ့ ကိုရယ်။

ကိုသည်လည်း ခင့်ဆီမှ ပြန်လာလျှင် စိတ်မကြည် မလင် ဖြစ်လှလေရာ နောက်ဆုံးတော့ သူငယ်ချင်း နေနိုင်ကို ရင် ဖွင့်ဖို့ သတိရတော့ပြန်သည်။

ကိုက ဖခင်အလုပ်ဖြစ်သော နိုင်ငံခြားဖြစ် (အထူး သဖြင့်) အာရှနိုင်ငံထုတ် ဒဏ်ကြေလိမ်းဆေးများ၊ ပလာစတာများ အကိုက်အခဲပျောက်ဆေးများကို တင်သွင်းသည့် ကုမ္ပဏီတစ်ခုကို ဆက်၍ ဦးစီးရသူဖြစ်ပြီး နေနိုင်ကတော့ သူ၏ဝါသနာအရ ကားပစ္စည်း အရောင်းခန်းမတစ်ခုကို ဖွင့်ထားသူဖြစ်သည်။





သူတို့၏ လုပ်ငန်းတွေက တစ်ယောက်နဲ့ တစ် ယောက် အဆက်အစပ်တော့ မရှိလှပေမဲ့ သူတို့ချင်းမှာ ကျောင်းတက်ကတည်းက ရင်းနှီးခင်မင်ကြသူများ ဖြစ်ရာ ခုထိ အဆက်အသွယ် မပြတ်ကြသေးပေ။

အထူးသဖြင့် နေနိုင်ကဆိုလျှင် ကို့အကြောင်း ကောင်းသိလေရာ ကိုက သူ တစ်ခုခု တိုင်ပင်စရာပဲဖြစ်ဖြစ်၊ ဆင်မပြေတာကြုံရင်ပဲဖြစ်ဖြစ် နေနိုင့်ကို ရင်ဖွင့်ဖို့ အရင်ဆုံး သတိရတတ်သည်။

"ဘာဖြစ်လာပြန်ပြီလဲ ကို"

နေနိုင်က ခုံမှာ သုန်သုန်မှုန်မှုန်ဖြင့် ဝင်ထိုင်သော ကိုကို အကဲခတ်မိသဖြင့် ပြုံးစိစိ မေးလိုက်သည်။

"ခင်နဲ့ အဆင်မပြေဘူး"

"မင်း ပြောတော့ ဘုရားသွားအတူတူ မုန့်စားအတူတူ အဆင့်ကို သူ လက်ခံလာပြီဆို"

"အေး ... ဒါပေမဲ့ ဒီအပတ် ဥပုသ်နေ့မှာ သူ ရောက် မလာတော့ ငါ ပြာသွားတာ"

"ခင်ခင် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

"ဘာမှ မဖြစ်ပါဘူး၊ ငါ အခုပဲ သူ့ဆီသွားပြီး တောင် မေးသေးတာပဲ ... သူ နေကောင်းရက် တမင် ငါ့ကို ရှောင်တာကွာ"

"မင်းက ခင်ခင့်လို မိန်းကလေးမှ ကြုံကြိုက်ဖန်ဖန် သွား တာကိုး။ ဒီတော့ သူက အတွေးက ခပ်ခေါင်ခေါင် မင်းနဲ့ တွဲသွားတဲ့လာ လုပ်နေရတာကို မသာယာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်တွေ ခေါင်းထဲဝင် ရှောင်တာ ဖြစ်မှာပေါ့"

"ငါလည်း အဲဒီ့လို တွေးမိပါတယ် ... ဒါပေမဲ့ ဘူးကွ ... သူ့ကို ကြာလေ ကြာလေ ပိုပြီးချစ်လာ အစက ငါ အဲဒီ့လောက်ကြီး ချစ်နေမိမယ်တောင် ဘူး ... အခုတော့ သူနဲ့တွေ့နေကျရက်မှာ မတွေ့ရတဲ့ ကွာ လူးလိမ့်နေအောင် ခံစားရတာ၊ လွမ်းရ ခံလိုက်ရပြီးမှ ကိုယ့်ဘာသာ ပြန်လန့်သွားတယ် ... ရေ ... ငါ သူ့ကို သေလောက်အောင် ချစ်နေပါလာ ငါ ရည်းစားတွေ ထားဖူးသားပဲ။ ချစ်လည်း ချစ်ဖူး ဒါပေမဲ့ အခုလောက် တစ်ခါမှ မခံစားရဖူးဘူး"

"အဲဒီတော့ ... မင်း ဘာဖြစ်ချင်နေလဲ"





"ဘာဖြစ်ရမလဲ ... အရမ်းချစ်တဲ့သူကို တွေ့ပြီဆိုတော့ သူ့ကို မပိုင်ဆိုင်ရမှာ တော်တော့ကို စိုးရိမ်နေတာပေါ့။ ပြီးတော့ သူ့ကို အားမရဘူး ... ရှေ့ဆက်ပြီး ဖြစ်မယ်၊ မဖြစ်ဘူးဆိုတာ မသေချာတဲ့နည်းတွေနဲ့ တွက်ချက်ပြီး ငါ့ကို ရှောင်တာမျိုးပေါ့ ... မလုပ်စေချင်ဘူးကွာ။ ဗေဒင်တွေ အကြားအမြင်တွေ လက္ခဏာတွေ မှန်တိုင်းသာ လူတွေ လိုက်ဖြစ်နေကြရင် မကောင်းတာ မဖြစ်တဲ့လူ မရှိတော့ဘူးပေါ့ ... မင်းစဉ်းစားကြည့် ...

ဒီနေ့ ဒီရက်ပိုင်းမှာ ဒါဖြစ်မယ်ဆိုတာ သိရင်ရှောင်၊ ဟိုဟာဖြစ်မယ်ဆိုတာ သိရင်ရှောင် ဆိုတော့ မကောင်းတာ ဖြစ်ဖို့ မကြုံတော့ဘူး ...

ကောင်းတာဖြစ်မှာတော့ ကြုံအောင် လုပ်မယ်ပေါ့၊ အဲဒါမျိုးတွေနဲ့ လည်ပတ်ကုန်ကြမှာပေါ့ ...

သူ့ပညာကို မယုံလို့တော့ မဟုတ်ပါဘူးကွာ။ ဒါပေမဲ့ ဘာကြောင့် သူ့စိတ်သူ ပြန်လှည့်စားနေရလဲ"

နေနိုင်က ကို ရင်ဖွင့်သမျှ ခေါင်းတညိတ်ညိတ် းထောင်နေသည်။ သူလည်း ဘာမှဝင်မဖြေရှင်းနိုင်သည်ဖြစ်၍ းထောင်ပေးဖို့သာ စိတ်ကူးရှိလေသည်။

www.burmeseclassic.com



ပြီးတော့ သူက ခင်ခင့်ရဲ့ ဗေဒင်ပညာကိုဆေ
ကို့ထက်ပင် ယုံသူဖြစ်ရာ ခင်ခင်ဟာ တစ်ခုခုကို ကြိုသိ
ရှောင်တာပဲဟု တွေးလို့ရနေသည်။

"မင်းလည်း ငါ လာပြောပြတာနဲ့ ခေါင်းရှုပ်သွားပြီ ထ
တယ်"

"မရှုပ်ပါဘူးကွာ ... မင်းတို့အဖြစ်က ငါလည်း ကူညီ
မရဘူး ဖြစ်နေလို့ပါ။ ခင်ခင်သာ တခြားမိန်းကလေးတ
ယောက်ပေါ့ ... သာမန်မိန်းကလေးတစ်ယောက် ဖြစ်
ရင် ငါက မင်းနဲ့အတူတူ ဝင်ပါလို့ ရတယ်။ မင်း
ကောင်မလေးနောက် လိုက်စောင့်မှာ ဘာညာကို ကူညီ
လို့ရတယ် ...

အဲဒါမျိုးတွေပေါ့။ အခုတော့ ငါလည်း သူ့ကို
တယ်ကွ။ အားနာသလိုပဲ ...

မင်းတို့ကိစ္စမှာ ဝင်မပါရဲဘူး ဖြစ်နေတယ်"

"ရပါတယ်ကွာ ... ခင်ကလည်း သူနဲ့ ငါ ဘုရား
အတူတူ ဖြစ်တယ်ဆိုတာ လုံးဝ သူများ အမြင်
စေချင်ဘူး။ မင်း သိတဲ့အတိုင်းပဲ ငါက ရှေ့က ကြို
ရတာ၊ သူက ဘုရားပေါ်မှာဆို လုံးဝစကားမပြောဘူး





ငါ့ကို။ သူ့ဘာသာ ဘုရားရှိခိုး ပုတီးစိပ်ပေါ့ ... ငါက သူ့ကို မြင်ရရင် ပြီးရောနဲ့ ကျေနပ်ပြီး တကြည့်ကြည့်၊ တစောင့်စောင့် လုပ်ရတယ် ... ဘုရားက ဆင်းလည်း ငါက ရှေ့ကကြိုဆင်းရတာပဲ ... ကားပါကင် ရောက်မှပဲ အခုမှ ဆုံကြရတဲ့ မိတ်ဆွေတွေလို စကားရပ်ပြောပြီး ဒီနေ့ ဘယ်ဆိုင် သွားစားမယ် ... ဘာညာ ခေါ်ခွင့်ရတယ်"

"မင်း ဖွင့်ပြောတော့ရော"

"သူက ဘယ်သူ့ကိုမှ လက်မထပ်ပါဘူးတဲ့ ... ဒါပေမဲ့ ငါ အတင်းအကျပ်မေးတော့ ဘာဖြစ်မှန်း မသိဘူးကွာ ... မျက်ရည်လေးတွေ ဝဲလာပြီး ငါ့ကို ပြန်ကြည့်နေတာနဲ့ ငါ သနားပြီး မမေးဖြစ်တော့ဘူး"

"သူ မင်းကို ချစ်နေတာပါ"

"ငါ သိကိုသိတယ်။ သူ ကြိုမြင်တာတွေ ဟုတ်ဟုတ်၊ မဟုတ်ဟုတ်ကွာ ... ငါ သူ့ရဲ့ချစ်သူအဖြစ် ဘဝကို ခဏတော့ ရချင်နေတယ်ကွာ"

"သူ အဲဒါကိုသိအောင် မင်း လုပ်ရလိမ့်မယ် ကို။ နည်းတစ်ခုခုတော့ ရှာပြီး ပြောရလိမ့်မယ်"

www.burmeseclassic.com



"ဟုတ်တယ် ... သူ့ လက်ခံအောင်တော့ ပြောကြည့်ရမှာပဲ ... ကြိုးစားကြည့်ရမှာပဲကွာ"

ကိုသည် နေနိုင့်ဆီမှ ပြန်လာသောအခါ ခင့်ကို အရိုးရှင်းဆုံးနှင့် အထိရောက်ဆုံး အသိပေးနိုင်ဖို့ နည်းလေးတစ်နည်းကို စဉ်းစားမိတော့သည်။

***





မနက်အစောကြီးမှာ ခင့် အစ်မကြီး ဈေးကအပြန် မမျှော်လင့်ထားသော အကြောင်းအရာတစ်ခုကို ခင် ကြုံတွေ့ရသည်။

"ခင်ခင် ... ဒီမှာရော့။ ခြံဝတံခါးမှာ လာထိုးထားတဲ့ ပန်းစည်းနဲ့ စာတစ်စောင်။ ခင်ခင့် အတွက်လို့ ရေးထားတာနဲ့ မမ ယူလာတယ်"

ခင်သည် ရုတ်တရက် ရင်ဆိုင်ရသော အခြေအနေကို တွေ့သလို ဖြစ်သွား၏။

ဒါဟာ ခင်ခင်ရဲ့ တစ်သက်တာမှာ ပထမဦးဆုံးပါ။ ပထမဦးဆုံးသော ဖြစ်ရပ်တစ်ခုပါ။

"ပန်းစည်းတွေ စာတွေရလို့ ... ငါ့ညီမတော့ ကိုယ့်ကိုယ်ကိုယ် ကြိုတင်တွက်ထားပြီးပြီ ထင်ပါရဲ့ဟော့"

"ပန်းစည်းက ဘယ်လိုပုံစံနဲ့ ရောက်လာမှန်း မသိတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဘုရားတင်ရမှာ စိတ်မရှင်းပါဘူး မမရယ်။ စားပွဲမှာ အထ ထိုးရင် ထိုးလိုက်ပါ"

"စာဖတ်ကြည့်ပါဦး ... ဘယ်ကာလသားကများ ငါ့ညီ ရိုးရိုးအေးအေး ပုံတုံးတုံးလေးကို မျက်စိကျသလဲ သိ အောင်"

အစ်မကြီးက ဘာမှ မသိရသေးသူပီပီ ခင့်ရဲ့ ရုပ်ဆန်းကို စိတ်ဝင်စားနေလေသည်။ မေမေက ပြုံးရွှံပြုံးနေ ချက်ပြုတ်စရာ ပြင်ဆင်ရန်သာ အာရုံစိုက်နေခဲ့၏။

ခင်သည် အားလုံးရှေ့မှာပင် စာအိတ်ဖြူလေး ဖွင့်လိုက်ပါသည်။

ပို့စကတ်တစ်ခု ထည့်ထားသော စာအိတ်ဖြူလေး ဖြစ်ပြီး ပို့စကတ် အပြင်ဘက်မှာတော့ "From this mome on ..." ဟူသော အင်္ဂလိပ်စာသားတစ်ခုက သူ့အလိုလိုပါထား သားပင်။

ခင်သည် ဒီလိုစာသားတွေ ဘာသာပြန်ကြည့်ဖို့တော ပညာသား မပါလှရာ ဘာကိုဆိုလိုသလဲဆိုတာ သိနေခဲ့သလို တော့ရှိပြီး ... ဒါ ဘယ်သူ့ဆီက ဆိုတာလဲ အလိုလိုတွေးတ နေခဲ့၏။





ခင့်မှာ ကို တစ်ယောက်ပဲ ရှိတာလေ။ ကိုကလွဲရင် ခင့်ကို အရူးအမူးဖြစ်မဲ့ ယောက်ျားသားဆိုတာ တစ်ယောက်မှ ကို ရှိမှမရှိတာကွယ်။

ကိုက ပို့စကတ်ထဲမှာ ဘာတွေရေးသလဲ။

"ခင်"

ခေါင်းထဲမှာ ဘာမှ မတွေးပါနဲ့ ...
ရှေ့ ဘာဖြစ်မယ်ဆိုတာ မေ့ထားပြီး
ခုလောလောဆယ် ဘဝလေးဖြစ်ဖြစ် ပျော်ပါရစေ

"ကို"

ခင်သည် ရင်ထဲမှာ ထိုင်းမှိုင်းသွားသလို ခံစားလိုက် ရ၏။ ခင်လည်း အခါများစွာတွေမှာ အဲဒီလို တွေးတွေးနေမိတာ ပါ ကိုရယ်။

ကိုက ခင့်စိတ်ကိုများ ကြိုပြီးမြင်တတ်လာပြီလား။ ဘုရားရေ ... ခင်ကတော့ ရှေ့ကို ကြိုမြင်တတ်ပြီး ... ကိုကတော့ ခင့်စိတ်ကို ကြိုမြင်မှာကျ စိုးရိမ်သတဲ့လား ... ခင်ခင်ရယ် ...။

ခင်သည် အဲဒီနေ့ကစပြီး နေ့စဉ်ရက်ဆက် ရရှိသော ပန်းစည်းများနှင့်အတူ ကို့ဆီမှ ပို့စကတ်နှင့် ပါလာတတ်သော စာကြောင်းများစွာ။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတွေကတော့ ဘယ်လိုပုံစံ ဘယ်လို စာသားနဲ့ပဲ ပြောင်းရေးရေး။ ဒီတစ်မျိုးတည်း ဖြစ်နေပါသည်။

ခဏလေးဖြစ်ဖြစ် ချစ်သူဖြစ်ခွင့် ရလိုသတဲ့လား ကိုရယ်။

ကို ဘာမှ ခေါင်းထဲ မထည့်တော့ဘူးလား။ ချစ်သူတွေ ဖြစ်ကြပြီး တကယ် နစ်နစ်နည်းနည်း ချစ်လာကြတဲ့အခါ မှာ တစ်နေ့မှာ ခွဲကြရမယ်ဆိုတဲ့ အဖြစ်အပျက်ကို ဘယ်သူကမှ လိုလားကြမှာ မဟုတ်ဘူးလေ။

ပန်းစည်းနှင့် စာများရပြီး သိပ်မကြာ။ မေမေက ပြောလာသည်။

"ခင် လက်ခံမယ်ဖြင့် လက်ခံမယ်၊ လက်မခံမယ်ဖြင့် လက်မခံဘူး ဆိုတာ ကောင်လေး ရေရေရာရာသိအောင် ရှင်းဖို့သင့်ပြီနော်။ သူ့ကို ခင်က မပြတ်မသား လုပ်ထားသလို ဖြစ်နေမယ်။ သူ့အတွက်လည်း မကောင်းဘူး၊ ခင့် အတွက်လည်း မကောင်းဘူးကွယ်"

"ခင် သူ့ကို ငြင်းပြီးသားပါ မေမေရယ်"

"ဘာပဲဖြစ်ဖြစ် အတွေ့မခံ၊ စကားပြော မခံဘဲ နေလို့ မဖြစ်တော့ဘူး။ တစ်ခုခုတော့ စဉ်းစားပြောဆိုလိုက်ပါ ...





အခုလို အခြေအနေကို တစ်ဆင့်စကားနဲ့ ဟိုပြောဒီပြော ဖြစ်လာကြရင် မကောင်းဘူးခင်"

"ဟုတ်ကဲ့ ... ခင် သူ့ကိုရှင်းပြမှာပါ မေမေ။ ခင် နားလည်ပါတယ်"


ခင်သည် ခင့်ကို စိတ်အနှောင့်အယှက်များစွာ ပေးလှသည့် ကို့ကို ရင်ဆိုင်တွေ့ပြီး စကားပြောနိုင်ဖို့ ဆုံးဖြတ်ရတော့သသည်။



www.burmeseclassic.com

www.burmeseclassic.com









## ၈

ကိုသည် ဥပုသ်ရက်များစွာတို့မှာ ခင့်ကို တွေ့ခွင့်မရဘဲ ဖြစ်သော်လည်း သူဟာ ဝတ္ထုရေးတစ်ခုပမာ သွားသွားဆောင့်နေရခြင်း၏ ဖွဲ့ကြီးမှုကြောင့် ယခုတော့ အဲဒီ့အကျိုးကို သူ ခံစားရလေပြီ။

ခင့်ကို သူ ဒီတစ်ခါ ဆုံရလေပြီ ။ ခင် ကားရပ်ပြီးပြီးချင်း သူ ခင့်အနား ချက်ချင်းပြေးသွားကာ ...

"ခင် ရောက်လာတယ်နော် ... ကျွန်တော် ဝမ်းသာလိုက်တာဗျာ"

ဟူ၍ လိုက်လှဲစွာ ဝန်ခံမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်သည် မျက်နှာထား တည်တည်လေးနှင့် ကိုး
ကြည့်သည်။

"ခင်တို့မှာ ဆွေးနွေးစရာတွေ အများကြီး ရှိနေတ
ထင်လို့ ခင် ဒီကို တမင်လာတာပါ။ ခင် ပုတီးစိပ်ပြီးရ
အေးအေးဆေးဆေး စကားပြောမယ်"

"ရပါတယ် ... ကျွန်တော် အရင်ကလိုပဲ ရှေ့ကတက်
ရမလား"

"တက်ပေါ့"

ထိုနေ့ မနက်ကလည်း အရင်နေ့တွေကလိုပင် ခ
ပုတီးစိပ်ပြီးစီးသည်အထိ ကိုက တခြားတစ်နေရာမှ ထိုင်
စောင့်ကြည့်၊ ခင် ပြီးတာနဲ့ ရှေ့ကကြိုဆင်း။ ပြီးတော့ ကား
ကင်နေရာမှာ ခင့်ကိုစောင့်။ ဘာပဲဖြစ်ဖြစ် ကိုက လူငယ်ေ
တစ်ယောက်လိုပင် ... ဒီလို ဘာမဟုတ်တာလေးကိုပဲ ကျေ
စွာ ရူးသွပ်နေပါသည်။

အရင်အခေါက်တွေကလိုပဲ ခင့်ကို ဘယ်ဆိုင်သွာ
မည်၊ ဘယ်နေရာသွားမည်ဟု ကြိုပြော၍ ကိုကားက ရှေ့ကမောင်
ခင့်ကားက နောက်ကမောင်းနှင့် ရှေ့ဆင့်နောက်ဆင့်ပင် မနက်
စားဖို့ ဆိုင်တစ်ဆိုင်ကို ရောက်ကြရလေသည်။





ဆိုင်ရောက်၍ မှာစရာရှိတာ မှာပြီးတော့မှ စကား
စပြောဖြစ်ကြတော့သည်။

"ခင့်ကို မတွေ့ရတာ လေးငါးပတ်တောင်မှဗျာ ... ကျွန်
တော် တွေ့တွေ့၊ မတွေ့တွေ့ဆိုပြီး ဖွဲ့နပဲနဲ့ကို လာလာ
စောင့်နေတယ် ... ကဲ အခုတော့ ခင့်ကိုတွေ့ရပြီ။ အဲဒါ
ကျွန်တော် ဖွဲ့ရှိတဲ့ အကျိုးပေါ့နော်"

"ခင်က ပြောစရာရှိလို့လာတာ"

"ပြော ... ပြော ... ခင် ဘာပြောပြော ကျွန်တော် နား
ထောင်မယ်"

"ခင့်ဆီကို ပန်းစည်းတွေ ပို့လိုက် ... စာတွေပို့လိုက် ...
လုပ်လုပ်နေတာဟာ မသင့်တော်ပါဘူး ... ရပ်ပါတော့
လို့ လာပြောတာ"

"ခင်ရယ် ... လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက်က
လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ကို ချစ်လို့ကြိုက်လို့
ပိုးပန်းတာပဲ ဘာမသင့်တော်တာရှိလဲ"

"ရှိတာပေါ့ ... ခင်က တခြားလူတွေလို အလုပ်မျိုးလုပ်
တာ မဟုတ်ဘူးလေ။ ခင်က ဗေဒင်လက္ခဏာဟောတဲ့
အလုပ် လုပ်နေတာပါ။ ဗေဒင်ဆရာမဟာ ယောကျ်ားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုးချင်ပန်းချင်အောင် ဘာလုပ်ထားလို့ ညာလုပ်ထားလို့ဆို ပြီး အသံထွက်တာမျိုးကို မခံချင်ဘူး။ ခင်လည်းသိကျွ ကျတယ် ... ခင့်ရဲ့ရိုးသားတဲ့ ပညာလည်း အစော်ကားခံ ရလိမ့်မယ် ... ခင်ပြောပြတာကို ဦးကို သဘောပေါက်နိုင် မယ်ထင်တယ်"

"ခင်က လူတွေပြောမှာကို သိပ်ဂရုစိုက်လွန်းပါတယ် ဗျာ"

"တုတ်တယ် ... ခင် ဂရုစိုက်ပါတယ် ... ခင်က ငယ်ရွယ် တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဒီပညာရပ်နဲ့ လုပ်ကိုင် နေတာမို့ ပိုဂရုစိုက်ရတယ်"

"ကောင်းပြီ ... ဒါဖြင့် ခင်က ကျွန်တော်စောင့်နေမှန်း သိ ရက် မလာတာ၊ ကျွန်တော် ဖုန်းပြောတော့ လက်မခံတာ မျိုး ရှိတယ်၊ ဒီတော့ ... ကျွန်တော်လည်း ကြံရာမရဖြစ် ပြီး လုပ်ရတာပဲ။ တကယ်ဆို ခင်က အခုလိုလေး တွေ့ခွင့်၊ စကားပြောခွင့်ကို ပေးထားရင်တောင် ကျွန်တော် ဒါမျိုးတွေ အရှုးလို အပေါလို လုပ်နေမှာ မဟုတ်ပါ ဘူး"

"ခင်တို့က အမြဲရိုန်းတွေ့သလို ဖြစ်နေမှာ စိုးလို့ပါ"





"ခင်ရယ် ... ခင်က ကိုယ့်ကိုယ်ကိုယ် ညှာလွန်းနေပြီနော်၊ ခင့်ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို အသိ ပေးလိုက်ပါတော့လားဗျာ၊ ကျွန်တော်ရေးတဲ့စာတွေထဲက လိုပဲ ... ရှေ့မှာ ဘာပဲဖြစ်ဖြစ်၊ ဘာပဲကြုံကြုံပေါ့ ... ခင် လည်း ခဏမေ့ထားပြီး ..."

ခင်သည် ကို့ကို ဆက်မပြောစေချင်ဟန်ဖြင့် လက် သာကာပြလိုက်၏။

ပြီးတော့ ကို့ကို တိုးတိုးလေး ပြောလိုက်ပါသည်။ ယ်လောက်တိုးတိုး ကိုကတော့ ဒါကို ကြားလိုက်ရတာ အင့်မတန် ကျေနပ်ခဲ့သတဲ့။

"ခင် အသိမပေးတော့ပါဘူး။ ကို သိနေသားပဲ။ ကို ဖြစ် စေချင်တဲ့ အခြေအနေကို ခင် ပေးပါတယ် ...

ဒါပေမဲ့ အခုလို တွေ့ခွင့်ရတာမျိုးထက် မပိုချင် ဘူး ... အဲဒီလောက်ဆို ကို ကျေနပ်ပါတော့နော်"

ကိုသည် ခင်၏ မျက်တောင်ကလေး စင်းကျလျက် က်ရွှံ့ရွှံ့ ပြောလိုက်သံကို ...။ တစ်ဖန် ကို့ကို "ကို"ဟုပင် ရဲရဲ ခေါ်လိုက်သံကို ...။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား။ ဒါ အိပ်မက်များ ဖြစ်နေလေ သလားရယ်လို့ ... သူ့ကိုယ်သူ အခါခါ ပြန်မေးကာ မယုံရဲရဲဖြင့် ခင်၏ စားပွဲပေါ် တင်ထားသော လက်ချောင်းကလေးတွေကို လှမ်းဆုပ်လိုက်မိပြန်သည်။

ခင်က ရုတ်တရက် ဖယ်ရုန်းလိုက်လေသည်။

"ကို ... အံ့ဩသွားလို့ပါ ခင်ရယ်။ ခင့်ကို ဘယ်ဆိုးစိတ် မျိုးနဲ့မှ လက်ကိုကိုင်လိုက်တာ မဟုတ်ပါဘူး"

"ကို ခင်မှာတာတွေ ခေါင်းထဲ အမြဲရှိပါ ... ခင်တို့ အခု လိုမျိုးပဲ တွေ့ကြမယ်နော်။ ခင် ဒီ့ထက်မပိုပါရစေနဲ့ ... ပြီးတော့ ... ခင်တို့အကြောင်းကို တခြား ဘယ်သူမှ မသိကြပါစေနဲ့နော် ... ခင့်ကို ကတိပေးပါနော်"

"ကို ... ခင့်ကို ချစ်နေတဲ့အကြောင်းတော့ ကို့သူငယ်ချင်း တစ်ယောက်ကို ပြောထားမိပြီးပြီ ခင်"

"ဟင် ... ဟုတ်လား"

"သူက ခင့်ကို သိပါတယ် ... တစ်ခါတုန်းက ခင် ကား ပျက်တော့တောင် ကိုယ်နဲ့အတူတူ ကူညီဖူးတယ် ... ပြီး တော့ ခင့်ဆီမှာလည်း လာမေးဖူးတယ် ... သူ့နာမည်က နေနိုင်တဲ့ ... ကို့ အခင်ဆုံး သူငယ်ချင်းပါ ... သူက





စကားကို ဟိုပြော၊ ဒီပြော၊ ဟိုသတင်းပို့ ဒီသတင်းပို့ လုပ်မဲ့လူမျိုး မဟုတ်ပါဘူး ခင်"

"အို ... ဒါပေမဲ့ ... နောက်ထပ် အကြောင်းတွေတော့ အသိမပေးရင် ကောင်းမယ်"

"စိတ်ချပါ ... ခင့် သဘောပါ ... ကို သူ့ကို ဘာမှထပ် မပြောတော့ပါဘူး"

ကိုသည် စားရသော မနက်စာများထဲတွင် ဒီနေ့ မနက် စားရတာဟာ အရသာအရှိဆုံးနှင့် စိတ်အချမ်းသာရဆုံး ဟု ထင်မိတော့သည်။

"ခင် ..."

"ရှင် ..."

"ကို ဒီနေ့ အရမ်းပျော်တယ် သိလား"

"... ... ..."

"ကို့ကို စိတ်ချမ်းသာခွင့်ပေးတဲ့ ခင့်ကို ကျေးဇူးတင်ပါ တယ်"

ခင်က ... အင်း ... ခင် ပျော်သလား။ စိတ်ချမ်း သာနေသလား ... ကိုယ့်ဘာသာတောင် မသေချာတော့ပါဘူး ကိုရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဘာဖြစ်မလဲဆိုတာ ကိုက မတွေးဘဲနေရင် ရပေမဲ့ ခင်ကတော့ မတွေးရင်တောင် ကြိုပြီး ရိပ်ခနဲ ရိပ်ခနဲ မြင်မြင်နေတာ၊ ဘယ်မေ့ထားလို့ ရပါ့မလဲ။ ခင်က သူများနဲ့မှ မတူတာ ... ကိုလည်း ဒါကို မမေ့ထားလိုက်ပါနဲ့။

ခင်ကား ရည်ရွယ်သည်လည်းမဟုတ်၊ မရည်ရွယ်သည်လည်း မဟုတ်ပါပဲ ... သူမ ချစ်မိလာသော ယောကျ်ားတစ်ယောက်၏ စိတ်ချမ်းသာ ပျော်ရွှင်မှုကိုတော့ ဖန်တီးလိုက်မိလေပြီ။





သူတို့၏ ချစ်သူဘဝမှာ ဘာမှ မယ်မယ်ရရ ပျော်ရွှင်ရသည် မရှိပါဘဲ ကိုကတော့ ဒါကို အကြိမ်ကြိမ် အခါခါ ကျေနပ်နေတတ်သူ ဖြစ်သည်။

ခင်သည် ချစ်သူတွေ ဖြစ်ပြီးတာတောင် ဘုရားအတူတူ တွဲတက်ခွင့်၊ ဆင်းခွင့် မပေး။

ကိုကသာ ဝတ္တရားကြီးတစ်ခုလို ခင့်ကို လာစောင့်ကြည့်ရတာပဲ ရှိသည်။

ခင်နဲ့ တကယ် စကားပြော ဆုံတွေ့ရသည်ဆိုတဲ့ အချိန်ဟာ ဘုရားကဆင်းပြီး မနက်စာ အတူစားတော့မှသာ။

ဒီတော့ ခင်က တစ်ရက်မှာ ပြောကြည့်ပါသည်။

"ကို ... ခင့်ကို ဘုရားအတက်မှာ လာစောင့်မနေနဲ့တော့ပေါ့။ ခင့် ဘုရားက ဆင်းတဲ့အချိန်ပဲ မှန်းလာစောင့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုက ဒေါသဖြစ်သလို မျက်မှောင်ကြီး ကြုတ်လာပြီး ...

"ဘာလဲ ... ခင်က တားမြစ်ပြန်ပြီလား"

"တားမြစ်တာ မဟုတ်ဘူး ... ကို လာစောင့်လည်း ဝေ ပန်းတာပဲ ရှိတယ်။ ခင်တို့က ဘုရားက ဆင်းမှသာ အတူ တူတွေ့ပြီး စကားပြောဖြစ်ကြတာ မဟုတ်လား ...

ကို မနက်အစောကြီး ထလာပြီး စောင့်ရ ပြုရ၊ ခင် ပုတီးစိပ်လည်း တစ်မေ့တစ်မော စောင့်ရနဲ့မို့ စေတနာ ဘုရားက ဆင်းတဲ့အချိန်လောက်မှ မှန်းပြီး လာပါလား ပြောတာပါရှင်"

"မပင်ပန်းပါဘူး ... ကိုယ်ချစ်တဲ့သူကို စကားပြောခွင့်ရ မရရ အတူတူ တွဲသွားခွင့် ရရ၊ မရရ မျက်စိထဲ မြင်ရ ရရင် စိတ်ချမ်းသာတာပေါ့။ ခင် ယုံချင်မှ ယုံလိမ့်မယ် ... ကိုကတော့ ခင် ပုတီးစိပ်နေတဲ့ အချိန်တစ်လျှောက်လုံး ခင့်ကို တစိမ့်စိမ့်ကြည့်ရင်း ချစ်နေတာလေ ... အဲဒီ အပြစ်လေးကို လက်လွှတ်ဆုံးရှုံးရမှာတောင် စိုးရိမ်နေသေး တယ်"





ခင်ဟာ ဒီလိုကြားရတော့လည်း ဘာပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ပီပီ ရင်ထဲမှာ ကျေနပ်ပီတိ ဖြစ်တော့ဖြစ်သား င်။

ခင်သည် တစ်ရက်မှာတော့ ကို့ကို မေးမိပြန်သည်။

"ပပဝင်းဆိုတဲ့ မိန်းကလေးနဲ့ ကိုက ဘယ်တော့လက်ထပ်ရမယ်လို့ လူကြီးတွေက ပြောထားလဲ"

"သူတို့ စီစဉ်ချင်တဲ့ အချိန်ကျ ပြောမယ်တဲ့ ... ဒါပေမဲ့ ခင် ပြောတော့ ကိုနဲ့သူက လက်မဖြစ်ဘူးဆို"

"ပြောတာ မဟုတ်ပါဘူး ... သူလာမေးတုန်းက နှစ်ယောက် အတူတွဲကြည့်တော့ ကိုတို့နှစ်ယောက်ရဲ့ အနာဂတ်ကို မမြင်တာပါ"

"ခင်_အဲဒါတွေ မြင်တယ် မမြင်ဘူးဆိုတာ ဘာကိုပြောတာလဲ"

"ခင် ရှင်းမပြတတ်ဘူး။ နမိတ်လိုလို ပုံရိပ်လိုလိုပေါ့ ... Vision(ဗီးရှင်း)တစ်ခုခု ရလိုက်သလိုလိုပေါ့ ... အဲဒီလိုမျိုး ဖြစ်ပြီး ကြည့်တတ်လာတာပဲ"

"ဒါဖြင့် ကိုနဲ့ ခင် ကျတော့ရော"

"ခင်တို့ ပထမဦးဆုံး စတွေ့ကတည်းက"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဈေးဝယ်တုန်း စတွေ့တဲ့ အချိန်တည်းကလား"

ကိုသည် ဒါကိုပဲ ဝမ်းသာအားရ မေးမိသည်။ ခင်က ခေါင်းညိတ်ပြရင်း ...

"ဟုတ်တာပေါ့ ... ကို လွှတ်ကျသွားတဲ့ သစ်သီးဘူးလေး တလိမ့်လိမ့်နဲ့ ခင့်အနားကို လိမ့်လာတယ် ... ခင့်ဖိနပ် ထိပြီး ရပ်သွားတယ် ... ဘာမှ မထူးခြားပေမဲ့ ခင့် မျက်လုံးထဲမှာတော့ လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်နှလုံး သားတစ်ခုဟာ ခင့်ရဲ့ စိတ်ဝိညာဉ်နှလုံးသားထဲကို ဝင်ဖို့ စတင်နေပြီလို့ ခင့် ခေါင်းထဲမှာ အသံတွေ စကြား တာလေ။ ပြီးတော့ ခင့် အာရုံထဲမှာ ခင်ခင်နဲ့ ယောကျာ်း တစ်ယောက်ကို တွဲမြင်လိုက်တယ် ... အဲဒီယောကျာ်း ကို ဖြစ်နေတယ်"

"သိနှင့်ပြီးသားနဲ့များ ခင်ရယ် ... ကို့ကို အကြာကြီး ရှောင်နေခဲ့တယ်နော်"

ခင်က ယဲ့ယဲ့ကလေး ပြုံးနေခဲ့၏။ ထိုသောအခါ ကိုသည် ချက်ချင်း ရိပ်မိပြီးလျှင် ...

"သြော် ... ခင်က ဒီထက်ပိုတာတွေလည်း ဆက်မြင် ခဲ့တယ်ပေါ့ ... ဟုတ်လား"





"ဟုတ်တယ်"

"ဘာလဲ ... ကိုတို့က ကွဲရမှာတဲ့လား"

"... ... ..."

"ကို မယုံဘူး။ ခင် ဖြေဖြေ မဖြေဖြေ ကို မယုံဘူး။ လက် ထပ်ဖြစ်တယ် လက်မထပ်ဖြစ်ဘူးဆိုတာ ကို လုပ်ရင်ဖြစ် မှာပဲ ...

ကိုက ပပကို လက်မထပ်ချင်ဘူး ဆိုတော့ ကိုက ငြင်းရင်ရတယ် ... အဲဒီလိုပဲ ခင့်ကိုပဲ လက်ထပ်ချင်တယ် ဆိုရင် ကို ခုပဲ ခင့်လက်ကို ဆွဲခေါ်ပြီး တရားရုံးမှာသွား လက်ထပ်ရင် ရတယ် ... ခင့်ရဲ့ အာရုံဆိုတာတွေက တစ် ခါတလေ မှားတာရော မရှိခဲ့ဖူးဘူးလား"

"ခင် အမြင်အကြား မှားတာဟာ ဒီလိုပညာတွေ မသင် ခင်မှာပဲ ဖြစ်ဖူးတယ် ... အဲဒီတုန်းကတော့ အာရုံစုစည်းတတ် ဖို့ကို သေသေချာချာမှ မကျင့်ဘူးတာလေ။ ခင့်ရဲ့ ဆရာမ ကြီးက သင်ပြပေးပြီး သူ့ပညာအမွေ ပေးပြီး နောက်ပိုင်း မှာတော့ ခင် တစ်ခါမှ မမှားခဲ့ပါဘူး"

"ခင်ရယ် ... ကိုတော့ မယုံနိုင်ဘူး"

"မယုံရင် ထားလိုက်ပါ ... ကိုပဲ အဲ့ဒါတွေ မေ့ထားမယ် ဆို။ မေ့ထားလိုက်ပေါ့ ... ခင့်ကို လာမမေးနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခင်ကတော့ အဲဒါကို တစ်ချိန်လုံးတွေးနေ တယ် မဟုတ်လား"

"မတွေးပါဘူး ... ဒါပေမဲ့ ခင်က အသိထဲမှာ ဝင်ဝင် လာတာလေ။ အဲဒါကို ဘယ်လိုမှ ဖျောက်လို့မရနိုင် တော့"

"ကိုလို အခုအခြေအနေကို အပြည့်အဝ မပျော်ဘူး ဖြစ် နေရတယ် မဟုတ်လား ခင်"

ခင်သည် ပြန်လည်းမဖြေသလို၊ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဖြစ်တော့ပါ။ ခင်တို့က လက်မထပ်ဖြစ်ရုံမကဘူး ကိုရဲ့ ...။

ခင်သည် ခင့်ခေါင်းထဲမှာ ကြားလိုက်ရသော နောက် ထပ်အသံတစ်သံကို နာကျင်မှန်းတီးစွာ မောင်းထုတ်နေရပြန်သည်။

အို ... ခင့်အဖြစ်က ဆိုးလိုက်တာ။ ကိုယ်ချစ်တဲ့ သူနဲ့ အချိန်ကာလတစ်ခုလေး အတွင်းမှာ စိတ်ချမ်းသာရဖို့ကို တောင် ပြည့်ပြည့်ဝဝ မခံစားရဘူးတဲ့လေ။

ဘယ်လောက် ဆိုးရွာလိုက်သလဲ။ တဖြည်းဖြည်းနဲ့ ခင်ဟာ ခင့်မှာ ပိုင်ဆိုင်သော ပညာရပ်တစ်ခုလိုပင် အမြင်မကြည် လင်ချင်တော့ပြီ။





ခင်တို့ ဆုံရသော ခင့် အလုပ်နားရက်များလည်း ဆော်တော်လေး များလာသော တစ်နေ့မှာ ကိုက မနက်စာအတူ စားပြီး လမ်းခွဲကြဖို့ ပြင်လျှင် ...

"ခင်ရယ် ... အမြဲတမ်းကြီး ဒီလိုမျိုး ခွဲခွဲသွားရတာနော်။ တစ်ခါတလေတော့လည်း ကိုနဲ့အတူတူ ဈေးလေးဘာလေး သွားဖို့ စိတ်ကူးမရှိဘူးလားဟင်"

ဟု အရေးဆိုလာသည်။

ကိုယ့်ချစ်သူ မို့လို့သာ စိတ်လျှော့ပေးရတာ ယောကျ်ားဆိုတာမျိုးက အခွင့်အရေးပေး ခံရရင် ပိုပိုလိုချင်လာ တာမျိုးလားရယ်လို့ ခင် တွေးကြည့်နေမိသေး၏။

"ခင်က အိမ်ပြန်ရောက်တာနဲ့ ဥပုသ်စောင့်မှာမို့ သီလယူ ဖို့ သံဃာတစ်ပါးကို ပင့်ထားတယ်။ ဆွမ်းကပ်ပြီးတာနဲ့ သီလယူပြီးရင် ခင် ဥပုသ်စ,စောင့်တဲ့ သဘောပဲ ကို။ ဒီတော့ ခင် ညနေဘက်တွေဆို အပြင် မထွက်တော့ပါ ဘူး"

"ဟိုတစ်ခါ ဈေးလာဝယ်တာကို တွေ့တယ်လေ"

"အဲဒါ များသောအားဖြင့် မနက်ပိုင်းတွေပါ။ ပြီးတော့ ... အမြဲဈေးမသွားပါဘူး ... ဆွမ်းကပ်စရာ သစ်သီး၊ မုန့်ပေါ့

www.burmeseclassic.com



အဲဒါမျိုးလေးတွေလည်း ကိုယ်တိုင်ဝယ်ရအောင် ... နောက်ပြီး ဖေဖေ မေမေတို့ကလည်း စိတ်အပန်းဖြေရအောင်ပြီး အပြင်ထွက်ခိုင်းမှ ထွက်တာပါ"

"ဒါဆို ... ဒီနေ့ မပြန်သေးဘဲ ဈေးဝယ်လိုက်ပါလား ခင်"

"ခင် ဝယ်စရာ မရှိဘူး ကို။ နောက်အပတ်ကျမှ သွားမေ နော် ... ကိုနဲ့ သွားစရာရှိမယ်ဆိုရင် ခင် သီလယူဖို့ ဘုရား ကြီး မပင့်ခိုင်းထားတော့ပါဘူး။ ခင့်ဘာသာ သီလယူလို့ ပါတယ် ... ဒီအပတ်တော့ ခင့် အိမ်ကို မှာထားပြီးသား ဖြစ်နေပြီ"

"ဒါဆို ကိုတို့ နောက်အပတ် ဈေးအတူသွားရမယ်နော်"

ခင်သည် ကို့ကို စိတ်လိုလက်ရပင် လိုက်လျောလိုက် မိ၏။ ကိုကား ဒါကို ဆုကြီးတစ်ခုလို့ပဲ မျှော်ကိုးတကြီး စောင့် စားနေတော့သည်။





ကိုသည် အရောင်းကုန်တိုက်ကြီး အထပ်တွေထဲ သို့ပတ်ကြည့်ရင်းမှ ဆားမှာ ပါလာသော ခင့်လက်ဖျားလေးတွေ တွဲချင်စိတ် ဖြစ်နေသည်။

ခင် ခွင့်ပြုပါ့မလား။ ကိုယ့်ချစ်သူမို့ လက်တွဲပြီး သွားလိုတာ အပြစ်မဟုတ်ပါဘူး ဒေါ်ခင်ခင်ရယ် ...။

ကိုဟာ အရဲစွန့်ပြီး ခင့် လက်ဖျားထိပ်လေးတွေကို ဘာခနဲ ဆွဲကိုင်လိုက်သည်။

"အို ... ဘာလဲ"

"လက်တွဲပြီး သွားချင်လို့ ခင်ရယ်"

"မတွဲပါနဲ့"

"ဟာကွာ ... လက်ချောင်းထိပ်လေးတွေကို ကိုင်ရုံကိုင် တာပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် မတွဲပါနဲ့ကို"



www.burmeseclassic.com

www.burmeseclassic.com



ခင်က ခပ်ဖြည်းဖြည်း ရုန်းသလို ကိုကလည်း အသာတကြည် (သို့သော်) မကျေမနပ်ဖြင့် လွှတ်ပေးလိုက်ရသည်။

"ကို တို့က ချစ်သူတွေပါ"

"ဒီလို လက်တွဲရမှ ကို စိတ်ချမ်းသာမယ်ဆိုရင် လက်တွဲသွားလို့ရမဲ့ တခြားမိန်းကလေးတစ်ယောက်ယောက်ကို ရွေးချယ်ပါ ကို"

"ကိုက ဘယ်လို စိတ်သဘောနဲ့မှ ခင့်လက်ကို တွဲတာ မဟုတ်ဘူး"

"ခင် သိပါတယ် ... ဒါပေမဲ့ ခင်မှ မကြိုက်တာ"

ကိုသည် စိတ်တော့မကြည်လှပေမဲ့ ... သူနဲ့အတူ ရှောပင်းစင်တာကြီး တစ်ခုကို တွဲသွားဖို့တောင် ခင်က အခွင့်အရေး ပေးထားသဖြင့် ကြံဖန်စိတ်လျှော့ရသည်။

ကို့ ချစ်သူဟာ ဘယ်လိုမိန်းကလေးလဲ ဆိုတာ သိထားရင် ဒါကို အရေးလုပ်ပြီး စိတ်ထဲမထားသင့်ဘူး။

"ခင် ဘာလိုချင်လဲ ကြည့်လေ။ ကို လက်ဆောင်ဝယ်ပေးချင်တယ်"

အလှကုန် ရောင်းချရာ နေရာကလေးရောက်တော့ ကိုက ခင့်ကို လှည့်မေးလိုက်သည်။





"ခင် အလှမှ မပြင်တာ"

"ဒါဖြင့် ရေမွှေးတော့ယူ ... ခင့်ဆီက ရေမွှေးနံ့က လေးတော့ ရတယ် ... ခင် ရေမွှေးတော့ သုံးတယ်ထင်တယ်"

"ခင်က Charlie White ပဲသုံးပါတယ် ... အနံ့က လတ်ဆတ်ပြီး အမြဲတမ်း လန်းဆန်းသလို ခံစားရလို့ ... ဒါပေမဲ့ မဝယ်ပေးပါနဲ့ ... ခင့်ဆီမှာ အများကြီး ကျန်နေသေးတယ် ... မကုန်သေးပါဘူး"

"အြော် ... ဘာပဲဖြစ်ဖြစ် ... ခင်က သုံးတော့သုံးမှာပဲ ဆိုတော့ ကို ဝယ်ပေးပါရစေနော် ... ဒီတစ်ခုတော့ ခွင့်ပြုကွာ"

ခင်က မငြင်းချင်တော့၍ ကိုက လက်ဆောင်ဝယ်ပေးသော ရေမွှေးပုလင်းကို လက်ခံလိုက်ရသည်။

ဒီတော့ ခင့် ခေါင်းထဲမှာလည်း အကြံပေါ်လာသည်။

"ခင်လည်း ကို့ကို လက်ဆောင်ပေးချင်တယ်"

"ကိုကတော့ မငြင်းဘူးဗျာ ... ခင် ကြိုက်တာသာ ဝယ်ပေးတော့"

"ကိုက ဘာကြိုက်တတ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိုယ့်ချစ်သူပဲ ဖြစ်နေပြီ။ ကို ဘာကြိုက်တတ်လဲဆိုတာ ခင် မသိသေးပါလား"

"ခင် တွေ့တာတော့ ကိုက ဂျင်းပင်န် အဝတ်များတယ်။ ရှပ်အင်္ကျီဆို လက်တို အစင်းကြားလေးတွေပဲ ဝတ်တယ်နော်။ ခင်နဲ့အတူ ဘုရားတက်ဖို့ လာတော့ကျမှ ပုဆိုးဝတ်ဝတ်လာတာ ... ဟုတ်ပြီ။ ကို့ကို ပုဆိုးဝယ်ပေးရမယ်။ ခင်နဲ့ဘုရားတက်ရင် ဝတ်ရတာပေါ့"

"ကောင်းပါတယ်ခင်ဗျာ"

ခင်သည် သူ့မစိတ်ကြိုက် အဆင်အသွေးပါသော ပုဆိုးတစ်ထည်ကို ရွေးချယ်ဝယ်လိုက်ပြီး ကို့ကို လက်ဆောင်ပေးသည်။

နောက်တော့ ခင် ဝယ်လိုသည်က ဘုရားဆွမ်းကပ်ဖို့၊ ဘုန်းကြီးဆွမ်းကပ်ဖို့အတွက် သစ်သီးဘူးများ၊ ဘီစကစ်များ ကော်ဖီ မိုင်လို စသည်များ ဖြစ်ရာ အစားအသောက် ရောင်းချရာ အထပ်ဆီ တက်လာခဲ့သည်။

ကိုက ဒီတစ်ခါတော့ ပစ္စည်းထည့်ဖို့ တွန်းလှည်းကို သူက တွန်းပေးသည်။ ခင်က ဝယ်လိုတာတွေ ရွေးချယ်ပြီး ခြင်းထဲထည့်လိုက်၊ ကိုနဲ့ တစ်ခါတစ်ရံ တိုင်ပင်လိုက်။ အမှန်အတိုင်း





ပြောခဲ့ရရင် ခင်ဟာ ဒီတစ်ခါလောက် ကြာကြာဈေးမဝယ်ဘူးသလို ဒီတစ်ခါလောက်လည်း ဈေးဝယ်ရတာ ပျော်နေမိတာမျိုး မရှိတော့ပါပေ။

ထို့အတူ ကိုသည်လည်း ခင့်ကိုငေး၍ ခင် ဝယ်သမျှတို့ကို လိုက်ပါပြောဆို အကြံပေးနေသည်အား ကြည်နူးလို့ ဆုံး နိုင်တော့ပြီ။

"သြော် ... ကို တို့ပါလား"

ရုတ်တရက်ပင် ကိုတို့ နံဘေးမှ ဖြတ်တက်လာသော ဂိုပ်တစ်ရိုပ်ဆီမှ အသံကို ကြားရလျှင် ကိုကတော့ ဘာမှ မဖြစ်သွားပေမဲ့ ခင်ကတော့ ဆတ်ခနဲပင် တုန့်လှုပ်သွားခဲ့မိပါသည်။

"သြော် ... ပပ"

"နောက်က ကြည့်နေတာ ... ကိုလို့ထင်ပြီး ဘေးက ကျော်တက်ပြီး ကြည့်လိုက်တော့ ထင်တဲ့အတိုင်းပဲ ကို ဖြစ်နေတယ်လေ"

"ပပ ... ဘာလာဝယ်တာလဲ"

"ပ,က ဝယ်စရာရှိရှိ၊ မရှိရှိပါ ... ဒီလိုပါပဲ ... လျှောက်ကြည့်ပြီး Window Shopping (ဝင်းဒိုးရှော့ပင်း) လုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ် မလုပ်ရင်လည်း မျက်စိထဲ သဘောကျတာမြင်
ဝယ်မယ်လို့ စိတ်ကူးတာပေါ့။ မခင်ခင်ရော ... နေကောင်း
တယ် မဟုတ်လား ... မတွေ့ဖြစ်ကြတာ ကြာပြီနော် ...
ပ,မေးစရာလေးတွေ ပေါ်လာရင် လာမေးဦးမလို့ပါပဲ ...
ဒါပေမဲ့ အဲ့ဒီအတွက် အချိန်မပေးနိုင်ဘူး ဖြစ်နေ
လေ"

"ဟုတ်ကဲ့"

ခင်သည် ဒီလိုအခြေအနေနဲ့ ဆုံလိုက်ရသည်
တော်တော်ပင် စိတ်ဓာတ်ကျသွားကာ အနရပ်နေသော နေ
ချက်ချင်းပင် ထွက်ပြေးသွားလိုစိတ်များ ဖြစ်လာတော့သည်။

ကိုသည် ခင့် မျက်နှာရိပ်၊ မျက်နှာကို ရိပ်မိ
ဖြစ်ရာ မတော်တဆ လာဆုံရသော ပပကို အပြစ်မြင်နေတော့

ခင်ဟာ ဒီလို လူမြင်သူမြင် ခံရမှာမျိုး (အ
ဖြင့်) ကိုနဲ့ ပတ်သက်သူတစ်ချို့က သူမနဲ့ တွဲမြင်မှာမျိုး ကြော
လုပါသည်ဆိုမှ ယခုတော့ တည့်တည့်ကိုတိုးတော့တာပါပဲ
ကွာ။

နောက်ဆို ခင့်ကို ဒီလိုအခွင့်အရေးမျိုး တောင်
တောင်ရတော့မည် မထင်။





"သွားလိုက်ဦးမယ်နော်။ ကိုတို့က ဝယ်စရာ ရှိနေတာဆို
တော့ အေးအေးဆေးဆေး ဝယ်ကြပါ။ ပ,ကတော့ ကြည့်
စရာလေးတွေ ရှိသေးလို့ သွားလိုက်ပါဦးမယ် ... ဪ ...
မခင်ခင်ရေ ပ,ကို ခွင့်ပြုပါဦးနော်"

ခင်က ခေါင်းကို ညိတ်ပြရုံ ညိတ်ပြသည်။

ပပဝင်းကို မမြင်ရတော့မှ ခင်သည် သက်ပြင်းချ
လျက် ကိုကိုပြန်၍ အကဲခတ်သလို မော့ကြည့်၏။

"ကိုတော့ အိမ်ရောက်ရင် ပြဿနာရှင်းရတော့မယ်နဲ့
တူတယ်"

"ဘာလဲ ... ခင်က ကြုံမြင်လိုက်သလား"

"ဟင့်အင်း ... မမြင်ပါဘူး။ အခုချိန်မှာ ခင့် အာရုံထဲမှာ
ဘာမှ မပေါ်ပါဘူး။ ဒါပေမဲ့ မပပဝင်းက ဒီအကြောင်း
ကို ကို့မေမေကို အသိပေးမယ်ဆိုရင် ဒီနေ့ပဲ သွားတိုင်ပြော
မယ်ဆိုရင် ကိုတော့ ဖြေရှင်းရဖို့တွေ ရှိလာတော့မှာပေါ့
ဟုတ်တယ် မဟုတ်လား"

"ခင့်ကို အရမ်း တုန်လှုပ်ချောက်ချားသွားမယ်လို့ ထင်
နေတာ ... အခုကျတော့ ခင်က သိပ်မတုန်လှုပ်ပါ
လား"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မတုန်လှုပ်ဘူး မဟုတ်ပါဘူး။ သူနဲ့ စတွေ့တွေ့ချင်းတော့ တုန်လှုပ်သွားတာပေါ့ ... ဒါပေမဲ့ ချက်ချင်းစိတ်ဖြေလို့ရတယ်လေ ... တစ်နေ့ကျရင် တစ်ဦးဦးကတော့ သိရမှာပဲ ... ဒါကို တုန်လှုပ်နေဖို့ မသင့်ဘူးဆိုပြီး ကိုယ့်စိတ်ကိုယ် ပြန်ဖြေလိုက်ပါတယ်"

"ခင် ပြောသလိုပဲ ... ကိုတော့ ဒီနေ့မဟုတ်ရင်တောင် လာမဲ့တစ်ရက်ရက်မှာ မေမေ မေးတာကို ရင်ဆိုင်ရတော့မယ် ခင်။ ကဲ ... ဘယ်လိုလဲ ... ကိုက ဘယ်လို ဖြေရမလဲ"

"ဘာမှမဖြေလဲ သူတို့က ခင်တို့ ဘယ်လိုပတ်သက်တယ်ဆိုတာ မှန်းမိမှာပါ ... ကျန်တာက ကို့အပိုင်းပါ၊ ကို့မေမေကို ဖြေရှင်းရုံပေါ့"

"ခင် ဆက်ပြီး ဈေးဝယ်ချင်သေးရဲ့လား"

"ခင် ဝယ်ချင်တာတော့ ဝယ်ပြီးပါပြီ ... ကို ဘာတွေကြည့်ချင်သေးလဲ ... ကြည့်လေ"

"ခင် ကိုနဲ့ လိုက်ပေးဖို့ စိတ်ပါရဲ့လား"

"ပါပါတယ်"

"ခင်က ဒီနေ့ ဥပုသ်ယူဦးမှာလား"





"ခင့်ဘဝမှာ ဒီဥပုသ်ရက် တစ်ရက်ပဲ ဥပုသ်မစောင့်တော့ဖို့ ဆုံးဖြတ်လိုက်ပြီးသားပါ ကို။ ခင် အရင်ကတော့ ဥပုသ်ရက်တွေမှာ ဥပုသ်စောင့်ဖို့ကို တကယ်စိတ်ပါလို့ လုပ်တာပါ။ ဒီနေ့တော့ မနက်ထကတည်းက စိတ်မပါလို့ ဥပုသ်စောင့်ဖို့ကို ဝတ္တရားကြီးတစ်ရပ် အနေနဲ့ မလုပ်တော့ဖို့ ဆုံးဖြတ်လိုက်တယ်"

ခင်သည် အခုမှ ပိုပြီးတည်ငြိမ်လာကာ ဆုံးဖြတ်မှုတွေ ရဲရင့်လာခဲ့ပြီ။ ခင်တို့ ဒီလိုဖြစ်ရပ်မျိုးကို ရင်ဆိုင်ရမယ်။ ခင်တို့အကြောင်းကို လူတွေသိကုန်မယ်။ ဒါတွေ ခင်သိရက်နဲ့ စိတ်အလိုကို လိုက်ခဲ့ပြီးပြီလေ။

ကောင်းကျိုး ဆိုးကျိုးတွေကို ခံနိုင်ရမှာပေါ့။ စိတ်ထဲမှာထားပြီး တမြည့်မြည့် ပူလောင်နေဖို့ မသင့်ဘူးပေါ့။

"ခင် ဥပုသ်မစောင့်တော့ဘူးဆိုရင် မနက်စာကိုတော့ ကိုနဲ့အတူတူ စားပါလား"

"ခင်က သက်သတ်လွတ်တော့ မဖျက်နိုင်ဘူး"

"ရပါတယ် ... သက်သတ်လွတ်စားလို့ ရတာလေ။ ချစ်တီးထမင်းဆိုင်တို့ ဘာတို့ရှိတယ် ... အဲဒီမှာ သွားစားတာပေါ့၊ ခင်သာ ကိုနဲ့ အတူတူ ထမင်းစားမယ်ဆိုရင် ကို ပိုပြီးပျော်သာရတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



“အပြောကတော့ ကောင်းပါ့ ကိုရယ်”

“ခင်နဲ့တွေ့မှ စကားပိုတတ်လာတာပါ ... ယုံပါခင်ရာ”

ခင်က နှုတ်ခမ်းလေးစူကာ ပြုံးသည်။ ကို တွေ့ရသလောက်ကတော့ ခင်သည် မည်သည့်အခါကမျှ ဟက်ဟက်ပက်ပက် ရယ်မောတာမျိုး မရှိတတ်ပေ။

ခင်ကိုယ်တိုင်လည်း သူမကိုယ်သူမ သိသည်။ ခင်ဟာ အရင်ကထက်စာရင် အခုမှပိုပြီး အရယ်အပြုံး များလာတာ ဖြစ်သည်။

ခင်ဟာ အချစ်ကြောင့် လောကတစ်ခုထဲကို အသက်ရှင် ဝင်ရောက်လာရသလိုပါပဲ။

ထိုနေ့က ကိုသည် ကုန်တိုက်ကြီး တစ်ခုလုံးကို တမင်ပဲ အစုံလိုက်ကြည့်ပစ်လိုက်သည်။ ခင်ပါနေ၍ ဒီလိုအချိန်ဖြုန်းမိတာ ဖြစ်သည်။

နောက်ရက်တွေဆို ဒီလိုအခွင့်အရေးက ရချင်မှ ရတော့မှာလေ။ ဒီတော့ ခင်က စိတ်ကြည်သာစွာ ခွင့်ပေးတုန်း ဝယ်စရာရှိရှိ၊ မရှိရှိ တမင်ပဲ လိုက်ကြည့်မိတာ ဖြစ်သည်။

ပြီးတော့ ထမင်းစားချိန်မှာ ခင်နဲ့အတူပင် သက်သတ်လွတ် ချစ်တီးထမင်းကို သူပါ လိုက်စားရန် ဆုံးဖြတ်လိုက်သည်။





“ခင် စားလို့ကောင်းရဲ့လား”

ကိုက ခင့် ပန်းကန်ထဲ ဟင်းတွေထပ်ထည့်ပေးရင်း မေးတော့ ခင်သည် ပွင့်လင်းစွာ ဖြေလိုက်၏။

“ခင် ဒီနေ့စားရတာ အမြိန်ဆုံးပါပဲ ကို။ ကိုနဲ့အတူတူ ထမင်းစားရလို့ ထင်ပါရဲ့”

“ကိုလည်း ခင့်လိုပဲ။ သက်သတ်လွတ်ကို စားလေ့မရှိပေမဲ့ အခုတော့ ခင်ရှိနေလို့ထင်တယ် ... ဒီနေ့စားရတာ အကောင်းဆုံးထမင်းပွဲ ဖြစ်နေတယ်”


အဲဒီနေ့လေး တစ်နေ့ကို ကိုလည်း မမေ့နိုင်သလို ခင်လည်း ဘယ်တော့မှ မေ့နိုင်တော့မည် မထင်။



www.burmeseclassic.com

www.burmeseclassic.com









# အပိုင်း(၃)





www.burmeseclassic.com

www.burmeseclassic.com









## ၉

ဒီတစ်ခါ ခင့်ထံ ကို့ရဲ့အမေ ဒေါ်မြမြဦး ရောက်လာခြင်းမှာ မည်သည့်အတွက်ကြောင့် ရောက်လာသလဲဟု ခင့်အရုံတွင် မြင်ထားတာမျိုး မရှိသဖြင့် ခင် သူမကိုယ်သူမ အံ့သြသွားရလေသည်။

တစ်ခါတလေလည်း ခင် ကြိုတင်မြင်ထားတာမျိုး ရှိတတ်သော အခြေအနေတွေလည်း ရှိတတ်ပေမဲ့ များသောအားဖြင့် ခင်နဲ့ပတ်သက်တာတော့ ခင် ကြိုသိနေတာများ၏။

ဒီတစ်ခါတော့ ဘာကြောင့်များပါလိမ့်။

ဒေါ်မြမြဦးက ခင့်ရှေ့က စားပွဲတစ်ဖက်ခြားခုံမှာ အေးအေးဆေးဆေး ဝင်ထိုင်သည်။

www.burmeseclassic.com



"အန်တီ ဒေါ်မြမြဦးပါ ... ဆရာမ မှတ်မိမယ်ထင်တယ် ကို့ရဲ့မိခင်ပါ ... ပြီးတော့ ဆရာမဆီ နှစ်ခါရောက်ဖူး တယ်"

"ဟုတ်ကဲ့ ... ကျွန်မ မှတ်မိပါတယ်"

"အန်တီ လာတာက ဒီလိုပါကွယ် ... ဘာမှ မေးစရာတော့ မရှိပါဘူးလေ ... ဒါပေမဲ့ ဆရာမနဲ့ သားတို့ ပတ်သ နေတယ်ဆိုတာ သိရတော့ အားနာနာနဲ့ ဒီကို ရောက်လာ ရတယ်"

"ဘာများ ပြောစရာရှိလို့လဲ"

"သားမှာ စေ့စပ်ထားပြီးသား မိန်းကလေး ရှိပါတယ် အန်တီ့ခင်ပွန်း မကွယ်လွန်ခင်က သူ ကိုယ်တိုင် စိတ်ကိုး ကျ စေ့စပ်ပွဲလုပ်ပေးပြီး စီစဉ်ခဲ့တာပါ ... ပြီးတော့ သား ဘဝမှာ ဘယ်တုန်းကမှ မိဘစကားကို မပယ်ရှားဖူးဘူး မိဘစီစဉ်တာကို မနာခံတာလည်း မရှိဖူးဘူးဆိုတော့ ... ဒီကိစ္စဟာ ဘာအကြောင်းနဲ့မှ ပျက်စရာ မရှိနိုင်ပါဘူး ...

အန်တီ အဲဒီလိုကို ထင်ခဲ့လို့ စိတ်ချ လက်ချ နေခဲ့တာ။ ခုတော့ သားက ဒီကိစ္စကို ငြင်းလာပြီ ... ဘယ်နည်းနဲ့မှ ပပဝင်းကို လက်မထပ်နိုင်ပါဘူးပေါ့ ...





သူဟာ ခင်ခင် ဆိုတဲ့ မိန်းကလေးကလွဲရင် ဘယ်သူ့ကိုမှ မယူနိုင်ပါဘူးပေါ့ ... မအေနဲ့ အခြေအတင် စကားများတဲ့ အထိ ဖြစ်လာတယ် ... ယုံတောင် မယုံနိုင်ပါဘူး"

ခင်သည် သူမ၏ အလုပ်ခန်းတွင် ကိုယ်ရေးကိုယ် တာ ကိစ္စများ လာပြောသဖြင့် အင်မတန်မှ စိတ်ရှုပ်ထွေး နောက် ကျိုလာသည်။

"ကျွန်မ ဗေဒင်ဟောတဲ့ အခန်းမှာ ကိုယ်ရေးကိုယ်တာ ကိစ္စတွေ မပြောပါရစေနဲ့အန်တီ"

"ဒါဖြင့် ဘယ်လိုနည်းနဲ့ လာတွေ့ရမလဲ ပြောပါဦးကွယ့်၊ အန်တီကတော့ ဆရာမလေးကို စကားကို ပြောလို့ရနိုင် စရာနည်းက ဒီတစ်နည်းပဲလို့ တွေးမိပြီး ရောက်လာတာ ပဲလေ။ မှားသွားရင်လည်း မတတ်နိုင်ဘူးပေါ့"

"ကျွန်မကို ဒေါသနဲ့ လာပြောစရာလည်း မလိုပါဘူးရှင်။ ဒီကိစ္စဟာ ကျွန်မအတွက် သိပ်အရေးမကြီးပါဘူး ... အန်တီ လည်း တွေးပူမနေပါနဲ့။ အချိန်တန်ရင် အားလုံးပြီးသွားမှာ ပါ"

"ဘာ ... ဘယ်လိုပြီးသွားမှာလဲ။ ဆရာမလေးရဲ့ ပညာတွေ နဲ့ သားကိုရအောင်ယူပြလိုက်ရင် ပြီးသွားမှာလား။



www.burmeseclassic.com

www.burmeseclassic.com



လေး စိတ်ချမ်းသာရဖို့ကို အန်တီက စိတ်ဆင်းရဲပေးရမှာလား။ ဟင် ... ကြိုမြင်ထားရင်လည်း ပြောထားပါဦး"

"ကျွန်မ ဘာမှ ပြောစရာ မရှိဘူး ... အန်တီ"

"အန်တီကတော့ ပြောစရာရှိလို့ကို လာရတာ။ ဒီမှာ မိန်းကလေးရဲ့ ပညာကိုတော့ အထင်မသေးပါဘူး ... ယုံပါတယ် ... လေးစားပါတယ် ...

သားဟာ ပပဝင်းကို မယူဘဲ တခြားမိန်းကလေးကို ယူခဲ့ရင်တောင် ခွင့်ပြုနိုင်တယ်။ ဒါပေမဲ့ ...

ဒီလိုပညာတွေနဲ့ လုပ်စားနေတဲ့ မိန်းကလေးမျိုးနဲ့တော့ ဘယ်တော့မှ ခွင့်မပြုနိုင်ဘူး။ သဘောမတူနိုင်ပါဘူး။ ရှက်တယ်။ အသိုင်းအဝိုင်းထဲမှာ ဒေါ်မြမြဦး ချွေးမ,ဟာ ဗေဒင်ဆရာမလို့ ပြောခံရမှာ ရှက်လို့ကို သဘောမတူတာ"

ခင်သည် ဒေါ်မြမြဦးကို တိတ်ဆိတ်စွာ ကြည့်နေမိသည်။ ခင့်တွင် ဒေါသများ မရှိခဲ့တာမို့ ခင်ဟာ သူ့ကိုဒေါသမဖြစ်ပါ။

ခင် စိတ်မကောင်း ဖြစ်ရတာပဲ ရှိသည်။ ခင့်လိုပညာဟာ ဘာရှက်စရာရှိလဲ။ ဘာမကောင်းတာရှိလို့လဲ၊ သူ့အတွက် ဘာများ ထိခိုက်မှာမို့လဲ။





"ဒီတော့ ... ရှင်းရှင်းပဲ ပြောခဲ့မယ် ... အန်တို့သားနဲ့ ဆရာမလေးကို သဘောမတူနိုင်ပါဘူးကွယ် ...။ သားက သူ့စိတ်သဘောအတိုင်း လက်ထပ်ခဲ့ရင်တောင် အန်တီက အသိအမှတ် မပြုကြောင်းကို လူသိရှင်ကြား ဖြစ်အောင်တော့ လုပ်ရမှာပဲ ... အဟင်းဟင်း ... ဆရာမလေးလည်း ဒီကိစ္စကြောင့် အရှက်တစ်ကွဲ ဖြစ်ရမှာမျိုး ဘာညာ ကိုယ့်ကိုယ်ကိုယ် ကြိုပြီးတွက်ချက်ထားနိုင်ရင်လည်း ယတြာလေး ဘာလေး ကြိုတင်ချေထားပေါ့"

"ကျွန်မအတွက် ဖြစ်ပျက်သဘောဟာ မထူးခြားလှပါဘူး။ နောက်ပြီးတော့ ကျွန်မ ခံယူထားပါတယ် ... တစ်နေ့ ဒါဖြစ်ရမယ် ဆိုရင် ဖြစ်ကိုဖြစ်မှာမို့ ကျွန်မ မတုန်လှုပ်ပါဘူး"

"အို ... ကောင်းတာပေါ့ ... ကောင်းတာပေါ့ ... တရားတွေ သိပ်ရနေရင်လည်း လောကီဘက်ကို အာရုံဖြတ်ဖို့သင့်တယ်"

ခင်သည် ဆက်၍ အရှင်းမများသင့်ဘူးဟု သူမဘာသာ ကိုယ့်ကိုယ်ကို ပြန်ဆုံးမလျက် အသံတိတ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမြဦးကလည်း သူမ ပြောချင်ရာ ပြောခွင့်ရလိုက်ပြီးပြီမို့ ခင့်ကို အထူးတလည် အရေးတယူ နှုတ်ဆက်မနေတော့ဘဲ လက်ပွေ့အိတ်ကိုကိုင်လျက် ချာခနဲ လှည့်ထွက်သွားလေသည်။

ခင်သည် ဒီအကြောင်းကို ကို့အား မပြောဖို့ ဆုံးဖြတ်သည်။

ကိုလည်း သူ့အမေနဲ့ တော်တော်လေး စကားအခြေအတင် ဖြစ်ပြီးပြီ ထင်ပါရဲ့။ ပပဝင်းဟာ ကို့ကို ဘာကြောင့်ပဲ လက်ခံခံ သူမလည်း မိန်းမသားတစ်ယောက်မို့ ကိုယ်နဲ့ စေ့စပ်ထားတဲ့ ယောကျ်ားတစ်ယောက်က တခြားမိန်းမတစ်ယောက်နဲ့ အတူတူ တွဲနေတာမျိုးတော့ ခွင့်လွှတ်လက်ခံနိုင်လိမ့်မည် မထင်။

ကိုနဲ့ ခင့်အကြောင်းကို ပပဝင်း ပြောလို့ ကို့အမေ သိခွင့်ရသည်ပဲ ဖြစ်စေ ... ခင်သည် ပပဝင်းကို မမုန်းမိပါ။ ခင်ကကို မှားနေခဲ့တာပဲဟူ၍ သူမဘာသာပင် ပြန်၍အပြစ်မြင်နေဆဲပင်။

ခင်က ရှေ့ဆက်ပြီး ဘာတွေရင်ဆိုင်ရမလဲကိုတော့ ရအောင် ကြည့်ထားဖို့လည်း ဆုံးဖြတ်မိ၏။





"မေမေ ခင့်ဆီ ရောက်လာခဲ့တယ် မဟုတ်လား ခင်။ ဘယ်နေ့က ရောက်လာခဲ့တာလဲ"

"ကို ဘယ်လိုသိသွားလဲ"

"ကို့ကို မေမေ့ ဒရိုင်ဘာဦးတိုးက မနေ့ကပဲ ပြောတယ်။ မမဦး ဘာမေးစရာရှိသလဲ မသိဘူးတဲ့ ... ဗေဒင်ဆရာမ ဒေါ်ခင်ခင်ဆီကို ကျွန်တော် လိုက်ပို့လိုက်ရသေးတယ်လို့ သူက ဘာရယ်မဟုတ်ဘူး ကို့ကို အသိပေးလိုက်တာလေ၊ ကို စပြီးသိသိချင်း ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတာပဲ။ ခင့်ဆီ အရမ်းပြေးလာချင်သွားတယ် ... ဒါပေမဲ့ ခင်က ကို့ကို ဥပုသ်ရက် တစ်ရက်မှာ တွေ့ဖို့ကလွဲရင် ကျန်တဲ့ နေ့တွေမှာ ခင့်ဆီ အကြောင်းပြပြီး မလာရဘူး။ ကို ... ခင့်ကို ပေးထားတဲ့ ကတိကို တည်ချင်တယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီရက်မရောက်မချင်း ရင်ထဲမှာ လုံးဝနေလို့မ ဘူးကွာ ... ခင်တော့ မေမေ လာပြောတဲ့ စကား ကြောင့် စိတ်မချမ်းမသာ ဖြစ်ရပြီဆိုပြီး သနားနေတယ်

ကိုက စကားတွေ တတွတ်တွတ် ပြောနေသ ခင့်ထက်စာရင် ခင်တို့နှစ်ယောက်မှာ ကိုကပိုပြီး စကားများ ပြောသူ ဖြစ်သလို ကိုက ဖွဲ့နွဲ့ပြောတာ မဟုတ်ပေမဲ့ တ ပင် သိုင်းဝိုင်းပြည့်စုံအောင် ပြောတတ်သူလည်း ဖြစ်ပြန်သ

"ကိုက ခင့်စိတ်ကို သိတယ်ဆိုရင် အဲဒီလို စိတ်ပူ သင့်ပါဘူး။ ခင်က ဒါကို စိတ်ထဲမှာ မထားပါဘူး။ အ ခုပဲ ရှိတယ် ... ခင့်ဆီ ကို့အမေ ရောက်လာပြီး အ ခံရမယ်လို့တော့ ခင် ကြိုမမြင်ခဲ့မိပါဘူး ... ရုတ်တ တွေ့လိုက်ရတော့ အံ့သြသွားတယ် ... ပြီးတော့ အ ပြောတဲ့ စကားတွေကို စိတ်အေးအေးနဲ့ပဲ နားထောင်လို့ ပါတယ်"

"အေးလေ ... ခင်က သာမန်လူနဲ့မှ မတူတာ"

"ခင်က သာမန်လူပါပဲ ... ဒါပေမဲ့ စိတ်ကိုတည်ငြိမ်အော လုပ်နိုင်တဲ့ နေရာမှာ တမင်တကာကို ကျင့်ထားခဲ့ တည်ငြိမ်နေတာပါ"





"မေမေကတော့ကွာ ... ကို့ကို ပပနဲ့ လက်ထပ်ဖို့ချည်း တိုက်တွန်းနေပြီ"

"မပပဝင်းကရော"

"သူက ငြင်းနေလို့ပေါ့ ... အဲဒါ မေမေက အခေါက်ခေါက် အခါခါသွားပြီး တောင်းပန်နေတယ်။ ပပ,သာ စိတ်ကျေ နပ်ပြီး ခေါင်းညိတ်လိုက်ရင် ကိုတော့ ဒီနေ့ ခေါင်းညိတ် နောက်နေ့ လက်ထပ်ရပြီပဲ ခင်ရယ်။ အဲဒါ ခင် ဘယ်လို သဘောရလဲ"

"ခင် မဖြေတတ်ဘူး"

"ဟာ ... ခင်ရယ်။ တစ်ခုခုတော့ ခင် ခံစားရမှာပေါ့ ... ဖြေနိုင်ရမှာပေါ့"

"ဖြစ်မလာသေးတာကို ဘာကြောင့် ကြိုတင်တွေးနေတော့ မလဲ ကိုရယ် ... အဲဒီကိစ္စ တကယ်ဖြစ်၊ မဖြစ်ကို စောင့် ကြည့်ပါဦး"

"ဘာလဲ ... ခင် ဟောထားသလိုကို တို့က လက်မထပ် ဖြစ်ဘူးဆိုတာ သေချာလို့လား"

"ခင် မြင်ခဲ့ဖူးတာတော့ မပပဝင်းကို တခြားအမျိုးသားတစ် ယောက်နဲ့ပဲ တွဲမြင်ခဲ့တာ၊ ကိုလို့ မမြင်ဘူး။ သူ တွဲထားတဲ့ လူဟာ ကို မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်က ကို တကယ်လက်ထပ်ဖြစ်သွားလည်း ဒီ အတိုင်း ထိုင်ကြည့်နေမယ်ပေါ့ … ဟုတ်လား"

ခင်သည် ဟိုမဲဒီမဲနှင့် စိတ်တိုဒေါသ ဖြစ်ချင်နေသော ကို့ကို တိတ်ဆိတ်စွာ ရင်ဆိုင်လိုက်ပါသည်။

ခင့်တွင် ဒီပြဿနာနှင့် ပတ်သက်ပြီး ပြောစရာရှိ သည်ကား အမှန်ပင်။ ပြီးတော့ … ခင် ဒီလိုပြဿနာကြောင့် သောက မရောက်ချင်။

အမှန်တော့ ခင်လည်း ကိုယ်ချစ်တဲ့သူနဲ့ ဘယ်ခွဲ လိုပါ့မလဲ။ သို့သော် … ခင်က ကြိုသိထားရသူမို့ မခွဲမဖြစ် ခွဲခဲ ရသော် ခင့်ဘက်မှာ များစွာ ခံနိုင်ရည်ရှိဖို့ ခင် ကြိုတင်ပြင်ဆင် နေရဆဲလည်း ဖြစ်သည်။

"ခင့်ကို မေးဦးမယ် … ခင်က ကို့လက္ခဏာကို တစ်ခါ တုန်းက ကြည့်ဖူးတယ်နော် … အဲဒီမှာ ကိုက အသက် တိုမဲ့ပုံစံ တွေ့ရတယ်လို့ ခင် ပြောထားတာ ကို မမေ့ဘူး ကိုက ဘယ်တော့လောက် သေမှာလဲ … ခင် သိ သေးလား"

ကိုက ဘာမဆိုင် ညာမဆိုင် ကောက်ခါငင်ခါ မေး သောအခါ ခင်သည် ရင်ဝကို လာအထိုးခံလိုက်ရသလို အောင့် တက်သွား၏။





အို … ဘုရားရေ။ ခင် ဒါကိုကျတော့ ခံနိုင်ရည် မရှိပါလား။

ခင်က ကို့နဲ့ ကွဲရင်ကွဲရပါစေ။ ကို အသက်ဆုံးရှုံး ပြီး ကွဲရမှာတော့ မလိုလားပြီမှန်း ခင် ကိုယ့်ကိုယ်ကိုယ် သေချာ စွာ သိလိုက်လေပြီ။

ကို ဒီလောကကြီးထဲမှာ မရှိခဲ့ရင် ခင်က ဘယ်လို ဖြေသိမ့်မှုမျိုးနဲ့ ရပ်တည်ရမလဲ …။ ကြည့်စမ်း … ဒါကို ငါ ဘယ် တုန်းကမှ မတွေးမိခဲ့ဖူးဘူး။ ဒါကို ဘာကြောင့် အခုမှ ဖျတ်ခနဲ ခံစားလိုက်ရသလဲ။ လိုသေးတယ် ခင်ခင် … အများကြီးလိုသေး တာပဲ။ ဒီထက် ကြိုသိရမှာတွေကို ကြိုမသိနိုင်ဘူး ဖြစ်နေတယ်။ ဘာကြောင့်ပါလိမ့်။

"ခင် ဘာလို့ မပြောတာလဲ"

"ခင် မသိလို့ ကို။ ကိုက ဘယ်လိုအသက်အရွယ်မှာ အသက်ဆုံးရှုံးဖို့ ရှိမယ်ဆိုတာတော့ ခင် ကြိုမသိဘူး။ လက္ခဏာထဲမှာရှိတဲ့ အကန့်အသတ်အရတော့ အသက်သုံး ဆယ်နဲ့ လေးဆယ်ကြားမှာလို့ ခင် မြင်ပါတယ်"

"ကို့အသက်က အခု သုံးဆယ့်တစ် ပြည့်ပြီးပြီ"

"ဩော် …"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင် ပြောတဲ့အထဲမှာ အကျုံးဝင်တာပေါ့ ... ဟုတ်လား"

"ကို အခုမှ ဘာလို့မေးနေတာလဲ"

"ကို တွေးကြည့်မိတာ တစ်ခုရှိလာလို့"

"ဘာလဲဟင်"

"ခင်က ပြောတယ် ... ကိုနဲ့ခင်ဟာ လက်မထပ်ဖြစ်ဘူးတဲ့ ဟုတ်လား ...။ အဲဒီလိုပဲ ပပဝင်းဟာလည်း ကိုနဲ့လက်မထပ်ဖြစ်ဘူးဆိုတော့ ... ကို တွေးကြည့်မိတယ်လေ။ ကိုနဲ့ခင် ကွဲစရာ အကြောင်းဆိုလို့ ကို သေမှပဲ ခင်နဲ့ခွဲရမှာပဲ ...။ ကို အသက်မသေသေးသရွေ့ ကို ဒီလောကကြီးထဲမှာ ရှိသေးသရွေ့ ခင်နဲ့ ဘယ်တော့မှ မခွဲဘူး။ ခင်က လွဲရင် တခြား ဘယ်သူ့ကိုမှ ထပ်ပြီး ချစ်လာဖို့ ဆိုတာလည်း မရှိတော့ဘူးလေ။ ဒီတော့ ... ကိုသေမှပဲ ခင်နဲ့ ..."

"တော်ပြီ ... တော်ပြီ ကို။ ဘာလို့ အဲဒါကို ထပ်တလဲလဲ ပြောနေရတာလဲ"

"ခင် သိနေပြီးသား မဟုတ်လား"

ခင်ကား မဖြေ။ မျက်ရည်လည်လျက် ငြိမ်နေသည်။ ပြီးမှ ကို့ကို သေချာစွာ စိုက်ကြည့်လိုက်လျက် ...





"ကိုက သိပ်တော်တယ်။ ခင့်လို ဘာမှမတတ်ပေမဲ့ ဆက်စပ်ပြီး တွေးတတ်တယ် ... ကို ဒီလောက် သိလာလိမ့်မယ်လို့ ခင် မတွေးမိပါဘူး ... ဒါကြောင့် ခင် မပြောတာလေ"

"ကို ဘာဖြစ်လို့ သေရမှာလဲ"

"အဲဒါတော့ ခင် တကယ် မသိပါဘူး ကိုရယ်။ ခင် အမှန်အတိုင်း ပြောတာပါ ... ကိုက ကျန်းမာရေး ချို့တဲ့လို့ပဲလား။ Accident တစ်ခုခုကြောင်းလား၊ သေချာမပြောနိုင်ပါဘူး။ သေကို သေရလိမ့်မယ်လို့လည်း အတိအကျကြီး မပြောလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အသက်လမ်းကြောင်းက တုံးတိကြီး ပြတ်နေတာ မဟုတ်ဘဲ ကန့်လန့်ဖြတ် အနှောင့်အယှက်နှစ်ခု ... အစင်းလေးနှစ်ခုက ထင်ထင်ရှားရှား ဖြတ်ထားလို့သာ ခင် ထင်တာပါ။ အဲဒီ အသက်အန္တရာယ်က လွတ်ခဲ့ရင်တော့ ကိုက အသက်ရှည်မှာပါ"

"ခင် အလွတ်မှတ်မိနေတယ်နော်"

"ဟုတ်တယ် ... ခင် ကို့လက်ဖဝါးကို ညတိုင်း မြင်ယောင်ကြည့်ပြီး ရသလောက် မေတ္တာပို့ပေးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ရယ် ..."

ကိုသည် ခင့်ရဲ့ ချစ်ခြင်းမေတ္တာကို ခံစားလို့ရသည် ဖြစ်လျက် ခင့် လက်ဖျားလေးတွေကို တယုတယ ဆုပ်ကိုင်လိုက်၏။ ခင်က ဒီတစ်ခါတော့ ရှန်းဖယ်ငြင်းဆန်ခြင်း မပြုဘဲ အသာ တကြည်ပင် ကို့လက်ဖဝါးထဲကို သူမ၏ လက်ချောင်းများပါလေ လက်ဖဝါးကလေးပါ တိုးဝင်လာခဲ့သည်။

"ကို ခင့်ကို သိပ်ချစ်တာပဲ ခင်ရယ်"

"ခင်လည်း ကို့လိုပါပဲ"

"ကိုတို့က ဘဝအဆက်ဆက် ချစ်သူတွေ ဖြစ်ခဲ့ကြတာလား ခင်"

"အဲဒါတော့ ခင် ဘယ်သိမလဲ"

"ကိုက ခင် သိမယ် ထင်နေတာ"

"ခင်က ဒီဘဝကိုပဲ ကြည့်တတ်တာပါ ... အတိတ်ဘဝ ရှေးဘဝဆိုတာပါ မြင်နိုင်လောက်တဲ့အထိ ပါရမီ မပါပါ ဘူး"

"ခင်က စိတ်မညစ်တတ်ဘူးနော်"

"ဟုတ်တယ်"





"ကိုလည်း အဲဒီလိုဖြစ်ရင် သိပ်ကောင်းမှာပဲ ... အခုတော့ ကိုက ဒီကိစ္စ ... အဲ ... ကိုနဲ့ ပပရဲ့ကိစ္စ။ ခင့်ကို မေမေ သဘောမတူတဲ့ ကိစ္စကိုပေါ့လေ ... အဲဒါတွေ တွေးပြီး တော်တော် စိတ်ညစ်နေတာကွာ"

"စိတ်မညစ်ပါနဲ့ ကို။ သူ့ဟာနဲ့သူတော့ အချိန်တန်ရင် နေတတ်သွားမှာပါ"

ခင်သည် ဒီလိုဖြေသိမ့်စကား တစ်ခွန်းကလွဲလျှင် ဒီ့ထက်ပိုပြီးတော့လည်း မပြောတတ်ပေ။

ခင်က ကိုနဲ့ ပပ လက်မထပ်ဖြစ်ပါဘူး ဆိုတာကို အသေအချာ ယုံကြည်နေခဲ့သူဖြစ်ပြီး ... ကိုကတော့ ခင်ပြောထား တာကို မယုံနိုင်သူ ဖြစ်လေသည်။ ဒါကြောင့်လည်း သူ ဒါကို တတွေးတွေး လုပ်နေခဲ့တာ ဖြစ်လိမ့်မည်။

ကိုသည် ချစ်သူကို ချစ်သော်လည်း ယခုထိတိုင် ချစ်သူ၏ အစွမ်းအစဖြစ်သော ဒီပညာကို မယုံချင်သေးသူပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသည် ပပဝင်းနှင့် ဆုံရလျှင် သူ့တွင် ပြောစရာ စကားတွေ အများကြီး ရှိနေခဲ့ပေမဲ့ ရုတ်တရက် ဘယ်ကစပြော ရမှန်းမသိ ဖြစ်နေသည်။

ဒါကို ပပဝင်းက ရိပ်မိပြီး တဟင်းဟင်း အသံဖြင့် ရယ်မောကာ ...

"အမယ်လေး ကိုရယ်။ စကားပြောစရာရှိလို့ ခဏလေး တွေ့နိုင်မလား စပြောတဲ့သူက ကိုပါနော်။ အသံကြီးတိတ် နေလိုက်တာ။ ဘာလဲ ပြောရမှာ ခက်နေလို့လား ... ရပါ တယ်နော် ... ပ,တို့က ကိုယ်ချင်းစာတတ်ပါတယ် ... ပ, မရိုင်းလည်း မရိုင်းတတ်ပါဘူး ... ကို့ဖြစ်ချင်တာ ပြော ပါ"

ဟု စ၍ စကားစလိုက်ပါသည်။

"ကျေးဇူးပဲ ပပရယ်"





ပပဝင်းသည် ခေတ်ပညာတတ်၊ ကိုယ်တိုင်လည်း ဥစ္စာပေါ ရုပ်ချော ဖြစ်သလို အမြဲတမ်း အဆင်ပြေ ပြည့်စုံသော ဘဝမှာ နေခွင့်ရသူဖြစ်ရာ သူတစ်ပါး အပေါ်မှာလည်း စိတ်ထား ကောင်းတာမျိုး မဖြစ်ဘူးသလို ... သူမ ကိုယ်တိုင်၏ ဘဝမှာ လည်း ဘယ်သူကမှ မလိုမုန်းထား ကောက်ကျစ်ခံရခြင်းမျိုး ကြုံဘူးခဲ့သူ ဖြစ်ပါသည်။

သူမက သူမလို မိန်းကလေးတစ်ယောက်ကို မလို ချင်ဘဲ ခင်စင်ဟူသော ရိုးရိုးတုံးတုံး မိန်းကလေးကို လိုချင်နေ သော ကို ဟူသည့် ယောကျ်ားသားအား အစပိုင်းကတော့ နည်း နည်း ဒေါသဖြစ်ပေမဲ့ ယခုကျတော့ ဒေါသမဖြစ်ချင်တော့ပေ။

ဒါ့အပြင် သူတို့ ဘယ်လိုချစ်သွားကြသလဲ ဆိုတာ ကိုတောင် စိတ်ဝင်တစား ဖြစ်နေပြန်သတဲ့။

"မေမေက ပပဆီ လာပြီး ဘာတွေ စိစဥ်နေတာလဲ"

"ဩော် ... ဒီလိုပေါ့ ... စေ့စပ်ပွဲကို အပျက်မခံပါနဲ့ပေါ့၊ ပ,က မိန်းကလေးမို့ နစ်နာတာလည်း တစ်ပိုင်းပေါ့ ...

ဒါ့အပြင် အန်တီက ပ,ကလွဲရင် ကို့ကို ဘယ်သူနဲ့ မှ သဘောမတူနိုင်ဘူးလို့လည်း ပြောတယ် ...

ပြီးတော့ ... မေမေနဲ့ မေမေကိုလည်း ပြောနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ကိုက ဗေဒင်ဆရာမရဲ့ ဆေးမိသွားလို့ဆိုလား ... ဟီ ဟီ ... မသိပါဘူး ... ရယ်ဖို့ကောင်းသား။ လူကြီးတွေက အဲဒီလို ကိစ္စတွေကို အလကားနေရင်းကို ယုံချင်နေတာ"

"ဟာ ... ခင့်က အဲဒါမျိုးတော့ မလုပ်တတ်ပါဘူး ပပရာ"

"မဆီမဆိုင်လေ ... ပ,ကိုပါ တစ်ခုခု လုပ်မှာစိုးလို့ပဲ ... ဖေဖေက သိပ်မပူပါဘူး။ မေမေကတော့ ပူပူပင်ပင်ဖြစ်ပြီး တခြား အကြားအမြင်ဆရာဆီတောင် ရောက်သွားလေရဲ့။ အန်တီကလည်း ကို့ကိုတင် မကဘူး မခင်ခင်က ပ,ကိုပါ လုပ်မှာစိုးလို့ ဆိုပြီး စိတ်ပူတယ်လို့လည်း ပြောတယ်။ မင်္ဂလာပွဲလုပ်ရင် အနှောင့်အယှက်တွေ လုပ်မှာလည်း စိုးရိမ်နေတယ်"

"မဟုတ်တာတွေကွာ ... ခင်က သူ့ဘာသာဗေဒင်ပညာပေါ့ ... အင်္ဂလိပ်လိုတော့ Astrology (အက်စ်စထရော်လော်ဂျီ) အဲဒါမျိုးကို သင်ယူတတ်မြောက်ထားတာပါ ... သူများကို လိုက်ပြုစားရ၊ ဆေးမိအောင်လုပ်ရ ဖြစ်စေရအောင် စုန်းကဝေမှ မဟုတ်တာ။ ပပကို ကျွန်တော်





အမှန်အတိုင်း ရှင်းပြတာပါ ... ကိုယ်ချစ်နေတဲ့ မိန်းကလေးမို့ ဘက်လိုက်ပြီး ပြောတာတော့ မဟုတ်ပါဘူး"

"ပ,က ဘာမှ မယုံတတ်ပါဘူး။ လူကြီးတွေ ပျာယာခတ်နေတာကို ပြောပြတာပါ။ ပြီးတော့ ... အန်တီက ပ,ကို လက်ဖွဲ့မယ် ပြောထားတာတွေအပြင် စိန်တစ်ဆင်စာပါ ယပ်တိုးပြီး ဖွဲ့မယ်လို့ ပြောပါတယ်"

"ဪ ... ဒါနဲ့ တခြား အကြားအမြင် ဆရာဆီ ရောက်သွားတော့ ပပအမေကို အဲဒီဆရာက ဘာပြောလဲ"

"ဘာမှ မပြောပါဘူး။ ပ,ကို ဘယ်သူမှ မကောင်းမကြံကြပါဘူးတဲ့ ... မကောင်းကြံရင်လည်း ပ,က ကံမြင့်နေလို့ ဘာမှ မဖြစ်ဘူးတဲ့ ပြောတာပဲ"

ကိုသည် အမြင်ကို မြင်တဲ့အတိုင်း ဟောလိုက်သည့် အဲဒီဆရာကိုပင် ကျေးဇူးတင်သွားပါသည်။

"အခုတော့ ပ,တို့ကို လာမဲ့လမှာပဲ လက်ထပ်ပေးကြတော့မှာလေ"

"ဟင်"

ကိုသည် သူလုံးဝမသိရသေးသော အကြောင်းအရာကို သိလိုက်ရသဖြင့် တုန်လှုပ်ချောက်ချားသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်ရယ် ...။ ခင့်ကို မယုံတာတော့ မဟုတ်ပါဘူး ခင်ပြောတော့ ကိုယ်နဲ့ ပပက လက်မထပ်ဖြစ်ဘူးဆို ...။

"ပ,တောင် ထိုင်မသိမ်း အပ်ပြီးပြီ ... ကိုကိုတော့ နီး အမြန်ကြေးပေးပြီး အပ်မယ်တဲ့။ အန်တီက ကိုကို အ မပေးစေချင်ဘူး ...

ဒါပေမဲ့ ပ,က ရိုးရိုးသားသား နေချင်တဲ့သူမို့ မမေးခင် ပြောပါတယ်နော်။ ကျေးနပ်ရဲ့လား ...

ပ,လေ ... ပ,ရဲ့ဘဝမှာ ပ,ကို ချစ်ပြီး လိုလို လား လက်ခံတဲ့ ယောက်ျားကိုပဲ ထိုချင်တာပါ ... ပ, မချစ်ဘဲ တခြားမိန်းမကို တမ်းတနေမဲ့ သူမျိုးနဲ့ ချင်ပါဘူးဆိုမှ ဆုံရမဲ့ ကံကြမ္မာကို စိတ်တောင် တယ်။ ပြီးတော့ ဒီလူတစ်ယောက်ကို ရဖို့အတွက် ဟို လှို့ဝှက်ရ ဒီဟာလှို့ဝှက်ရလည်း မလုပ်ချင်ဘူး ... အဲ ကြောင့် ကိုကို တမင်ပြောပြတာ ...

ပ,ပြောလိုက်တယ်နော်။ ကိုဘာသာပဲ မခင်ခင် ရအောင်ညှိနှိုင်းပြီး ပ,ကိုလည်း အရှက်မကွဲစေရအောင် ပနဲ့ လက်ထပ်ဖို့ အစီအစဉ်တွေ ဘာမှ သိပ်မပါပြင်ခင် ကိုတို့ကိစ္စ လုပ်ဖြစ်အောင် လုပ်ပါ ...





ထိုင်မသိမ်း အပ်တာလောက်က ဘာမှ လူမသိသေးဘူး။ ဖိတ်စာအပ်မှ လူသိမှာ ... လူစ,ပြီးသိမှာ ... ဒါကြောင့် ပ,ကို ညာတာတယ်ဆိုရင် ကိုတို့ ဒီရက်ပိုင်းအတွင်းပဲ စီစဉ်ကြပါနော် ...

နီးမှ ပ,အရှက်ကွဲအောင်တော့ မလုပ်ပါနဲ့။ ပလည်း မိန်းမတစ်ယောက်အနေနဲ့ သိက္ခာပိုင်းရော၊ အရှက်တရားရော၊ ထိခိုက်ပါတယ် ...

နီးမှ ကိုတို့လည်း အဆင်ပြေကြမယ်ဆိုရင် ပ,တော့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖြစ်မှာပဲ ...

အဲဒီတော့ ကိုဟာ အပြစ်ကင်းတဲ့ လူတစ်ယောက် ဖြစ်ချင်ရင် ပ,ပြောထားတာလေးတွေ မမေ့နဲ့နော်"

တကယ့်တကယ် စကားပြောဖို့ ချိန်းဆိုတာက ကိုဖြစ်ခဲ့ပေမဲ့ ... အခုတော့ ပပဝင်းကပင် တောက်လျှောက် မနားတမ်း ပြောသွားပါသည်။

ကိုသည် ပပဝင်း ပြောသမျှတို့ကို နားလည်လက်ခံသည့်အနေနှင့် ခေါင်းကို ညိတ်လိုက်ရင်း ...

"ကျေးဇူးပဲ ပပ။ အားလုံးကို ပြည့်ပြည့်စုံစုံ ပြောပြ ရှင်းပြတဲ့ အတွက် အရမ်းကျေးဇူးတင်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါ ... ကျွန်တော် ကိုယ့်ကြောင့် မိန်းကလေး တစ်ယောက်ဘဝမှာ အရှက်မကွဲ ကျန်ရစ်ရအောင် မလုပ်ပါဘူး ...

ပပ ပြောသလိုပဲ ... ကျွန်တော် ခင်နဲ့ ဒီရက်ပိုင်း အတွင်းမှာ တိုင်ပင်ပါ့မယ် ... အဆင်ပြေရင် နှစ်ဦးသဘောတူပဲ လက်ထပ်လို့ရမှာပါပဲ ...

မေမေက ခင်နဲ့မှ သဘောမတူတာ။ ဘယ်လိုမှ အသိပေးပြီး စိစဉ်ချင်လို့ ရမှာ မဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်"

"ပ,ကလေ မခင်ခင်ကိုလည်း မမုန်းဘူး ... မနာလိုလည်း မဖြစ်ပါဘူး။ လူကြီးတွေ ယုံထင် ကြောင်ထင် ဖြစ်သလို ကိုကို ဆေးလုပ်ထားတယ် ဆိုတာမျိုးလည်း အယုံအကြည် မရှိပါဘူး ... ဒီခေတ်ကြီးထဲမှာ အဲဒါတွေက ယုံတမ်းစကားတွေပါ ...

ကိုက သူ့ကို တကယ်ချစ်သွားလို့ ဖြစ်မှာပါလို့ ပ, တွေးမိပါတယ်"

ကိုသည် ပွင့်လင်းလှသော ပပကို တစ်ချက်ကြည့်ပြီး မေးသင့်၊ မမေးသင့် စဉ်းစားနေပြန်သေးသည်။





နောက်တော့မှ စိတ်ကို ပိုင်နိုင်စွာ ဆုံးဖြတ်ပြီး တည်ငြိမ်စွာ မေးလိုက်မိသည်။

"ကျွန်တော် တစ်ခုမေးမယ်နော်"

"မေးလေ"

"စိတ်တော့ မဆိုးနဲ့"

"မဆိုးတတ်ပါဘူး"

"ကျွန်တော်က ပပကို မိတ်ဆွေတစ်ယောက်လိုပဲ ခင်တာလေ။ ကျွန်တော် ချစ်တာက ခင်ပဲ။ အဲဒါကို ပပက သိနေရက်သားနဲ့ ကျွန်တော်နဲ့ လက်ထပ်ဖို့ကို ဘာကြောင့် မငြင်းတာလဲ"

"ပ,မှာ ငြင်းစရာမှ မရှိတာ"

"ဘယ်လို ..."

"ပ ငြင်းဖို့ စိတ်ကူးမရှိတာကို ပြောတာ။ ပ ကိုကို ချစ်သူလို မချစ်ဘူး။ ဒါပေမဲ့ မစော်တဆ လက်ထပ်ဖြစ်ရင်လည်း ပ,အတွက် ဘာမှ လက်မခံနိုင်စရာ အကြောင်း မရှိဘူး ဆိုတာ အမှန်အတိုင်း ဝန်ခံပါတယ်လေ ...

ကိုလို ယောက်ျားတစ်ယောက်ကို ပ,ဘာမှ ငြင်းစရာမှ မရှိတာ။ ပ,မှာ ချစ်သူရှိနေခဲ့ရင်တော့ ငြင်းမိမှာ ငြင်းမိမှာပဲပေါ့ ...

www.burmeseclassic.com



ဒါပေမဲ့ ချစ်သူလည်း မရှိသေးတဲ့ မိန်းမတစ်ယောက်အတွက်ဆိုရင် ကိုဟာ ငြင်းစရာ သိပ်မရှိတဲ့ ယောက်ျားတစ်ယောက်မို့ လက်ခံတာပါ ...

ပြီးတော့ ပ,က မိဘစိတ်ချမ်းသာအောင် ထားနိုင်တဲ့ သမီးလိမ္မာပဲ ဖြစ်ချင်တယ်လေ ... ဒီတော့ မိဘက သဘောတူတယ် ... စိစဉ်တယ်ဆိုရင် ဘာမှ မငြင်းတတ်ပါဘူး ကို"

ကိုသည် ပပ၏ အဖြေကို တအံ့တသြနှင့် ငေးသွားသည်။ လောကကြီးထဲမှာ အဲဒီလို အတွေးအခေါ်တွေနဲ့ မိန်းကလေးတွေလည်း ရှိသေးသည်တဲ့။

ခင်ကရော ... ခင်ကတော့ ဘယ်လိုမိန်းမမျိုးပါလိမ့်။ ခင့်ရဲ့ အတွေးအခေါ်တွေကရော ဘယ်လိုတွေပါလိမ့်။ ခင်က ပပနဲ့ယှဉ်လျှင် တော်တော့်ကို လျှို့ဝှက်သော မိန်းကလေးမှန်း သိသာပါသည်။

"ကျွန်တော်က တခြားမိန်းမကို တမ်းတနေမယ် ဆိုရင်ရော"

"ပ ပြောပြီးသားပဲ။ ပ အဲဒီလိုမျိုး မကြုံချင်ဘူးလို့ ... ဒါပေမဲ့ အခြေအနေက အဲဒီလို ဖြစ်လာရင်လည်း ပရဲ့ ကုသိုလ်ကံလို့ပဲ မှတ်ပါတယ်"





"အင်း ... အခုတော့လည်း ကျွန်တော်တို့ နှစ်ယောက်ရဲ့ သဘောထားတွေ ရှင်းလင်းသွားပါပြီ ... ကောင်းပါတယ်၊ ဒီနေ့ ဆွေးနွေးလိုက်ရတာကို ဝမ်းသာပါတယ်"


ထိုနေ့က ကိုနဲ့ ပပဝင်းတို့ လမ်းခွဲကြသောအခါတို့မှာ ခင်နဲ့ ဒီအပတ်ဆုံရင် ဆွေးနွေးစရာတွေ တစ်ပုံကြီးနဲ့ ဖြစ်နေတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com









၁၀

ခင်သည် သောက်လက်စ ကော်ဖီခါးခါးကြီးကပင် ခါးသီးသလို ခံစားလိုက်ရသည်။

ပြီးတော့ ... ခင် ကော်ဖီသီးတော့မလိုပင် ဖြစ်သွားသေးသည်။ ကို ပြောလိုက်သော စကားကို ခင် အံ့ဒီလောက်ထိ ခုန်လှုပ်ရသတဲ့ ...။

"ဘယ်လို ဖြစ်သွားတာလဲ ခင်"

"ကိုက ရုတ်တရက် ပြောလိုက်တော့ ခင့် ရင်ထဲမှာ တစ်မျိုးဖြစ်သွားပြီး လန့်သွားတယ်"

"ကိုတို့ လက်ထပ်ကြမယ် ဆိုတာက လန့်စရာလား ခင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုက မကျေမနပ် ရေရွတ်ပါသည်။ ကို့အတွက် စိတ်လှုပ်ရှားစရာ အခြေအနေပေမဲ့ ခင့် အတွက်တော့ ဒါကို စိတ်ထဲမှာ အနှောင့်အယှက်တစ်ခု ဝင်လာသလို ခံစားရတာ သူ တော့ မသိနိုင်။

"ခင် လန့်သွားတယ် ဆိုတာက ကို ဘာကြောင့် ဒီလိုလာ ပြောသလဲ ဆိုတာကို လန့်တာပါ"

"ဘာကြောင့် ပြောရမလဲ ... ကို့ချစ်သူမို့ လက်ထပ်မယ် ပြောတာ လန့်ရလား"

"မဟုတ်ဘူးလေ ... ခင်တို့က အဲဒီလိုမျိုးမှ မဟုတ်တာ"

"ဘာ မဟုတ်တာလဲ"

"ကို့ မေမေက သဘောမှ မတူတာ"

"အဲဒါက သိပ်ကိစ္စမရှိပါဘူး။ ကိုတို့ဘာသာ ရုံးတက်လက်မှတ်ထိုးပြီး လက်ထပ်တော့ မေမေ ဘာလာတားနိုင်မှာ မှတ်လို့"

"မတားပါဘူး ... ဒါပေမဲ့ အန်တီက ခင့်ကို ပြောသွားပြီးသားလေ။ သူကတော့ သူသဘောမတူပါဘူး ဆိုတာမျိုး အသိအမှတ်မပြုပါဘူး ဆိုတာမျိုးကို လူသိအောင် ကြေညာရမှာတဲ့"





"ဟာကွာ"

"ကို နားလည်အောင် သေသေချာချာ စဉ်းစားသင့်တယ်၊ မိန်းကလေးတစ်ယောက် အနေနဲ့ ကိုယ့်ကို ယောကျ်ားလေး ရှင်ဘက်က သဘောမတူပါဘူး၊ အသိအမှတ် မပြုပါဘူး လို့အပြောခံရတာ အကြေညာခံရတာဟာ သိပ်အောက်ကျပါ တယ် ... သိပ်ရှက်ဖို့လည်း ကောင်းတယ် ... ခင့်တင် မကဘူး ... ခင့်မိဘတွေပါ အရှက်ရစေတယ် ... သိက္ခာ ကျစေတယ် ... ဒီတော့ ... ခင် စိတ်အလိုကို မလိုက်သင့် ပါဘူးလေ။ လိုက်လည်း မလိုက်ပါဘူး ... ခင် ဆိုတာက စိတ်ကို ချုပ်တည်းနိုင်အောင် ကျင့်ထားပြီးပြီပဲ ... ဒီတော့ အဲဒီလိုမျိုးတွေကို ခေါင်းထဲမှာထည့်ပြီး တသသ ဖြစ်မနေ တော့ပါဘူး"

ကိုသည် စိတ်ပျက်လက်ပျက်ပင် ခေါင်းခါကာ ကော်ဖီခွက်ကို သောက်လိုစိတ်တောင် မရှိတော့တာမို့ ပြန်ချပြီး ဘေးဖယ်ထားလိုက်ပါသည်။

"ခင်ရယ် ... အဲဒါတွေကြည့်ပြီး၊ ထောက်ထားပြီးတော့သာ နေရမယ်ဆိုရင် လောကကြီးမှာ ဘာမှ စိတ်ချမ်းသာစရာ မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိမှာပါ ... စိတ်ချမ်းသာမှု တစ်ခုခုဟာ ရှိတော့ရှိမှာပါ — ကိုယ် စိတ်ဆင်းရဲခံလိုက်ရလို့ မိဘ စိတ်ချမ်းသာသွားတယ် ဆိုတာဟာလည်း လှည့်ပတ်တွေးရင် စိတ်ချမ်းသာမှု တစ်ခု ပါပဲ ကိုရယ် ... ခင်လည်း ခင့်မိဘကို စိတ်ဆင်းရဲရအောင် တစ်ခါမှ မလုပ်ခဲ့ဖူးသလို ... ကိုလည်း မလုပ်ခဲ့ဖူးဘူး မဟုတ်လား ...

ဒီတော့ အဲဒီလို ဖြစ်မြဲအတိုင်းပဲ ဖြစ်စေလိုက်ပါ ကို"

"မဟုတ်သေးဘူးကွာ ... ကိုယ်လိုချင်တာ အဲဒီအဖြေမျိုး မဟုတ်ဘူး ခင်ရယ် ... ဘာကြောင့် ကို့ကို လက်မထပ်ချင် ရတာလဲ"

"အို ... ကိုယ့်ချစ်သူပဲ ကိုယ်လက်ထပ်ချင်တာပေါ့ — လက်မထပ်ချင်ဘူးတော့ ဘယ်ရှိပါ့မလဲ။ ဒါပေမဲ့ ... ခင် ခုနပြောသလိုပဲလေ ... ခင်တို့ လက်ထပ်ကြရင်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အဲဒီ အကြောင်းအရာတွေက ရေးကြ ဖို့ အဆင်သင့် ရှိနေပြီ ကိုရဲ့"

"ဘာလဲ ... ခင်က ခင့်အာရုံထဲမှာ မြင်ရသလို ကိုနဲ့ခင် ဟာ လက်မထပ်ဖြစ်ဘူး ဆိုတာ တမင်မှန်အောင် လုပ်နေ တာလား"





"အဲဒီလို အတွေး လုံးဝမရှိပါဘူး ကိုရယ်။ ကို ဘာကြောင့် ဒေါသအရမ်းကြီးပြီး ဟိုမဲဒီမဲ ဖြစ်နေရသလဲ"

ကိုသည် ခင့်ကို စေ့စေ့ကြည့်နေမိသည်။ အမှန်တော့ ကိုက ဟိုမဲဒီမဲ လုပ်နေတာ မဟုတ်ဘူး ခင်။ ကို ဒေါသဖြစ်သင့် လို့ ဖြစ်နေတာပါ။ ခင်က သိပ်ကို လျှို့ဝှက်သလို မလိုအပ်ဘဲ သိပ် မာနကြီးလွန်းလာပြီ။

"ကို ခင့်ကို ကြည့်ပြီး ဘာတွေတွေးနေမလဲဆိုတာ ခင် ခန့်မှန်းမိပါတယ်။ ဒါပေမဲ့ ကို ထင်မြင်သမျှကို ခင် မငြင်းချင်ပါဘူး ... ခင် မာနမကြီးတတ်ပါဘူး ကို ရယ် ...

ခင်က သာမန်မိန်းကလေးတွေ ခံစားရသလိုပဲ တစ်သက်လုံး အရှက်ကွဲရမှာကို မဖြစ်ချင်တာပါ"

"မိဘပဲကွ ... စိတ်ဆိုးလည်း ခဏပေါ့ — တစ်ချိန်ချိန်ကျရင် စိတ်မပြေဘဲ နေမလား၊ ပြီးတော့ ကိုက တစ်ဦးတည်းသော သားပါ။ မေမေက ကို မရှိရင် သူလည်း စိတ်ဘယ်ကောင်း ပါ့မလဲ"

"ဟုတ်တယ်လေ ... သူစိတ်ဆိုးနေတဲ့ ခဏမှာ လုပ်ချင်ရာ လုပ်လိုက်ပြီပဲ ထားပါတော့ ... သူ့ဘက်ကတော့ ပြီးရော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြီးပြီးပျောက်ပျောက် နေလို့ရပေမဲ့ တစ်ချက်ခံလိုက်ရတဲ့ ခင့်ဘက်ကိုတော့ ကို နည်းနည်းတွေးပေးဖို့သင့်ပါတယ်လေ"

ခင်သည် ဒီလိုကိစ္စတွေကို အခြေအတင် ပြောဆိုအချင်းများရသည်အား စိတ်ညစ်လာသလို ကိုယ့်လိပ်ပြာလည်း ကိုယ်ရှက်လာသည်။

ကြည့်စမ်း ... ငါ့လို မိန်းကလေးတစ်ယောက်ကို သဘောမတူ၊ လက်မခံနိုင်တဲ့ သားရှင်မိခင်တစ်ယောက်ဆိုတာ ဒီလောကကြီးထဲမှာ ရှိသတဲ့။ ဘယ်လောက် ရှက်စရာကောင်းလိုက်သလဲ။

အဲဒီမှာ ခင်ဟာ တွေးရင်း သူမဘာသာ ပြန်တရားရသွားပြန်သည်။ ဪ ... "ငါ"ဆိုတဲ့ အစွဲတစ်ခုလည်း ငါ့ဆီမှာ ရှိနေသေးပါလား။ ငါ ဒီလို မဖြစ်သင့်ဘူး။

လူတွေ တစ်နေ့တာ ပြောနေကြတဲ့ စကားလုံးတွေထဲမှာ အများဆုံးပါတဲ့ စာလုံးဟာ 'ငါ'ဖြစ်နေတာပဲ ... ကြည့်စမ်း။ 'ငါ'ဆိုတဲ့ စာလုံးဟာ ဘယ်သူမဆို မသုံးမဖြစ် သုံးနေကြရတယ် ... အဲဒါ အတ္တတွေပဲ။ အတ္တကို ပြနေတာပဲ။

"ခင် သွားတော့မယ် ကို။ ခင်တို့ ဆက်ပြီးပြောစရာလည်း





များများပြားပြား မရှိတော့ဘူး ထင်တယ် ... ဒီတော့ ပြန်ကြတာပဲ ကောင်းတယ်"

"ခင် ... ကို ပြောတာကို ဘယ်တော့လက်ခံမလဲ"

ခင်သည် ကို့ကို စိတ်ရှည်စွာ အသေအချာပင် ပြောလိုက်ပါသည်။

"ဘယ်တော့မှ လက်မခံပါဘူး ကို။ ခင့်ကို စောင့်ပြီး မျှော်လင့်မနေပါနဲ့။ ခင် ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးပြီမို့ ကိုနဲ့ နှစ်ဦးသဘောတူ လက်ထပ်ဖို့ကို လက်မခံပါဘူး"

ကိုသည် ခင် ထွက်သွားတာကို တားမနေတော့ဘဲ စိတ်ပျက်လက်ပျက်ပင် ကြည့်ရင်း (တစ်ဖန်) ကြရာမရစွာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"လွယ်လွယ်လေးပါကွာ ... သူ့ကို မင်း နိုးပြေးရုံပဲ"

နေနိုင်က မဆိုင်းမတွ ပြောလိုက်၏။

ခင်က ဒီအကြောင်းတွေ ဘယ်သူမှ မသိစေချင်ပေမဲ့ ကိုကတော့ မနေနိုင်တော့ရာ အနီးဆုံးဖြစ်သော သူငယ်ချင်းကိုပဲ ဖွင့်ပြောတိုင်ပင်မိတော့၏။

"မင်း ပြောတော့ လွယ်လိုက်တာ ... ငါက ဘယ်လိုနိုးပြေးရမှန်းတောင် မသိဘူး"

"ငါလည်း အဲဒါပဲ အကြံပေးတတ်တယ်ကွာ ... မင်း့ကောင်မလေးက တစ်မျိုးလေး ဆိုတော့ ဘယ်လိုပုံစံနဲ့ နိုးပြေးလို့ ရမလဲဆိုတာ မစဉ်းစားတတ်ဘူး"

"တစ်ခုခုကွာ ... သူ့ကိုညာခေါ်လို့ရမှာမျိုး မင်း စိတ်ကူးပါဦး"





"ဟား ဟား ဟား ... မခင်ခင်ကများ သူ့ကိုယ်သူပြန်ဖေဒင်တွက်ထားရင် ဒီရက်ထဲမှာ အလိုမတူဘဲ နိုးပြေးခံရမှာမို့ အပြင်မထွက်သင့်ဘူး ဘာညာ တွက်မိရင် ဒုက္ခကွာ အဲ့ဒါဆို ဘာမှ ကြံစည်လို့ရမှာ မဟုတ်ဘူး"

"အရေးထဲကွာ ... မင်းကလည်း ... ငါက အဲဒါတွေ အယုံအကြည်ကို မရှိဘူး။

ခင် ပြောတော့ ငါနဲ့ ပပက ဘယ်လိုမှ လက်မထပ်ဖြစ်ဘူးဆိုပြီး အခုတော့ လက်ထပ်ဖို့တောင် စီစဉ်ဖို့စနေပြီ ... အဲဒီထဲကကို မမှန်တဲ့အပိုင်းက စနေပြီ။ ဒီတော့ သူ ပြောတာလည်း မှန်မှာမဟုတ်ဘူး ... သူက ငါနဲ့သူ ကွဲရလိမ့်မယ်တဲ့ ... အဲဒါ မှန်ကိုမမှန်နိုင်ဘူး။ ငါက ဘယ်တော့မှ သူနဲ့ အကွဲခံမှာ မဟုတ်ဘူး"

"မင်း လုပ်ချင်ရင် မြန်မြန်လုပ်တော့ပေါ့ ... ပပ ပြောတာလည်း ဟုတ်တာပဲ ... သူက အရှင်းဆုံး၊ အပွင့်လင်းဆုံး ပြောထားပြီးပြီ ... မင်းက သူ့ကိုလည်း ငဲ့ညှာရလိမ့်မယ်။ မင်းတို့ကိစ္စ လူ သိပ်မသိခင် ဒီရက်ပိုင်းအတွင်း မခင်ခင်ကို နိုးပြေးနိုင်မှ ဖြစ်မယ်"

"ဘယ်လို အကြံရှိလဲ ... ပြောကွာ"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ... သူလည်း မင်းအပေါ် တကယ် ချစ်၊မချစ် သိရအောင် သူ့စိတ်ကိုစမ်းပြီး ခေါ်ထုတ်ကြည့်မယ်ကွာ — သူ ထွက်လာတာနဲ့ အဆင်ပြေဖို့ တစ်ဝက်သေချာတာပေါ့"

"ဘာအကြံအစည်လဲကွာ ... ရှုပ်နေတာပဲ"

"ဒီလိုကွာ ... မင်း Accident (အက်ဆီးဒင့်) ဖြစ်လို့ပေါ့ကွာ ... ဆေးရုံရောက်နေတယ် ... စိုးရိမ်ရတယ် ... အဲဒါ လာကြည့်နိုင်မလားဆိုပြီး ငါက သွားပြောပေးမယ်"

"အေး ... ထားပါတော့ ... သူထွက်လာရင် ဘယ်ကိုခေါ်ရမလဲ"

"မင်း ... သူ့ကို ခိုးပြေးချင်တဲ့နေရာကို ခေါ်ပေါ့ ... ကဲပါ ငါပဲ ဒီဇာတ်လမ်းကို ဒါရိုက်တာလုပ်မှာမို့ ပြီးအောင်ဖြေပြပါ့မယ် ... နားထောင်"

နေနိုင်က ကိုကို့ သေချာစွာ ပြောပြပါသည်။ ဒါဆိုရင် ကောင်းမယ် တိုင်ပင်လိုက်။ ကိုက လက်ခံရင် အတည်ဖြစ်လိုက်။ ဟိုဟာဆိုရင် ကောင်းမလား ပြောလိုက်၊ ကိုက သိပ်မကြိုက်ရင် ပယ်လိုက်နှင့် ... သူတို့နှစ်ဦး ညှိနှိုင်းတိုင်ပင်ကာ ...။

နောက်ဆုံးတော့ အစီအစဉ်တွေ အကုန်တိကျစွာ ညှိလို့ရသွားလျှင် ကိုသည် နေနိုင့်ကို လှိုက်လှိုက်လှဲလှဲပင် ...





"ကျေးဇူးပဲ နေနိုင်ရာ။ မင်းက ငါ မတွေးတတ်တာကို တွေးပြီး ဒီကိစ္စမှာ ကူညီပေးလို့ပဲ။ ငါ့ဘာသာဆို ပူထူပြီး ပျာနေတာ ခေါင်းထဲက ဘာမှ ထွက်မလာဘူး"

ဟု ဝန်ခံပြောလိုက်သည်။

"ငါသာ ဒီလိုအခြေအနေမျိုးနဲ့ ကြုံရင်လည်း မင်းလိုဖြစ်မှာပါပဲကွာ ... ဒီလိုအချိန်မျိုးမှာ အားလူက ဝင်အကြံပေးတာဟာ ပိုအကောင်းဆုံးပဲ"

"ဟုတ်တယ် ... မင်းအလှည့်ကျရင် ငါလည်း ကူညီရမယ်"

"မခင်ခင်ကကွာ ... မင်းနဲ့သာ လက်ထပ်ပြီး အတူတူနေကြရင် ဘာတွေ ညာတွေ တွက်ချက်နေဦးမလား မသိဘူးနော် ... မင်းတော့ ပြဿနာပဲ။ သူလုပ်တဲ့ အလုပ်ကို မင်း တော်တော်သည်းခံရလိမ့်မယ်"

"နေပါစေကွာ ... သူကြိုက်တာ လုပ်ပစေ ... ငါမတားပါဘူး။ ငါ ဒါလုပ်မယ်ဆိုရင် သူက မလုပ်နဲ့ ... ဘာတွေညာတွေ မကောင်းတာမြင်တယ်ဆိုလည်း ငါက သူနဲ့ငါ ကွဲရမှာ မကွဲဘဲ အခုတော့ လက်ထပ်ဖြစ်တာပဲ မဟုတ်လားလို့ ထောက်ပြပြီး သူ ပြောတာကို လက်မခံရုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ပဲ တစ်သက်လုံး တကျက်ကျက် ဖြစ်နေတော့မှာ မြင်ယောင်သေးတယ်"

ကိုသည် မနက်ဖြန်ကျရင် နေနိုင်က ခင့်ကို ရအောင် ခေါ်ထုတ်ခဲ့မည့် အဖြစ်ကို တွေး၍ ရင်တထိတ်ထိတ် ရှိလှသလို ခင်နဲ့အတူတူ နေကြရင်ဆိုသည့် စိတ်ကူးကလည်း တသိမ့်သိမ့် ကြည်နူးနေရနှင့် သူဟာ ဗျာများနေတော့၏။





မဝင်းမေသည် နောက်ထပ် ဗေဒင်မေးမည့်သူ မလာသေးသလို ဒီနေ့ တိုကင်ယူထားသူလည်း ရောက်ရမည့်အချိန် ရောက်သေးသော အချိန်အခိုက်အတန့်တွင် မဂ္ဂဇင်းတစ်ထပ်ကို ဆွဲယူပြီး ဖတ်မလို့ပြင်စဉ် ...

"ဒီမှာခင်ဗျာ"

ဟူသော ခေါ်သံကြောင့် မဂ္ဂဇင်းကို ပြန်ချ၍ တံခါးဝကို လှမ်းကြည့်လိုက်သည်။

"ဒေါ်ခင်ခင် ရှိပါသလားခင်ဗျာ"

"ရှိပါတယ် ... ဗေဒင်မေးဖို့လား ... တိုကင်ယူထားပြီးသားလားရှင်"

"မဟုတ်ပါဘူး ... ကျွန်တော် ဗေဒင်မေးဖို့ မဟုတ်ပါဘူး။ ဒေါ်ခင်ခင်ကို အရေးကြီးတာတစ်ခု ပြောချင်လို့ ရောက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မခင်ခင်က သူ့အလုပ်ချိန်မှာ ဧဒင်မမေးဘဲရောက်လာတတ်ပြီး ကိုယ်ရေးကိုယ်တာပြောမဲ့ ဧည့်သည်ဆိုရင် လက်မခံတတ်ပါဘူး"

နေနိုင်သည် လျှာရှည်ပြီး အလကားနေရင်း တီကျချင်နေသော စာရေးမကလေးကို စိတ်ထဲမှာ ကျိန်ဆဲပစ်မိတော့၏။

"ကျွန်တော် စကားပြောခွင့် မရှိဘူးပေါ့ ... ဟုတ်လား"

"ကျွန်မ အဲဒါတော့ မသိဘူး။ မခင်ခင်ကို ဝင်မေးပေးပါ့မယ် ... ဒါနဲ့ ရှင့်နာမည်လေး တဆိတ်လောက်"

"နေနိုင်ပါ ... ကို့သူငယ်ချင်းပါလို့ ပြောပေးပါ"

"ရှင် ... ဘယ်လို"

"သြော် ... မခင်ခင်ရဲ့ အသိမိတ်ဆွေ တစ်ယောက် ဖြစ်တဲ့ ကို ဆိုတဲ့လူရဲ့ အခင်ဆုံးသူငယ်ချင်းပါလို့ ပြောပေးပါ ... အဲဒါဆိုရင် မခင်ခင် သိပါတယ်"

"ဟုတ်ကဲ့ရှင် ... ခဏလေး ထိုင်စောင့်ပါဦး။ ရှင်လာတာလည်း အဆင်ပြေရင် ပြေမှာပါ ... ဒီနေ့ တိုကင်ယူထားတဲ့လူက ရောက်မလာသေးဘူးဆိုတော့ မခင်ခင် အားနေပါတယ်"





အင်း ... ဒီလိုကျတော့လည်း စာရေးမကလေးက စကားပြော အဆင်ပြေသွားပြန်ရော ...။ နေနိုင်သည် အပြင်ခန်းက ဆက်တီတွေမှာ ထိုင်ပြီးကျန်ရစ်ကာ စာရေးမကလေးကို စောင့်နေမိသည်။

ခဏလေးအကြာမှာ စာရေးမကလေး ပြန်ထွက်လာသည်။ သူမ အနောက်မှာ ခင်ခင် ပါလာသည်။ သို့သော် ခင်ခင့်မျက်နှာက သိပ်ကို တည်ငြိမ်လွန်းနေသည်။ ခင်ခင်က သိပ်တော့ အံ့သြသောတွေ့လုပုံမပေါ်။ ဒါပေမဲ့ ခင်ခင် ဘာကြောင့် ထွက်လိုက်လာသလဲဆိုတာ နေနိုင် မသိချေ။

"ကိုနေနိုင် ... ဘာကိစ္စလဲ"

"မခင်ခင် ... ကျွန်တော် အရေးမကြီးရင် ဒီလိုလာမတွေ့ပါဘူး၊ မခင်ခင်ရဲ့ အလုပ်သဘောကို နားလည်ပါတယ်၊ အခုဟာက ..."

နေနိုင်သည် ခင်ခင်၏ ခပ်မာမာ အသံကို လန့်ပြီး စကားရော ဖောရော စပြောနေမိသေးသည်။

ခင်ခင်က လက်ကာပြရင်း ...

"ပြောပါ ... ဘာပြောစရာရှိလို့လဲ"

ဟု စကားကို ဖြတ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ နေနိုင်က ကမန်းကတန်း အသက်မဲ့ရှ
တမ်း တောက်လျှောက် ပြောလိုက်သည်။

"ဒီလိုပါ မခင်ခင်။ ကိုလေ ... ဒီကောင် အခု ဆေးရုံ
ရောက်နေပြီ ...

ခုနေလေးကမှ ကျွန်တော့်ဆီ ဖုန်းဝင်လာလို့ သိ
တာ။ သူ ကား Accident ဖြစ်လို့တဲ့ ... ခုထိသတိမရှသေး
ပေမဲ့ ပါးစပ်က ခင် ... ခင်နဲ့ အော်နေပြီး မခင်ခင်ကို
ခေါ်နေတယ်တဲ့။ ဆရာဝန်တွေကပြောတော့ ခေါင်းထိပြီး
ဦးခေါင်းထဲမှာ သွေးယိုစိမ့်မှု ဖြစ်နေတော့ အသက်ရှင်ဖို့
လုံးဝမဖြစ်နိုင်ဘူးလို့ ပြောတယ်တဲ့။ အဲဒါ သူ့အမေက
သူ့သား သေခါနီး စိတ်ချမ်းသာအောင် သူ တွေ့ချင်တဲ့
မခင်ခင်ကို ခေါ်ပေးပါလို့ ကျွန်တော့်ကို အကူအညီတောင်း
လို့ပါ ...

ကူညီပါ မခင်ခင်။ သူ သတိတစ်ချက်ဖြစ်ဖြစ်
လည်တဲ့အချိန်မှာ မခင်ခင်ကို ခဏလောက် တွေ့လိုက်ရင်
သူ ဘယ်လောက် စိတ်ချမ်းသာမလဲဗျာ ... ကျွန်တော် ..."

ခင်သည် ရုတ်တရက် ကြားလိုက်ရသော သတင်း
တစ်ခုကြောင့် ခေါင်းထဲမှာ လျှပ်စီးလက်သလို ထင်းခနဲ၊ လင်း
ခနဲ ဖြစ်သွားပါသည်။





ဘုရားရေ ... ငါ မြင်ထားသလို ကို တကယ်သေဆုံး
ရတော့မှာလား။ ငါနဲ့ ကိုက သေကွဲကွဲရမှာ တကယ်ပါလား။

ဒါပေမဲ့ ခင့်စိတ်ထဲမှာ မသွားသင့်ဘူးဟုလည်း
အသံတစ်သံက သတိပေးသလိုလို ခံစားလာရခြင်းက ပူးတွဲလျက်။

ခင်သည် တွေဝေနေခဲ့၏။ ခင့် ဝေါင်တောင့်ကြီး
ချုပ်နေသည်မှာ အကြာကြီးပင်။

ခင့် နားထဲတွင် နံရံကပ်နာရီသံ တစ်ချက်ချက်ကို
ကြားနေရရုံကလွဲလျှင် ခင်တို့ သုံးဦးသား ရှိနေသော အခန်းကား
တိတ်ဆိတ်လို့။

သို့သော် ခင်ကတော့ သူမတစ်ဦးတည်း နားထဲမှာ
အသံမျိုးစုံ ကြားနေရခြင်းနှင့် ရှုပ်ထွေးရန်းကန် ...။

"မခင်ခင် ... မလိုက်လာနိုင်ဘူးလား"

နေနိုင့် ခေါ်သံဆီ ခင် တစ်ချက်ပါသွားပြန်သည်။
ခင် ကို့ကို တွေ့ချင်တယ်။ ကို သေဆုံးခဲ့ရသည်ရှိသော် ကို့ရဲ့
သက်ဖဝါးကို ခင်က ဆုပ်ကိုင်ထားရင်း ကို့ရဲ့ နောက်ဆုံးအချိန်
ကို ရင်ဆိုင်လိုက်ချင်တယ်။ ဟင့်အင်း ... မဟုတ်သေးဘူး။ စိတ်
အလိုကို အဲ့ဒီလောက် မလိုက်သင့်ဘူးလေ။ ဒါ ဘာကြောင့်ခံစား
နေရစရာရှိလဲ။ ဘာမှ ကြေကွဲစရာ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကိုက နာရီပိုင်းလောက်ပဲ ..."

"အို ... နေ ... နေ ... ရပြီ ... တော်တော့ ဘာမှဆက် မပြောပါနဲ့တော့ ... ကျွန်မ သူ့ကို လိုက်ကြည့်ပါ့မယ်"

"မခင်ခင် ... ကျွန်မ အဖော်လိုက်ပေးဖို့ လိုလားဟင်"

"နေ ... နေ၊ ရတယ် မဝင်းမေ။ မေမေ့ကိုပဲ တစ်ချက် သွားပြောပေးပါ။ ကို ဆေးရုံရောက်နေလို့ ခင်ခင် လိုက် သွားတယ်လို့။ ကို ဆိုတဲ့လူကို ခင်ခင့်မေမေ သိပါတယ် မဝင်းမေ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဒီနေ့ ရောက်လာမဲ့ လူတွေကို ကျွန်မ ကြည့်ပြီး ညှိထားလိုက်ပါ့မယ် ... မခင်ခင် ဘာမှ စိတ်လေးမနေပါနဲ့ ... သွားပါ"

နေနိုင်သည် မဝင်းမေဆိုသော စာရေးမ မလိုက်သွား ဆိုမှ ကျိတ်၍ သက်ပြင်းချမိသည်။ ဟူး ... မလွယ်ပါလား ကိုယ့် ရေ ...။ မင်းကိစ္စက တယ်ဦးနှောက်ခြောက်ရတာပဲ။

ခင်သည် ဘာကိုမှ စဉ်းစားဆင်ခြင် မနေတော့ဘဲ ချစ်လှစွာ တစ်ခုတည်းဖြင့် သူမနှင့် တရင်းတနှီး မရှိလှပါသော နေနိုင်ဟူသည့် အမျိုးသားတစ်ယောက်၏ ကားပေါ် ပါလာခဲ့ ပြီ။





ထိုသူ ကားကို တော်တော်လေး မောင်းပြီးမှ ခင် မေးဖို့ သတိရသည်။

"ကိုက ဘယ်ဆေးရုံမှာလဲ"

"ဟို ... ဟိုဗျာ ... ဆာကူရာဆေးရုံမှာ"

"သြော် ... သြော် ... ဒါနဲ့ ဖြစ်တာက ဘယ်အချိန်လောက် ကလဲ"

"မနက်ကထင်တယ် ... ကျွန်တော့်ဆီ အခုမှ ဖုန်းဝင်လာ ပြီး သူ့အမေက မခင်ခင့်ကို တောင်းပန်ဖို့၊ သွားခေါ်ပေး ဖို့ ပြောတာနဲ့ ..."

"အင်း ... ကျွန်မဘဝမှာ မစဉ်းစား မဆင်ခြင်ဘဲ ပြုန်းခနဲ ထလိုက်လာတာဟာ ဒါ ပထမဦးဆုံး အကြိမ်ပဲ ... တကယ် ဆို နောက်နှစ်ခါလောက် သွားသင့်,မသွားသင့် စဉ်းစား သင့်ပါတယ်"

ခင်က နှောင်တရသလိုလို ပြောလိုက်မိလျှင် နေနိုင် သည် အပြစ်ရှိသူတစ်ယောက် ဖြစ်သဖြင့် အသံတိတ်နေမိ၏။

ကိုကို ပုန်းကွယ်စောင့်ခိုင်းထားသော လမ်းတစ်ခု၏ ထောင့်ချိုးအရောက်တွင် နေနိုင်သည် ကားကို အသာထိုးရပ်လိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com



နေနိုင် ကားရပ်တာနဲ့ ကိုသည် ပုန်းကွယ်နေရာမှ ချက်ချင်းထွက်လာ၊ နေနိုင်ကလည်း ဖွင့်၍ ဆင်းပြီးသော ကားတံခါးကို မပိတ်ဘဲ ကို့ကို ဖွင့်ထားပေး၊ ကိုက ပြန်းခနဲဝင်ထိုင်၊ ကားကလည်း စက်နှိုးထားပြီးသားမို့ ချက်ချင်းမောင်းထွက် … စသည့် အဖြစ်အပျက် လျှပ်ရှားမှုတွေဟာ …

စက္ကန့်ပိုင်းမျှ အင်မတန်မှ ကြာအောင် မြန်ဆန်လှလေရာ ခင်သည် မှင်သက်အံ့သြစွာ ငေးနေမိတော့သည်။

တစ်ဆက်တည်းမှာ ခင်သည် ကိုက ကားကိုမောင်းထွက်ထွက်ချင်း ချက်ချင်းပဲ သတိဝင်လျက် ခင်သည် …

"ဟင် … ကို … ကို … ဘယ်လိုဖြစ် … မဟုတ်သေးပါဘူး။ ကို ဘာမှမဖြစ်ဘူး မဟုတ်လား … ဒါဖြင့် ဘာကြောင့် …"

ဟူ၍ ကယောင်ကတန်းလိုလို၊ ဖရိုဖရဲ ရေရွတ်ပြောဆိုလိုက်သည်။

"ခင် ကိုတို့ တမင်ညာခေါ်လာတာပါ"

"ဘာလုပ်ဖို့လဲ … ဘာဖြစ်လို့လဲ … ဟာ … ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"

ခင်ဟာ … သူမ တစ်သက်တာမှာ တစ်ခါမှလည်း





ဤအခိုက်အတန့်လောက် စိတ်လှုပ်ရှားကာ တည်ငြိမ်လို့ မရတော့တာမျိုး မရှိတော့ပေ။

"ကို ခင့်ကို ခိုးပြေးတာလေ"

"ဘာ"

ခင်သည် အံ့သြတုန်လှုပ်စွာ အော်ချလိုက်မိပြန်သည်။

ကြည့်စမ်း … ငါဟာ အရှက်တကွဲ အဖြစ်မျိုးနဲ့ ကြုံရလိမ့်မယ်လို့ ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် ကြိုမသိခဲ့ရသလဲ။

"သိပ်အဝေးကြီး မသွားပါဘူး။ ဟိုလမ်းကို ကျော်ပြီးရင် ရောက်ပြီ … ကို့ဘာသာ စိတ်ကြိုက် ရွေးဝယ်ထားတဲ့ အခန်းကျယ်ကြီးလေ … ကွန်ဒိုမီနီယမ် အခန်းပေါ့ … ခင်နဲ့ကို နေဖို့ဆိုပြီး ကို ဝယ်ထားတာ … မကြာသေးဘူး … ခင်လည်း ကြိုက်မှာပါ … ခင့် အတွက် ဘုရားခန်း အကျယ်ကြီး လုပ်ထားပေးပြီးသား သိလား …။ နေနိုင့်ကို အကူအညီတောင်းလို့ ကူညီရတာပါ"

ခင်သည် ဒေါသဖြစ်မိခြင်း မဖြစ်လာဘဲ သူမဘာသာ သူမ ယူကျုံးမရဖြစ်စွာ မျက်ရည်တပေါက်ပေါက် ကျလာသည်။ သွားပါပြီ … ခင့်ရဲ့ အရှက်သိက္ခာတွေ ပေးဆပ်လိုက်ရပြီ ထင်ပါရဲ့ … ။



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ ခင်ရယ် ... ကိုက ခင့်ကို ဘဝတစ်သက်လုံး စိတ်ချမ်းသာအောင် ထားမှာပါ ... စိတ်ချပါ ... ကို ကတိပေးပါတယ် ...

ကို့ရဲ့ လုပ်ရပ်တွေဟာ မှားကောင်း မှားလိမ့်မယ် ... ဒါပေမဲ့ ဒါတွေဟာ ခင့်ကို ချစ်လွန်းလို့ မှားတဲ့အမှားတွေပါ ခင်"





၁၁

ကိုသည် ကားကို ပါကင်တွင် ရပ်လိုက်ပြီး သူ့ဘက်ကို တံခါးကိုဖွင့်၍ ခပ်မြန်မြန်ဆင်းသည်။

ပြီးတော့ ... ခင် တံခါးဖွင့်ချိန်ပင် မရလိုက်နိုင်အောင် သူက တံခါးကို ပြေးဖွင့်ပြီးသား ဖြစ်နေသည်။

"လာ ... ခင်"

ကိုက ခင့် လက်ဖဝါးကို ညင်သာစွာ ဆွဲခေါ်သည်။

ခင်သည် ခုထိ ဒီအဖြစ်အပျက်ကို လက်ခံလို့မရဘဲ အိပ်မက်ထဲမှာ လမ်းလျှောက်နေသူလိုပဲ ... မရေမရာ ခြေလှမ်းတွေနဲ့ လျှောက်နေခဲ့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကို့ အခန်းက သုံးထပ်မှာ"

ကိုကသာ စကားတွေ တတွတ်တွတ် ပြောလို့ကောင်းနေပေမဲ့ ခင်ကား ဘာစကားမှ မပြောနိုင်တော့ပြီ။

ကိုသည် ခင် စကားမပြောသဖြင့် ထိတ်လန့်လာပေမဲ့ ခင်ဟာ ဒီအဖြစ်အပျက်ကြောင့် တုန်လှုပ်ပြီး စကားမပြောတာလည်း ဖြစ်နိုင်သေးသည်ဟု ဖြေတွေးလျက် ...။

"ခင်နဲ့ ကို့ အကြောင်း တခြားလူကို မပြောပါဘူးဆိုတဲ့ ကတိကိုတော့ ကို ဖျက်လိုက်ရတယ်ကွာ ...

ကို ... နေနိုင့်ကို သွားတိုင်ပင်မိတယ် ... သူကပဲ ကို့ကို အကြံပေးလို့ ကို အခုတော့ ခင့်ကို ပိုင်ဆိုင်ရပြီလေ ... ဒီကောင်ကြီးက ကောင်းပါတယ်ကွာ ... သူက ခင်နဲ့ ကို့ရဲ့ မိတ်ဆွေကောင်း တစ်ယောက်ပါ"

"ကို သိပ်ရက်စက်တယ်"

"ဟာ ... ဘာပြောတာလဲ ခင်ရယ်။ ကို ဘာများရက်စက်တာရှိလို့လဲ"

"ကိုဟာ ခင့်ကို လူတောမတိုးရဲအောင် လုပ်လိုက်တာ။ ခင့်ဘဝကို ရိုက်ချိုးပစ်လိုက်တာ။ ခင့်ကို တစ်သက်လုံး အရှက်ရစေအောင် လုပ်လိုက်တာလေ ... မသိဘူးလား။





ဘာကြောင့် မတွေးတော မဆင်ခြင်ဘဲ ကိုယ်လုပ်ချင်တာကိုပဲ ဦးစားပေးလိုက်ရသလဲ ကိုရယ်"

"မဟုတ်ပါဘူးကွာ ... ကိုက ခင်နဲ့မှ ညိုလို့မရတော့ ကြံမိကြံရာ ကြံတာပေါ့ ... လောကကြီးမှာ ဘယ်သူမဆို ကိုယ့်ချစ်သူကို ပိုင်ဆိုင်ရချင်တာပဲ ခင်ရယ်။ ကို ဘာမှ မရက်စက်ပါဘူး။ ပြီးတော့ ခင်လည်း ကို့ကို ချစ်တာပဲလေ ... ခင် ဘာကြောင့် မပျော်နိုင်ရသလဲ"

"မပျော်ဘူး ... မပျော်ဘူး ကိုရဲ့။ ခင် ဘယ်လိုလုပ်ပျော်နိုင်မလဲ။ ခင်က အရှက်ကွဲရမဲ့လူ ... ခင် မှားကိုမှားတာပါ ... ဒီလောက်လေး လှည့်စားတာကို အယုံလွယ်လိုက်မိတယ် ... အဲဒါ ရှင့်ကို ချစ်ရလွန်းလို့ မျက်စိစုံလုံးကန်းမိတာ ကိုရဲ့။ ရှင် တစ်ခုခု ဖြစ်သွားမှာ ခင် အသက်သေရမှာထက်တောင် ကြောက်လို့"

"ခင် ... ကို့ကို အဲဒီလောက် ချစ်မှန်းသိတော့ ကိုလည်း ဝမ်းသာတာပေါ့ ... ဘာမှ မတွေးနေပါနဲ့ ခင်ရယ်။ လူတွေက ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပါ"

ကိုသည် ခင့်လက်ကို ဆုပ်လိုက်ရင်း လှေကားထစ်တွေကို တစ်ထစ်ချင်း တက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်သည် လေကားတစ်ထစ်ကို နင်းရတိုင်း နင်းရတိုင်းမှာ ရင်ထဲမှာ နာ,နာလာကာ ဆေါင်းတွေ ပွထလာသည်။ ရင်ထဲမှာ ကတုန်ကယင် ဖြစ်လာသည်။ ဘာအသံမှန်း မသိသော သဲသဲကွဲကွဲ မရှိသော အသံပေါင်းစုံတို့က ခင့် နားထဲကို ဝင်လာသည်။

ခင့် မျက်လုံးတွေ ပြာသလိုလိုနှင့် အရိပ်များက ရှုပ်ထွေးလာသည်။ ဘုရားရေ ... ခင့် အာရုံထဲမှာ ဘာတွေမြင်လာတာပါလိမ့်။ ဟင့်အင်း ... ခင့်စိတ်တွေ ကယောင်ချောက်ချား ဖြစ်ရလွန်းလို့ မသဲကွဲတော့ဘူး။

"ခင်တို့ လက်မထပ်ဖြစ်ပါဘူး ... ပြီးတော့ ခင် ကိုယ်တိုင်လည်း ကို့ကို လက်မထပ်ဘူး"

"အခုထိ အဲဒါကို ပြောတုန်းပဲလား ခင်။ ခင့်ကို ကိုက နီးပြေးလာပြီးပြီလေ"

"ခင်မှ အလိုမတူတာ"

"ခင့်သဘောပါ ... ခင်က အလိုမတူဘဲ နီးပြေးပါတယ် ဆိုပြီး ကို့ကို ထောင်ချရင်လည်း ... ဟာ ... ဟာ ... ခင် ဘယ်လဲ ... ဒါ ဘယ်ဆင်းပြေးတာလဲ ... တောက် ... ဟာကွာ ..."





ကိုသည် သူတို့နေရမည့် အခန်းကိုလည်း ရောက်ပြီမို့ ခင့်ကို တွဲထားသောလက်ကို လွှတ်လိုက်ပြီး အခန်းသော့ကို ဖွင့်ရန်ပြင်လျှင် ခင်သည် လှစ်ခနဲ ကို့နံဘေးမှ ရုန်းဖယ်ကာ လှေကားထစ်တွေကို တဒိုင်းဒိုင်း ဆင်းပြေးတော့လေသည်။

ကိုသည် ခင်ဆင်းပြေးလျှင် ဘာကိုမှ ဂရုစိုက်မနေတော့ဘဲ သော့ကို လွှတ်ချလိုက်မိပြီး ခင့် နောက်မှ ပြေးဆင်းလိုက်လာရင်း ...

"ခင် ... ခင် ... မပြေးပါနဲ့ကွာ ... ထွက်မပြေးပါနဲ့ ... ကို တောင်းပန်ပါတယ်"

"ကို ... မလိုက်လာနဲ့နော် ... ခင့်ကို လိုက်ဆွဲရင် ခင် အော်ပြီး အကူအညီ တောင်းရမှာပဲ"

"ဟာ ... တောင်း ... တောင်းကွာ ... ဂရုမစိုက်ဘူး။ ဖြစ်ချင်ရာဖြစ်"

ကိုသည် ယောက်ျားအားနှင့်မို့ ခင့်နောက်မှ ပြေးဆင်းလိုက်လာရာ ခင့်ကို မီသွားသည်။

ခင်သည် ကို မီလာပြီဟု တစ်ချက်လှည့်ကြည့်ပြီး သိလိုက်လျှင် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားလေသည်။ ဘာကိုကြောက်စရာမှ မရှိပါဘဲ ခင်ဟာ လွန်မင်းစွာ ကြောက်ရွံ့နေမိ



www.burmeseclassic.com

www.burmeseclassic.com



သော သူမကိုယ်သူမပင် အဲဒီ အခိုက်လေးမှာ ပဟေဠိများနှင့် အံ့ဩလိုက်သေးသည်။

"ခင် ..."

"ကို ... ခင့်လက်ကို ဆွဲထားလို့ မရပါဘူး"

"ဟာ ... ခင် ..."

ခင်သည် ကိုက ခင့်လက်မောင်းကို လှမ်းအဆွဲမှာ ကို ဦးတည်ရာမရောက်အောင် ကိုယ်ခန္ဓာကို ယို့၍ အရှောင်မှာ။ ကိုကလည်း အလောတကြီး လှမ်းအဆွဲမို့ ခြေကလည်းအချော်မှာ သူဟာ မထင်မှတ်ဘဲပင် လက်လွတ်ကိုယ်လွတ် ဖြစ်ပြီးလျှင် လှေကားမှ ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားလေသည်။

"အို ... ကို ... ကို ..."

ခင်သည် ကို ပြုတ်ကျသွားသော မြင်ကွင်းကို အလန့်တကြား၊ မယုံကြည်နိုင်စွာပင် လက်ဖဝါးနှစ်ဖက်ကို သူမ၏ ပါးနှစ်ဖက်တွင် ကပ်မိရင်း မှင်သက်စွာ ငေးကြည့်နေမိ၏။

ကိုက သိပ်အများကြီး လိမ့်ကျသွားတာ မဟုတ်ဘဲ လေး၊ ငါးထစ်လောက် ကျအပြီးတွင် ခွေခွေလေး လဲသွား၏။

ခင်သည် ကို့ဆီ ပြေးဆင်းလိုက်သွားပြီးလျှင် ...

"ကိုရေ ... ကို ... ကို ...။ ဘာဖြစ်သွားသေးလဲ ကို"





ဟု သွေးရူးသွေးတန်း အသံဖြင့် ရေရွတ်ညည်းညူ၏။

ခင်သည် ကို့ကို ပွေ့လိုက်သောအခါ ကိုသည် ခင့်လက်ထဲတွင် ပျော့ပျော့လေး ပါလာသည်။

ခင်သည် မျက်ရည်များဖြင့် ကို့ကို ငုံ့ကြည့်ရင်း ကို့မေးစေ့ကို ဆွဲခါရင်း ...

"ကို ... ကို ... ဘာဖြစ်သွားတာလဲ ... ဘာဖြစ်သွားတာလဲ ... ခင့်ကို မျက်လုံးဖွင့်ကြည့်ပါဦး။ ခင့်ကြောင့် ကိုသာ တစ်ခုခု ဖြစ်သွားရင် ခင် ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံး ယူကျုံးမရ ဖြစ်ရတော့မှာ ကိုရဲ့။ ကို ... ခင့်ကို တစ်ခုခု ပြောပါဦး ...

အား ... ခင် ကြောက်လိုက်တာ ... ကိုရယ် ... ကို တစ်ခုခု ဖြစ်ရမှာ ... အထူးသဖြင့် ခင့်ကြောင့် ကို တစ်ခုခု ဖြစ်ရမှာကို ခင် ကြောက်တယ်"

ခင်ဟာ သူမ၏ တစ်သက်တာတွင် တစ်ခါမှ မဖြစ်ပေါ်ခဲ့ဘူးသော တုန်လှုပ်ချောက်ချားမှုမျိုး၊ စိတ်လှုပ်ရှားမှုမျိုး။ ကယောင်ကတမ်း ဖြစ်မှုမျိုး၊ ကြံရာမရ ဖြစ်မှုမျိုး ... စသဖြင့် အမျိုးပေါင်း များစွာသော စိတ်ခံစားချက်တို့ဖြင့် စကားတွေ တတွတ်တွတ် ပြောလျက်၊ အသံကျယ်ကြီးဖြင့် ဟီးခနဲ အော်ငိုလိုက်မိတော့လေသည်။

www.burmeseclassic.com



ကဲ ... ဘယ်မှာလဲ ... ဗေဒင် လက္ခဏာ ဆရာ ဒေါ်ခင်ခင်ရဲ့ တည်ငြိမ်မှုတွေ။ ဉာဏ်ရွှေသိက္ခာတွေ။

လူတွေအသံကြား၍ ရောက်လာသောအခါ ခင်ခင်သည် ကိုကိုမွေ့လျက်သားနှင့် သူမပါ လှေကားထစ်အောက အုတ်နံရံကို မှီထိုင်လျက်သားနှင့် မျက်လုံးကြောင်ကြောင်ပွင့်ကာ ခေါ်မရ၊ မေးမရနှင့် သတိလက်လွတ်နေတော့လေသည်။





ကိုသည် ဘာရယ်မဟုတ်သော သာမန်လှေကားထစ်မှ ခြေချော်ကျသူတစ်ယောက်သာလျှင် ဖြစ်ပါသည်။

သို့သော် သူက ကံမကောင်းခဲ့ပါ။ သူလိမ့်အကျတွင် အုတ်ခုံလှေကားနှင့် ခေါင်းတို့ ပြင်းပြင်းထန်ထန် ဆောင့်မိလိုက်သဖြင့် ခေါင်းပေါက်ပြီး သွေးထွက်လာတာမျိုး မဖြစ်လာဘဲ ခေါင်းထဲတွင် အတွင်းကြေ ကြေသလို ဖြစ်သွားသည်။

ဆေးရုံရောက်သည်အထိ ကို သတိမရပါ။ ခင်သည်လည်း ပြင်းထန်လှသော စိတ်ပင်ပန်းမှုကြောင့် ရှော့(ခ)ရသလို ဖြစ်ပြီး သတိမေ့နေသည်။

နေနိုင်သည် သူကူညီလိုက်ရသော ချစ်သူနှစ်ဦးကို ကြည့်ပြီး ယူကျုံးမရသလို တပြောပြော ဖြစ်နေသည်။

"ဖြစ်ရလေဗျာ ... ကျွန်တော်က တမင်ဓာတ်လမ်းဆင်ပြီး မခင်ခင်ကို ရအောင် ခေါ်ထုတ်တာပါ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အချိန်တုန်းက ခေါင်းထဲမှာ ရှိတာပဲ ဖွင့်ပြောလိုက်မိတာ။ ဖတ်ဖူးတဲ့ ဝတ္ထုတွေ၊ ကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲကလိုပဲ ... ကိုက Accident ကြောင့် ခေါင်းထိပြီး သတိမရဘူး။ ခေါင်းထဲမှာ သွေးယိုစိမ့်မှု ဖြစ်တယ်။ သိပ်မခံတော့ဘူးပေါ့ ... အဲဒီလို ပါးစပ်ထဲတွေ့ရာ ပြောလိုက်တာပါဗျာ ...

အခုတော့ သူ မကြာခင် နာရီပိုင်းအတွင်းမှာ ရင်ဆိုင်ရမဲ့ သူ့အခြေအနေကို တွေ့ပြီး နိမိတ်ဖတ်လိုက်မိသလို ဖြစ်နေပြီ"

မဝင်းမေသည် မခင်ခင်ကို ထားရာ အခန်းမှထွက်လာလျှင် နေနိုင်က သူမကို ဦးတည်ပြီး ပြောလိုက်သဖြင့် သူမပါ တအံ့တသြနှင့် ခေါင်းညိတ် ထောက်ခံမိရက်သား ဖြစ်နေသည်။

ကြည့်စမ်း ဘာရယ်မဟုတ် ပြောလိုက်တဲ့ စကားတစ်ခွန်းအတိုင်း ကို ဆိုတဲ့လူဟာ တကယ်ဖြစ်သွားတာပါလား။

"အခုဆို သူ ခေါင်းကို ထိတော့ ထိတာပဲတဲ့ ... ဘယ်ကို ထိမှန်း မသိဘူးဆိုပြီး ဓာတ်မှန်ရိုက်ထားရပေမဲ့ ဆရာဝန်တွေကတော့ သူဖြစ်နေတဲ့ လက္ခဏာကိုကြည့်ပြီး သူဟာ ဦးခေါင်းခွံအတွင်း သွေးယိုစိမ့်မှု ဖြစ်နေတယ်လို့





ပြောကြတယ်ဗျာ။ ကျွန်တော်က ကျွန်တော့် သူငယ်ချင်းကို မင်း ဒါမျိုးရောဂါ ဖြစ်ရမယ်လို့ တမင် ကြိုပြောပေးလိုက်သလို ဖြစ်သွားတယ်"

"မခင်ခင်လည်း Heart Attack (ဟာ့ထ်အက်တစ်ခ်)ရသွားတယ် ... သူ့မှာ မွေးရာပါ နှလုံးအားနည်းတဲ့ရောဂါ ရှိတယ်လေ ... သူက တစ်ခါမှ စိတ်ပြင်းပြင်းထန်ထန် လှုပ်ရှားတာမျိုး မဖြစ်ဘူးတော့ ဒီလို attack မျိုးလည်း တစ်ခါမှ မရဖူးဘူး ... အခု သူ့မျက်စိရှေ့မှာ သူ့ချစ်သူက ပြုတ်ကျသွားတယ် ... သတိမေ့သွားတယ် ဆိုတာတွေဖြစ်ပြီး ... စိတ်အရမ်းထိခိုက်လို့ ဟာထ်အက်တစ်ခ် ရသွားတာ ... ဒါ ပထမဦးဆုံးပါပဲတဲ့"

သတင်းကြားကြသော နှစ်ဖက်မိဘ ဆွေမျိုးမိတ်ဆွေ စသည်တို့သည် အဖြစ်အပျက်ကို အမျိုးမျိုး ဝေဖန်သုံးသပ်နေကြပါသည်။

ကာယကံရှင်နှစ်ဦးမှာ ကိုက အရင်ဆုံး သတိရသူဖြစ်သည်။ ကိုသည် သတိရရချင်း ...

"အား ... ခေါင်းကိုက်လိုက်တာဗျာ ... ခင်ရော ... ခင်ရော ... ခင့်ကို တွေ့ချင်တယ် ... ခေါ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

"သား ... သား ... မင်း၊ နေသာရဲ့လား မေမေ့ကို ပြောပါဦး။ ဘုရား ... ဘုရား ... ငါ့သားကို အသေကိုလုပ်တာပါလား ... ဒီမိန်းမဟာ တော်တော့်ကို အဆိပ်ရှိပါလား"

"မေမေ ဘာတွေ အပြစ်တင်နေတာလဲ ... ခင် ဘာမှမလုပ်ပါဘူး။ ခင့်ကို သား တွေ့ချင်တယ် မေမေ"

"မတွေ့ပါနဲ့ သားရယ် ... သူက သား မသေသေးမှန်းသိရင် ..."

"အန်တီ ... ကျွန်တော် ဆရာလုပ်တာတော့ မဟုတ်ပါဘူး၊ ကိုက တွေ့ချင်နေတာ ပေးတွေ့လိုက်ပါဗျာ ... မခင်ခင်လည်း သတိရလာပြီပဲ"

နေနိုင်သည် ကို့မိခင်ကို ဝင်၍ ဖျောင်းဖျလိုက်ရပါသည်။

"ဟင် ... ခင်ရော ... ခင် ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးကွာ ... သူ မင်းပြုတ်ကျတော့ လန့်ပြီး ခဏသတိမေ့သွားတာပါ ... အခု ပြန်ကောင်းနေပါပြီ"

"ဟုတ်လား ... တော်ပါသေးရဲ့ကွာ ... အား ... ခေါင်းထဲက ကိုက်လာပြီ ... အန်းလည်း အန်ချင်တယ်"





ကိုသည် ပြောပြောဆိုဆို ဝေါ့ခနဲ ထိုးအန်လိုက်ပြန်သည်။

အန်လိုက်ပြီးလျှင် ကိုသည် မောသလို မူးသလိုနှင့် ခဏမှေးနေလေရာ ဒေါ်မြမြဦး မျက်နှာက ပျက်လာတော့၏။

နေနိုင့်ကိုပင် ခပ်တိုးတိုးကပ်ပြောကာ ...

"သားရယ် ... မောင်နေနိုင်ရယ် ... ဆရာဝန်ကြီးကို သွားမေးပေးပါဦး။ အန်တို့သား အခြေအနေက ဘယ်လိုလဲဆိုတာ သိချင်တယ်"

ဟု မျက်ရည်လည်ရွဲနှင့် မေးလျှင် နေနိုင်သည် သူ အမှန်အတိုင်း သိပြီးထားသမျှကို ပြန်ပြောရမှာပင် သနားအားနာနေတော့၏။

"သား သိပြီးသားထင်တယ်"

ဒေါ်မြမြဦးက လှကဲခတ် တော်လှသည်။

နေနိုင် မျက်နှာ ခပ်ညှိုးညှိုးကို အကဲခတ်ရင်း မေးလိုက်ပြန်သည်။ နေနိုင်သည် မိခင်တစ်ဦးအား သားဖြစ်သူဟာ နာရီပိုင်းပဲဖြစ်ဖြစ်၊ ရက်ပိုင်းပဲဖြစ်ဖြစ် အသက်ရှင်ရဖို့မည်ဆိုတာ အဘယ်သတ္တိမျိုးဖြင့် ပြောနိုင်ပါအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် အန်တီက သားကို အတန်တန်တားတာပေါ့။ အဲဒီ မိန်းကလေးနဲ့ အဆက်အသွယ်ဖြတ်ပါလို့ ဆိုတာ။ ဟိုက ဆေးလုပ်ထားတော့ သူ့မှာ ဘာမှ မက်မောစရာမရှိတဲ့ မိန်းမကိုပဲ တမ်းတမ်းစွဲ ဖြစ်နေတယ် … ခုတော့ မိန်းမတစ်ယောက်ကြောင့် သူ့အသက်ပါ ပေးရလိုက်တော့မယ် … ဘယ်လောက် ရင်နာစရာကောင်းလဲ။ မအောက ဘယ်လိုခံနိုင်ရည်မျိုးနဲ့ ဒါကို ရင်ဆိုင်ရမလဲကွယ်"

ကိုသည် မေ့မေ့မူးမူးနှင့်ပင် "ခင် … ခင်"ဟု ယောင်ယမ်းနေသေးသည်။

နေနိုင်သည် ကို၏ အဖြစ်သနစ်ကို မျက်လုံးအရုံပင် ပြူးထွက်တော့မတတ် စိုက်ကြည့်နေမိသည်။

ကြည့်စမ်း … ငါ မခင်ခင်ကို လိမ်ပြောတဲ့အတိုင်းပဲ။ ဒီကောင် သတိမေ့ပြီး ယောင်တာတောင် "ခင်"ဖြစ်နေတယ်။

ဒါ … ဒါ … ငါ့ပါးစပ်က တမင်ရည်ရွယ်ပြီး ပြောခဲ့တာ မဟုတ်ဘဲ ဖြစ်သွားတာ။ နိမိတ်ပဲ။ နိမိတ်ဆိုတာ တကယ်ရှိတာပဲ … ဒါဆို မခင်ခင် ဟောထားတာတွေလည်း အမှန်ပဲပေါ့။





ကို ဒီကောင်ဟာ အသက်သုံးဆယ်နဲ့ လေးဆယ်ကြားမှာ အသက်ထိခိုက်နိုင်တယ်။ သက်ဆိုးမရှည်နိုင်ဘူးလို့ မခင်ခင် ဟောထားသတဲ့။ ဒါလည်း မှန်တာပဲ။

ပြီးတော့ သူတို့ လက်မထပ်ဖြစ်ဘူး။ ကွဲရမယ်။ သေကွဲကွဲရမယ်လို့ မခင်ခင် ပြောဖူးတယ်တဲ့ … ဒါလည်း အခုလိုမျိုးဆို မှန်သွားတာပဲ။ ဩော် … ဒီလိုခေတ်ကြီးထဲမှာ ဒါမျိုးပညာတွေဟာ မယုံလို့လည်း မရပါလား။

ကို နောက်တစ်ကြိမ် သတိကောင်းကောင်း ပြန်လည်လာသောအခါ နေနိုင်သည် ဘယ်သူ့ခွင့်ပြုချက်ကိုမှ စောင့်မနေတော့ဘဲ ခင်ခင့်ကို သွားခေါ်ဖို့ သူ့ဘာသာပင် ဆုံးဖြတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသည် သူ့မျက်စိတွေ ဝေဝါးနေပေမဲ့လည်း သူ့သတိရရချင်း သူ့မြင်ကွင်းရှေ့မှာ ရှိနေသည့် မသည်းမကွဲ အရိပ်ရှင်ကို ချက်ချင်း မှတ်မိလေသည်။

"ခင်"

"ခင် ရှိပါတယ် ကို ... ကို့ လက်ကို ကိုင်ထားတယ်လေ"

"ခင် ဘာမှ မဖြစ်ဘူးနော်"

"ခင် ဘာမှမဖြစ်ပါဘူး ကိုရယ် ... ခင် နေကောင်းပါတယ်"

"ကို့အနားက ဘာလို့ ထွက်ပြေးရတာလဲ ခင်ရယ်။ ခင်က ကိုနဲ့ ဘာလို့ အတူတူ မနေချင်ရတာလဲ"

"ခင် ကိုနဲ့ အတူတူနေဖို့ ဆုံးဖြတ်ပြီးပါပြီ ... ကို ဘာမှ ပြန်တွေးတော ပူပန်မနေနဲ့တော့နော် ... ခင် ကို့အနားမှာ တစ်သက်လုံး နေပါ့မယ်"





"ဝမ်းသာလိုက်တာ ခင်ရယ်။ ခင် တကယ် ပြောတာလား"

"ခင် ကတိပေးတာပါ ... ခင်က လိမ်လည်း မပြောတတ်သလို ကတိလည်း အမြဲတည်ပါတယ် ကို"

ခင်သည် ဘယ်လိုမှ စိတ်နိုင်နိုင်ထားလို့ မရတော့။ ခင်ကား အသံမထွက်ဘဲ ကျိတ်၍ ရှိုက်နေ၏။ မျက်ရည်တွေ ခင့်ပါးပြင်နှစ်ဖက်ပေါ်မှာ အလျှင်မပြတ် စီးကျနေဆဲ။

အို ... ခင် ... တစ်သက်မှာ တစ်ခါမှ ဒီလောက်တောင် မငိုခဲ့ဖူးခဲ့ပါ ကိုရယ် ...။

ကို့အတွက် ...။ ကို့ကို ပူပင်သောကတွေ ရောက်ရလို့ ...။ ခင့်ကိုယ်ခင် အပြစ်တင် ယူကျုံးမရဖြစ်ပြီး နာကျင်ဝမ်းနည်းရတာတွေ များလို့ ...။ အဲဒါတွေကြောင့် ခင်ဟာ စက္ကန့်မလပ် မျက်ရည်နဲ့ အဖော်ပြုနေရတော့တာပါ။

ခင့်ကြောင့် ကို အသက်ဆုံးရှုံးလိုက်ရတော့မယ်ဆိုတဲ့ အသိကြီးကို ခင်က ဘယ်လိုခွန်အားတွေနဲ့ ရပ်တည်ရနိုင်ပါ့မလဲ။

ကိုသည် ခင် ရောက်လာသော အချိန်တွင် သတိလစ် ယောင်ယမ်းနေဆဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကို့နှုတ်ဖျားမှ "ခင် ... ခင်"နှင့် အမြဲတစေ ယောင်ယမ်းခေါ်ငင်နေသည်ကို ကြားရတိုင်း ခင့် စိတ်ချောက်ချားရသည်။

ကိုက သတိလစ်နေတာတောင် ခင့်အမည်ကို ခေါ်ငင်နေဆဲတဲ့လေ။ ခင့်ကို ကို သည်လောက် ချစ်ရသတဲ့လား။

ကိုက သတိလစ်နေရင်းနဲ့လည်း ပါးစပ်ထဲမှ ပြန်အန်ထွက်နေလေရာ နာ့(စ်)က သုတ်သင်ရှင်းလင်းပေးနေရသည်။

"လူနာက နောက်တစ်ခါလောက် သတိလည်ချင်လည်းလည်မယ် ... မလည်ချင်လည်း မလည်တော့ဘူး။ အခုလို Coma (ကိုမာ)ရသလို အခြေအနေကြီးနဲ့ နေချင်လည်း နေနေရလိမ့်မယ် ... ဘာမှ ကျိန်းသေပြောလို့ မရဘူး ... သူ့ကုသိုလ်ကံပါပဲ"

ခင်သည် ဆရာဝန်များ၊ နာ့(စ်)များထံမှ ကြားရသော အခြေအနေကိုလည်း သိရပြီးဖြစ်ရာ ကို့မေမေ ဒေါ်မြမြဦး ဘယ်လောက် မျက်နှာထားထား ခင်ဟာ ကို့အပါးမှ တစ်ဖဝါးမှ မခွာချင်တော့ပါ။ ခင့်ကြောင့် ကိုသေဆုံးရသည်ရယ်လို့ စိတ်ထဲမှာ စွဲနေလေရာ ကို အသက်သေဆုံးချိန်တွင် ခင်ဟာ ကို့အနားမှာ နေပေးဖို့ အသင့်ဆုံး လူသား ဖြစ်ရမည်။





ကိုရယ် ... ခင်မြင်ထားသမျှ၊ ကြုံသိထားသမျှတွေကို ကို မယုံခဲ့ဘူးနော်။ ခုတော့ အဲဒီလို တကယ်ဖြစ်လာပြီး ကိုရဲ့။

ခင်တို့ သေကွဲ မကွဲချင်ပဲ ကွဲရတော့မှာ။ ဒါပေမဲ့ ခင့်ကြောင့် ကို သေရမယ်လို့ ခင် ကြိုကြိုမြင်နေပါရက်နဲ့ ဘာကြောင့် ခင် ဒါကို မဖျက်ဆီးပစ်နိုင်ခဲ့ပါလိမ့်။

"ခင် ဘာတွေတွေးနေလဲ"

ကိုသည် အကြာကြီးမှိန်းသွားရာမှ တစ်ခါပြန်၍ စကားပြောလာနိုင်ပြန်သည်။

ကိုဟာ စကားပြောရဖို့ကို တော်တော်ကြီးပင် အားယူနေရသော အဆင့်မှာ ဖြစ်နေလေပြီ။

"ခင်နဲ့ ကို့အကြောင်းတွေးနေတာ"

"ကို ... နေကောင်းရင် လက်ထပ်ကြမယ်နော်"

"လက်ထပ်ပါ့မယ်"

"မေမေ့ကို သဘောတူပေးဖို့ ကို ပြောပါ့မယ်။ ခင့်ကို ဘယ်တော့မှ စိတ်မဆင်းရဲရစေချင်ဘူး ... ခင့်ကို တစ်သက်လုံး စိတ်ချမ်းသာ စေချင်တာ ... ပြီးတော့ ကို့အနားမှာ ရှိစေချင်တယ် ..."

"စိတ်ချပါ ... ခင် ... ကို့အနားမှာ ရှိပါ့မယ်"

"ခေါင်းထဲက အရမ်းကိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... နေဦး ... ခင် နာ့(စ်)ကို ပြောလိုက်ဦးမယ်"

ကိုသည် ခေါင်းကိုက်လာသည်ဆိုကာ မျက်စိကို ပြန်မှိတ်ထားလိုက်တော့သည်။

ခင်သည် ဆရာဝန်ရောက်လာပြီး ကို့ကို သေချာစွာ စမ်းသပ်စစ်ဆေးကာ ဆေးထိုးပေးသည်ကို တိတ်ဆိတ်စွာ ထိုင်ငေးနေသော်ငြား ခင်က ကို့ကို မေတ္တာပို့ပေးနေခဲ့တာ ဖြစ်သည်။

ပြီးတော့ ... ကို့အနားတွင်ထိုင်ကာ ပရိတ်ရွတ်ပေးခြင်း၊ ဘုရားစာ ဆိုပေးခြင်းများကို ခပ်တိုးတိုး အသံဖြင့် ပြုလုပ်ပေးနေခဲ့ပါသည်။

ထိုအချိန်ကစပြီး ကိုဟာ တစ်ချက်မှပင် သတိပြန်မလည်လာတော့ပါ။

ပြီးတော့ ... နှုတ်ဖျားမှ "ခင်"ဟူသော ယောင်ယမ်းတမ်းတမှုအသံကိုပင်မှ မပြုတော့ပါ။ အသက်ရှူစက်မှ ထွက်သောအသံရှူသံမှအပ ဒီအခန်းထဲတွင် ကိုဟူသော လူသားတစ်ယောက် အသက်ရှိ မရှိကို ဘာနဲ့မှ သက်သေပြလို့ မရတော့ချေ။

အဲဒီလို အခြေအနေ၏ နှစ်ရက်မြောက်နေ့တွင် ကိုသည် သူချစ်သော ခင်နှင့် သူ၏ လောကကြီး တစ်ခုလုံးကို ထားရစ်ခဲ့တော့သည်။






# အပိုင်း(၄)

www.burmeseclassic.com

www.burmeseclassic.com









ခင်ခင်သည် ထိုနေ့ ထိုရက်ကစပြီး ဗေဒင်အကြား အမြင်လက္ခဏာဟောသော အလုပ်ကို စွန့်လွှတ်ပစ်လိုက်လေသည်။

ကို ဆုံးပြီးသောအခါ ရောဂါမယ်မယ်ရရ ရှာမတွေ့ ပါဘဲ ခင်ခင်ဟာ တရှောင်ရှောင် ဖြစ်နေသည်။ ချူချာလာသည်။ အိပ်ရာထဲ ဗုန်းဗုန်းလဲသည့်အဆင့် မဟုတ်သော်လည်း တစ်ရက်မှ နေကောင်းသည့်ရက် မရှိ။

"မွေးရာပါ နှလုံးအားနည်းတဲ့ အခံကလည်းရှိတော့ … အခုလို စိတ်ဆင်းရဲတာတွေ စုပြုံခံစားလာရတဲ့အခါမှာ သူ့နှလုံးက မခံနိုင်တော့ဘူးလေ … ဒါကြောင့် နှလုံးရောဂါ ဖြစ်နေပြီပေါ့"

ဟု သူမ၏ မိဘမောင်နှမများက ဝေဖန်ချက်အမျိုးမျိုး ပေး …။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ရက်ပေါင်း လပေါင်းများစွာ သက်သတ်လွတ် စားလာပြီပဲကွယ် … အခုလို အားနည်းပြီး နေသိပ်မကောင်းတဲ့ အချိန်မှာ အသားပြန်စားသင့်ရင်လည်း စားပါ သမီးရယ်"

မိခင်က ကြက်စွပ်ပြုတ် စသဖြင့် ကျွေးချင်သဖြင့် ဖျောင်းဖျလည်းမရ။ ခင်ခင်က မထင်မှတ်စရာကောင်းလောက်အောင် ခေါင်းမာနေပြန်ပါသည်။

"သူများအသက်ကို စားရမှ သမီးအသက် ဆက်ရမယ်ဆိုရင် နေပါစေတော့ မေမေရယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ။ ကိုယ်က ရည်ရွယ်ချက်ကြီးနဲ့ စားတာမှ မဟုတ်တာ"

"နေပါစေတော့ မေမေရယ်။ သမီး ကံရှိသရွေ့ နေရသလောက် နေနေတယ်လို့ ကိုယ့်ကိုယ်ကိုယ် လက်ခံထားပါတယ်။ လှူပြီးထားတဲ့ အရာတစ်ခုကို ပြန်ရုပ်သိမ်းလို့ မကောင်းပါဘူး။ သမီး သူများအသက်ကို မစားပါဘူးလို့ လှူထားပြီး ကတိပေးပြီးသားကို မဖျက်တော့ပါဘူး"

ခင်ခင်သည် ဒီတော့မှ မလိုအပ်သော နေရာတွေမှာ အယူသီးလျက် ခေါင်းမာတတ်သူဟူ၍ သတ်မှတ်ခံရတော့သည်။





ခင်ခင်သည် နှလုံးရောဂါအခံအဖြင့် အင်မတန်မှ …ချာနေလည်းပဲ ဥပုသ်ရက် မနက်တိုင်း ရွှေတိဂုံဘုရားကို …တောင်ဘက်မုခ် လှေကားမှတစ်ဆင့် ခြေကျင်တက်၍ ပုတီးစိပ် …ခြင်း အမှုကိုလည်း ဘယ်တော့မှ မဖျက်ပြန်။

ပြီးလျှင် … သူမတစ်ဦးတည်းပင် ကိုနှင့် ရောက်ခဲ့ …းသော ဆိုင်တွေမှာ သွားထိုင်ပြီး နံနက်စာကို မယ်မယ်ရရ စား…သည်မရှိပါဘဲ ကော်ဖီတစ်ချိုးတည်းကိုသာ သောက်ချင်သောက် …လျက် အိမ်ပြန်သည်။

တစ်ခါတစ်ရံတော့ အရင်ကလိုပင် ဈေးဝယ်စရာရှိ…လျှင် ဝင်ဝယ်ပြီးမှ အိမ်ပြန်သည်။ ဥပုသ်လည်းရအောင် စောင့်…သေးသည်။

အိမ်ကလူတွေကတော့ ခင်ခင့်ကို ဘယ်လိုမှ ပြော…လို့မရ၊ ဖျောင်းဖျလို့မရတော့သည်ဖြစ်ရာ လက်လျှော့ထားလိုက်…ပြီး ခင်ခင် လုပ်သမျှကို မတားမြစ်တော့ပေ။

ခင်ခင်ဟာ သူမကိုယ်သူမ အမြဲအပြစ်ရှိသလို ခံစား…ရလျက် ညအိပ်ရာဝင်ချိန်တိုင်းမှာ …

"ငါဟာ သူများအသက်သတ်မှ ငါ စားမဲ့အစာ ဖြစ်မှာစိုးလို့ ဆိုပြီး သက်သတ်လွတ် စားခဲ့တယ်။ ဒါပေမဲ့ ငါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကျတော့ လူတစ်ယောက်ရဲ့ အသက်ကို သတ်ခဲ့မိပါလား ...

ပြီးတော့ ငါသတ်ခဲ့တဲ့လူဟာ ငါသိပ်ချစ်ရတဲ့ချစ်သူ ဖြစ်နေခဲ့ပါလား ... ငါ့မှာ သိပ်အပြစ်ရှိတယ် ... အဲဒီအပြစ်ကြောင့် ငါ ဘယ်တော့မှ လိပ်ပြာမလုံနိုင်တော့ဘူး"

ဟူ၍ တွေးကာ တွေးကာနဲ့ အိပ်လို့လည်း ပျော်နိုင်။

ဖျတ်ခနဲ အိပ်မောကျပြန်ရင်လည်း အိပ်မက်ထဲမှာ ကိုနဲ့ စကားတွေပြောလျက် ...။

"ခင့်ကြောင့် ကိုသေရတာပါ ...။ ခင်က ကို့ကို သတ်လိုက်မိတယ်"

ဟူ၍ ခင်ခင်ဟာ အိပ်မက်တိုင်းမှာ ဝန်ခံနေတတ်သည်။

ကိုကတော့ ခင်ခင့်ကို ...

"ကိုနဲ့ အတူတူ အမြဲမခွဲဘဲ နေမယ်ဆို ခင်။ ဘာကြောင့် ကိုနဲ့ လာမနေသေးတာလဲ"

ဟူ၍ အိပ်မက်တိုင်းမှာ အမြဲတစေ မေးမြန်းနေတတ်သည်။





"ခင်က ကတိတည်ပါတယ်"

ခင်ခင်သည် အဲဒီလို ပြန်ပြောပြီးတိုင်း အိပ်မက်မှ လန့်နိုးရစမြဲ ဖြစ်ပြန်။

အိပ်မက်ထဲမှာတင်မက အပြင်မှာပါ ခင်ခင်ဟာ ခပ်တိုးတိုး ရေရွတ်မိသလိုလိုဖြစ်ပြီး နိုးထလာခဲ့ပေါင်းလည်း မနည်းတော့။

ခင်ခင်ဟာ ကို သေဆုံးပြီး သုံးလအကြာမှာ တကယ်ပင် အိပ်ရာထဲ ဗုန်းဗုန်းလဲရတော့လေသည်။

"တစ်နေ့ကျ အဲဒီလို ဖြစ်လာခဲ့တော့လည်း ခင် ရှောင်ခဲ့တာပါပဲ ...

ဒါပေမဲ့ မရပါဘူး။ တစ်နေ့ ဒါ ဖြစ်ရမယ်ဆိုရင် ဖြစ်ကို ဖြစ်တော့တာပါပဲလေ ... ဘယ်လိုမှ ရှောင်လွှဲလို့ မရခဲ့ပါဘူး"

ထိုသောအခါ အကျိုးအကြောင်း သိကြရသော သူမ၏ မိသားစုတွေမှာ မျက်ရည်ကျကြ၊ အံ့သြကြနှင့် ... အဲဒီက လွဲရင် သူတို့လည်း ဘာမှ မတတ်နိုင်ကြပါ။

ခင်ခင် ဆိုတာက မွေးရာပါ စိတ်စွမ်းအင်တစ်မျိုးကို ပိုင်ဆိုင်ထားခဲ့ပြီး ဒီလိုစကားမျိုးလိုလို နိမိတ်ပြစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောလာခဲ့တာ ... ခင်ခင့် တစ်သက် ရှိပြီဖြစ်လေရာ ခင်ခင် စကားကို ဘယ်သူကမှ မဖြစ်နိုင်ပါဘူးဟု ငြင်းမည့်သူ မရှိကြ

ထူးဆန်းသည်မှာ ခင်ခင် ကွယ်လွန်သော နေ့သည် ကား ... ကို သေဆုံးပြီး ခြောက်လတိတိ ကြာမြင့်သော နေ့ ဖြစ်နေခဲ့ပြန်သည်။

သူတို့နှစ်ဦးရဲ့ အကြောင်းကို သိနေခဲ့ကြသော လူ အသိုက်အဝန်း တစ်ခုအတွင်းမှာတော့ ဒီအဖြစ်အပျက်ဟာ ပုံပြင် တစ်ပုဒ်လိုပဲ ဖြစ်ကျန်ခဲ့တော့၏။





# ပုံပြင်တစ်ပုဒ်ရဲ့


# သက်သေ



www.burmeseclassic.com

www.burmeseclassic.com










# နိဂုံးအပိုင်း(က)



www.burmeseclassic.com

www.burmeseclassic.com









သူတို့နှစ်ဦးကို ယှဉ်တွဲရက် မြင်နိုင်သည်မှာ သူတို့အမည် တပ်ဆင်ထားသော အုတ်ဂူလေးနှစ်လုံးကို ယှဉ်ရက်ထားသောကြောင့် ဖြစ်ပါသည်။

ခင်ခင်၏ ဆန္ဒအရ ကို့ရဲ့ ဂူနံဘေးမှာပင် သူမ၏ဂူကို ထားပေးကြသည်။ သူတို့နဲ့ ရင်းနှီးသော မိတ်ဆွေတွေက သူတို့နှစ်ဦး၏ ဂူနှစ်လုံးကို သွားကြည့်ရှု စစ်ဆေးတိုင်း ... စစ်ဆေးပြီး ပြန်လာတိုင်း "ရင်ထဲမှာ တစ်မျိုးကြီး ခံစားလာရတယ်" ဟူ၍ တသမတ်တည်း မှတ်ချက်ချ ခံရပါသည်။

သူတို့ရဲ့ ဝိညာဉ်တွေ ရှိချင်ရှိမည်၊ ရှိကောင်းရှိမည့် အဲဒီနေရာကလေးဟာ အကြောင်းအရာတစ်ခု၊ အဖြစ်အပျက်တစ်ခုရဲ့ သက်သေလိုပဲ ထင်မှတ်ရစေသည်။

အထူးသဖြင့် ပုံပြင်ဆန်လှသော ဖြစ်စဉ်ကလေးတစ်ခုရဲ့ သက်သေပဲ ဖြစ်ပါမည်။



www.burmeseclassic.com








# နိဂုံးအပိုင်း(ခ)

www.burmeseclassic.com









ကျွန်မ ထိုနေရာသို့ ရောက်သွားသောအခါ အုတ်ဂူလေးနှစ်လုံးမှာ သီးသန့်ဆန်လျက် ရှင်းလင်းသပ်ရပ်နေကာ ပတ်လည်မှာ မွှေးသောပန်းပေါင်းစုံတို့၏ အပင်များလည်း စိုက်ထားတာ တွေ့ရသည်။

ကျွန်မက အမည်လေးနှစ်ခုကို သေချာစွာဖတ်ရင်း အဲဒီပုံပြင်ကို ပြန်စဉ်းစားလို့ ကောင်းနေပြန်သည်။

ကြားမူးသော ပုံပြင်တစ်ပုဒ်ရဲ့ သက်သေကိုတော့ တွေ့ရပြီ။

ကျွန်မက တွေ့ရှိရ ရည်ရွယ်ချက်နဲ့ လာခဲ့သူမို့ သူတို့ကို လေးစားသော အနေနှင့် ကျွန်မ အသင့်ယူလာသော ကျွန်မလက်ရာ ပန်းခြင်းလေးတစ်ခုအား သူတို့အုတ်ဂူနှစ်ခု၏ ရှေ့မှာ ချထားလိုက်သည်။

"ကိုခွဲခင်းနှင့်အတွက်"




www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးထားသော စာသားလေးကို သူတို့ နှစ်သက်ကြမယ် ထင်ပါရဲ့။

ကျွန်မ ထွက်ခွာလာခဲ့သောအခါ သစ်ရွက်လေတိုးသံ သဲ့သဲ့ဟာ ရှိုက်ငင်သံနဲ့များ တူနေသလားရယ်လို့ တွေးတော တွေးမိသား။



ရှင်မိုး

(ဆေးတက္ကသိုလ်)

15th June , Saturday



BURMESE CLASSIC

www.burmeseclassic.com